ကြေးမုံ
The Mirror
၁၉၅၇ ခုနှစ် ဒီ ၁၆ တွင် စတင်ထုတ်ဝေသည်
Established in 1957
၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်၊ တနင်္ဂနွေနေ့၊ (12-10-2014) (၇၉၉၁)

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ရန်တို့သည် ဘယ်အခါမျှ မငြိမ်းနိုင်ကုန်။ ရန်တို့မမူခြင်းဖြင့်သာလျှင် ရန်ငြိမ်းနိုင်ကုန်၏။

ဤတရားသဘောကား လောကစဉ်လာဓမ္မတာဖြစ်ပေ၏။

(ဓမ္မပဒ)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စပိန်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် အောက်တိုဘာ ၁၂**

အောက်တိုဘာ ၁၂ ရက်တွင် ကျရောက်သော စပိန်နိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ စပိန်နိုင်ငံဘုရင် ဆဋ္ဌမဖြောက် ဖီလစ်ပီထံသို့လည်းကောင်း၊ စပိန်နိုင်ငံ အစိုးရအဖွဲ့အကြီးအကဲ မစ္စတာ မာရီရာနိုရာဂျိုင်း ဘရေးထံသို့လည်းကောင်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

# အင်းလေးဖောင်တော်ဦးဘုရား ရတနာစံကျောင်းတော်ဝင်ပွဲ ကျင်းပ

**ညောင်ရွှေ အောက်တိုဘာ ၁၁**

နှစ်စဉ် သီတင်းကျွတ်လဆန်း ၁ ရက်မှ လပြည့်ကျော် ၃ ရက်အထိ ၁၈ ရက်တိုင်တိုင် အင်းလေးဒေသ ၂၁ ဌာနသို့ ဒေသစာရီလှည့်လည်ကြွချီပူဇော်ခံခဲ့သော အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များသည် အောက်တိုဘာ ၁၁ ရက် နံနက် ၈ နာရီတွင် ရေသာကျေးရွာ စံကျောင်းတော်မှ ထာဝရသီတင်းသုံးရာ ရတနာစံကျောင်းတော်သို့ ပြန်လည်ကြွချီပူဇော်ခံခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ဖောင်တော်ဦးဘုရားရုပ်ရှင်တော်မြတ်များ ပင့်ဆောင်လာခဲ့သော ကရဝိက်ဖောင်တော်သည် နံနက် ၈ နာရီ ၄၅ မိနစ်တွင် ရတနာစံကျောင်းတော်ရှေ့သို့ ရောက်ရှိလာရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် တာဝန်ရှိသူများက စံကျောင်းတော်ပေါ်သို့ ပင့်ဆောင်ပူဇော်ကြသည်။ ထို့နောက် ဖောင်တော်ဦးရုပ်ရှင်တော်မြတ်များကို ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းနှင့် ရွှေသက်န်းများ ဆက်ကပ်လှူဒါန်းပူဇော်ခဲ့သည်။

ဆက်လက်၍ စံကျောင်းတော်ဝင်ပွဲ အထိမ်းအမှတ် အင်းသားရိုးရာ လှေပြိုင်ပွဲကိုကျင်းပရာ အမျိုးသားရာကျော်လှေပြိုင်ပွဲတွင် ရွာကြီးရှေ့ အသင်းက ပထမ၊ ရွှေပြည်သာအသင်းက **စာမျက်နှာ ၃ ကော်လံ ၃ သို့**


သတင်း – နေမျိုးသူရိန်
ဓာတ်ပုံ – မောင်မောင်သန်း(တောင်ကြီး)

# လေယာဉ်ဖြင့် မြန်မာ့ရေမြေတောတောင်သဘာဝရှုခင်းများ လေ့လာနိုင်မည့်ခရီးစဉ်များ စတင်ပျံသန်းပြေးဆွဲမည်


မြန်မာ့လေကြောင်းမှ လေယာဉ်ငယ်တစ်စင်းကိုတွေ့ရစဉ်။

**မန္တလေး အောက်တိုဘာ ၁၁**

ယခုအချိန်သည် နိုင်ငံခြားခရီးသွားဧည့်သည်များ အများအပြားဝင်ရောက်သည့် ခရီးသွားရာသီဖြစ်သောကြောင့် မြန်မာ့လေကြောင်း မန္တလေးဌာနခွဲအနေဖြင့် Sight-Seeing ခရီးစဉ်များကို အောက်တိုဘာ ၁၂ ရက်မှ စတင်ကာ ချမ်းမြသာစည်လေဆိပ်မှ ပြေးဆွဲပျံသန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အခုလိုပြေးဆွဲရတဲ့ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့နိုင်ငံရဲ့ ရေမြေတောတောင် သဘာဝရှုခင်းတွေနဲ့ နေဝင်ဆည်းဆာချိန် အလှအပတွေကို ခရီးစဉ်မှာ လိုက်ပါလာတဲ့ ပြည်တွင်း ပြည်ပခရီးသွားတွေအားလုံး အပြည့်အဝခံစားကြည့်ရှုနိုင်ပြီး ကျေနပ်ပီတိတွေရရှိစေဖို့ အခုလိုစီစဉ်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ လေယာဉ်တစ်စင်းမှာ လူ ၁၀ ဦးစီးနိုင်မယ့် Grand Caravan လေယာဉ်နဲ့ ပြေးဆွဲပေးမှာပါ။ စင်းလုံးငှားခရီးစဉ်တွေအတွက် တစ်နာရီကို ငွေကျပ် ၇၅၀၀၀၀ ပေးရပေမယ့် ဒီခရီးစဉ်မှာ တစ်ဦးချင်းအနေနဲ့ လိုက်ပါမယ်ဆိုရင်တော့ ဈေးနှုန်းကသက်သာသွားမှာပါ၊ Sight-Seeing ခရီးစဉ်တွေအတွက် လေယာဉ်လက်မှတ်ဝယ်ယူတဲ့အခါ ဖုန်းနဲ့ကြိုတင်လက်မှတ်ဝယ်ယူနိုင်အောင်လည်း ဆောင်ရွက်ထားပါတယ်"ဟု မြန်မာ့လေကြောင်း မန္တလေးဌာနခွဲ မန်နေဂျာက ပြောကြားသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖



ကြေးမုံစာတည်းရှုထောင့် ၁၂-၁၀-၂၀၁၄၊ တနင်္ဂနွေနေ့

# ဖောက်ပြန်ရာသီဥတုများနှင့်အတူ

ယခုရက်ပိုင်းတွင် မုန်တိုင်းသတင်းများဖတ်နေရသည်။ ဂျပန်တောင်ပိုင်းမှာ တစ်နာရီ မိုင် ၁၂၀ နှုန်းဖြင့် တိုင်ဖွန်းဖန်ဖုန်း မုန်တိုင်းဝင်မွှေခဲ့သည်။ မုန်တိုင်းနှင့်အတူ မိုးသည်းထန်စွာရွာသွန်းမှုက တစ်ပူပေါ်နှစ်ပူဆင့်ခဲ့ရသည်။ ထို့ကြောင့် မြစ်ချောင်းများ ရေလျှံ၊ မြေပြိုခြင်းများက နောက်ဆက်တွဲပါလာခဲ့သည်။ ဂျပန်နိုင်ငံအတွက် ယခုနှစ်ရာသီ၏ (၁၈) ကြိမ်မြောက် မုန်တိုင်းဖြစ်သည်။ မကြာသေးမီ ရက်ပိုင်းအတွင်းကလည်း မမျှော်လင့်ဘဲ မီးတောင်ပေါက်ကွဲမှုနှင့် ကြုံတွေ့ခဲ့ရသည်။ ယခုတစ်ဖန် မုန်တိုင်းဝင်မွှေသည့်သဘာဝဘေးဒဏ်ခံနေကြရသည်။ မုန်တိုင်းနှင့်အတူ ပါလာသော ရေလှိုင်းကို နောက်ခံထားကာ အလှဓာတ်ပုံရိုက်သူသုံးဦးဘဝ မလှမပဖြစ်သွားရသည့်သတင်းကိုလည်း ဖတ်လိုက်ရသေးသည်။

ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင်လည်း အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းကြီးဖြစ်ပေါ်လျက်ရှိသည်။ သို့သော် မြန်မာ့ကမ်းရိုးတန်းသို့ ဦးတည်ရွေ့လျားခြင်းမရှိသည့်အတွက် အဝါရောင်အဆင့်သာ သတိမှတ်ပေးထားကြောင်း သိရသည်။

မုန်တိုင်းလမ်းကြောင်းမှ လွတ်ကင်းနိုင်ငြားလည်း ထိုမုန်တိုင်း၏အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မိုးသက်လေပြင်းကျရောက်ခြင်း၊ လှိုင်းကြီးခြင်းအပြင် ရေပြင်၊ မြေပြင်လေ တစ်နာရီမိုင် ၄၀ အထိ တိုက်ခတ်နိုင်ကြောင်း သိရသည်။ မိမိတို့၏ မုတ်သုံလေ နောက်ဆုံးနှုတ်ဆက်ထွက်ခွာခြင်းဟု ဆိုရမည်။

မုန်တိုင်းများသည် တစ်ချိန်က ရာသီအလိုက်ဖြစ်ပေါ်တတ်သော်လည်း ယခုအခါ ရာသီမရွေးဖြစ်ပေါ်လာနေသည်ကို သတိထားတွေ့လာနေရသည်။ ယခု ဂျပန်တွင်ဝင်မွှေနေသော မုန်တိုင်းဆိုလျှင်လည်း ယခုနှစ်ရာသီ၏ ၁၈ ကြိမ်မြောက်ဟု သိရသည်။ မုန်တိုင်းတိုက်ခတ်မှု စိပ်လာခြင်းပင် ဖြစ်သည်။

မုန်တိုင်းအခြေပြုရာ ရပ်ဝန်းများသည် အေးမြကြည်လင်သည့် ပင်လယ်ပြင်အရပ်၊ နီးစပ်ရာကမ်းရိုးတန်းဒေသများကို ဝင်မွှေဒုက္ခပေးတတ်စမြဲ။ အထူးသဖြင့် မိမိတို့နိုင်ငံအပါအဝင်၊ တောင်အာရှဒေသ၊ အရှေ့တောင်အာရှဒေသများသည် ကျွန်းနိုင်ငံများ၊ ကမ်းရိုးတန်းနိုင်ငံများဖြစ်နေကြသည်။ တစ်ဖက်မှာ ထိုကမ်းရိုးတန်းဒေသများတွင် လူနေထူထပ်သော မြို့ကြီးပြကြီးများဖြစ်ထွန်းလျက်ရှိနေရာ မုန်တိုင်းကြောင့် သေကျေပျက်စီးမှုအများဆုံးဖြစ်ကြရသည်။

မုန်တိုင်း၏ သဘာဝမှာတစ်ခုတည်းမလာတတ်။ ပင်လယ်ဒီလှိုင်းများ၊ မိုးများကို အဖော်တွဲခေါ်လာတတ်သည်။ မုန်တိုင်းကြောင့် အထိနာရသလို ပင်လယ်ရေလှိုင်းဖုံးလွှမ်းမှုကြောင့်၊ မိုးသည်းထန်မှုကြောင့် ရေကြီး၊ မြေပြိုကာ ပို၍ ဒုက္ခမျိုးစုံကြုံလာရသည်။ မုန်တိုင်း၏ နောက်ဆက်တွဲအကျိုးဆက်များပင်။

မုန်တိုင်းများ ပို၍ဖြစ်လာရခြင်းကို သတ္တုချဆန်းစစ်လေ့လာကြည့်လျှင် ဖန်လုံအိမ်အာနိသင် အကျိုးဆက်သက်ရောက်မှုကို တွေ့လာသည်။ ကမ္ဘာ့ရေထုသည် ကမ္ဘာ့လေထု၊ မြေထုတို့ကဲ့သို့ အပူလွန်ကဲလာနေသည်။ ဤသည်ပင် မုန်တိုင်းများဖြစ်ပေါ်မှုများလာရခြင်း အကြောင်းရင်းဖြစ်သည်။ ရေထုတွင် အပူရှိန်ပါဝင်မှုများလေလေ မုန်တိုင်းဖြစ်ပေါ်မှုများလေလေပင် ဖြစ်သည်။

ယနေ့ ကမ္ဘာတွင် နေမှ ခရမ်းလွန်ရောင်ခြည်ဝင်ရောက်လာနေမှုသည်လည်း ရုပ်ကြွင်းလောင်စာများကို အလွန်အကျွံသုံးစွဲမှုများနှင့် တိုက်ရိုက်သက်ဆိုင်နေသည်။ ထို့ကြောင့် ကမ္ဘာ့မြေအရေးရတက်မအေးကြသော အသိပညာရှင်များက ဖန်လုံအိမ်အရေး အလေးထားဆွေးနွေးလာကြရသည်။ ရုပ်ကြွင်းလောင်စာအစား နည်းပညာပြောင်းလဲအသုံးပြုနိုင်ရေး ကြိုးစားလေ့လာနေကြသည်။ တစ်ဖက်မှာလည်း ကမ္ဘာ့စက်မှုနိုင်ငံကြီး၏ ကာဗွန်အလွန်အကျွံထုတ်လွှတ်နိုင်မှုကို အပြိုင်အဆိုင်လျှော့ချပေးလာနိုင်ရန် နည်းလမ်းရှာဖွေကာ တိုက်တွန်းလှုံ့ဆော်မှုပြုနေကြသည်။

မည်သို့ဆိုစေ၊ ဤအကျိုးပြုလုပ်ဆောင်ချက်များ လတ်တလောဖြစ်လာနိုင်ခြေမရှိသေးပါ။ အချိန်ကာလတစ်ခုကို ဖြတ်သန်းကြရဦးမည်။ ထိုကာလများအတွင်း ကြုံတွေ့လာကြရမည့် ရာသီဥတုဖောက်ပြန်မှုဒဏ်ကို ရင်ဆိုင်ကြံ့ကြံ့ခံနိုင်ဖို့သာ အစဉ်သတိနှင့် မိမိတို့ အစဉ်အသင့်ရှိနေကြရဦးမည်သာ။ ဖောက်ပြန်ရာသီဥတုများနှင့်အတူ မိမိတို့လိုက်လျောညီထွေ နေထိုင်တတ်ဖို့ လေ့လာသင်ယူနေကြရမည်သာ။ ။

# ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်း အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မှတ်တမ်းဓာတ်ပုံပြခန်းများကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၁**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မှတ်တမ်းဓာတ်ပုံပြခန်းအား နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း Social Zone ၌ ဖွင့်လှစ်နိုင်ရေးပြင်ဆင်ထားရှိမှုများအား အောက်တိုဘာ ၉ ရက် နံနက် ၉ နာရီက မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် အောင်နိုင်ရေးကြိုတင်ပြင်ဆင်မှုပြခန်းအား ဆက်လက်ကြည့်ရှုပြီး ပြခန်းတစ်ခုချင်းစီအလိုက် ဓာတ်ပုံများထားရှိမှုမှတ်တမ်းစသည့် CD များဖြင့်ပြုစုထားရန်၊ ဓာတ်ပုံနံပါတ်တပ်ဆင်ထားရှိရန်၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏အထိမ်းအမှတ်အဖြစ် ဝတ္ထုတို၊ ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိကြသော ဝတ္ထုတို၊ ဆောင်းပါးများ အမှတ်တရဂုဏ်ပြုသီချင်းခွေများအား ထပ်မံဖွင့်လှစ်မည့် မော်ကွန်းတိုက်တွင် ပြသထားရှိရေး၊ ပြိုင်ပွဲကျင်းပရေးဆိုင်ရာကော်မတီများ၏ ဆောင်ရွက်ချက်အစီရင်ခံစာများ ထပ်မံဖြည့်စွက်ထားရှိရေး၊ ပြိုင်ပွဲတွင် ဖွင့်ပွဲအခမ်းအနားများ၌ နိုင်ငံတော်အကြီးအကဲများ၊ ဧည့်သည်တော်များ၊ ပြိုင်ပွဲလာရောက်ယှဉ်ပြိုင်ကြသည့် နိုင်ငံတကာအသီးသီးမှ အားကစားအဖွဲ့ခေါင်းဆောင်များ အားကစားသမားများ၏ လက်မှတ်ရေးထိုးထားသော ကြော်ငြာ Notebook အား မူရင်းအတိုင်း ပြခန်း၌ထားရှိနိုင်ရေးနှင့် ဓာတ်ပုံမှတ်တမ်းဖြင့် ပြသနိုင်ရေးတို့အား စီစဉ်ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် အားကစားပြိုင်ပွဲတွင် နိုင်ငံတော်အတွက် ရွှေတံဆိပ်ဆုရအောင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် အားကစားသမားများနှင့် အားကစားနည်းအလိုက် ပြိုင်ပွဲကို အောင်မြင်စွာ ကျင်းပမှုမှတ်တမ်းပြခန်းအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် စပိန်နိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၁၂**

အောက်တိုဘာ ၁၂ ရက်တွင် ကျရောက်သော စပိန်နိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ စပိန်နိုင်ငံ နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ဟိုဆေး မန်နူရယ် ဂါစီရာ-မာဂါလို ဝိုင်မာဖေးလ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

**(သတင်းစဉ်)**

# သက်ကြီးစာပေပညာရှင်များအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၁**

မဟာသရေစည်သူ ဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့ [စာရေးဆရာမ-မလေး(မုံရွာ)]နှင့် သားသမီးမြေးများက မြန်မာနိုင်ငံစာရေးဆရာအသင်းမှ နှစ်စဉ်ကျင်းပလျက်ရှိသော သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် ငွေကျပ် ၁၀ သိန်းလှူဒါန်းရာ အလှူရှင်များကိုယ်စား မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ(၂) (ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ) ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က အသင်းဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)ထံသို့ အောက်တိုဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် ပေးအပ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၂-၁၀-၂၀၁၄ (တနင်္ဂနွေနေ့)

| | |
|---|---|
| ၆း၄၅ | ဆေးဖက်ဝင် ဝင်ငွေတိုး “ဝ” ဥပင်ကိုပျိုး |
| ၇း၂၀ | မြန်မာ့ရုပ်မြင်သံကြားလူငယ်အစီအစဉ် |
| ၈း၃၀ | ချစ်သော၍ကမ္ဘာမြေ |
| ၈း၄၅ | ယဉ်ကျေးလိမ္မာ (၃၈)ဖြာ မင်္ဂလာ (သရက်ပင်နှင့် ခွေးတောက်ပင်) |
| ၉း၄၅ | လှပစုံလင် အာဆီယံတစ်ခွင် |
| ၁၀း၅၀ | "SMART"ဖုန်းနှင့် သက်ဆိုင်သော ပညာပေး |
| ၁၁း၀၀ | ဂီတတံခါးလေးဖွင့်ပါဦး |
| ၁၂း၄၅ | ဖြူမည်းရုပ်ရှင်“ချစ်ရေစင်” (မောင်တင်မောင်၊ မေရှင်) (ဒါရိုက်တာ-မောင်တင်မောင်) |
| ၃း၀၀ | ပြည်တွင်းသတင်း |
| ၃း၁၅ | ဖြူမည်းရုပ်ရှင် “ချစ်ရေစင်” (မောင်တင်မောင်၊ မေရှင်) (ဒါရိုက်တာ-မောင်တင်မောင်) |
| ၄း၄၅ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(စိတ်ပညာအထူးပြု) (စိတ်ပညာ) |
| ၆း၃၀ | တန်ဖိုးထားထိန်းသိမ်းပါ အစဉ်လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ် (အပိုင်း-၃) (လန်ပိကျွန်းစုဆီသို့) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၈း၃၅ | မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ |









# မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ပုသိမ်မြို့၌ ရှင်းလင်း

**နေပြည်တော် အောက်တိုဘာ ၁၁**

နိုင်ငံတော်က လက်ရှိဆောင်ရွက်လျက်ရှိသော အခြေအနေများအား ရှင်းလင်းခြင်းအခမ်းအနားကို ပုသိမ်မြို့ ဧရာရှေ့ဝါခန်းမ၌ ယနေ့နံနက် ၉ နာရီခွဲက ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မြို့နယ် (၂၆)မြို့နယ်မှ ဒေသဖွံ့ဖြိုးရေးကော်မတီများ၊ စည်ပင်သာယာရေးကော်မတီဝင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ပြည်ထောင်စုဝန်ကြီးများက ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ မြို့နယ်အလိုက် ဒေသဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌများနှင့် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌများက သက်ဆိုင်ရာမြို့နယ်အလိုက် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများတွင် လိုအပ်လျက်ရှိသည်များကို ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ပြန်လည်ဖြေရှင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၀၁၄)ပြဋ္ဌာန်း

ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၀၁၄)

**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၃။)**

**၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်**

**(၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၄)ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဍ)၏ နောက်တွင် ပုဒ်မခွဲ (ဎ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဎ) ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် ဆက်စပ်ဆောင်ရွက်သောကြွေးမြီ၊ အပ်ငွေ၊ ယာယီ စသည့် စာရင်းများဆိုင်ရာ ရငွေနှင့် ပေးငွေစာရင်းများကို စစ်ဆေးခြင်း၊ ယင်းရငွေပေးငွေများကို တာဝန်ရှိသူများက စနစ်တကျ ကြီးကြပ်မှု၊ ထိန်းချုပ်မှု၊ ကွပ်ကဲမှုရှိ မရှိစစ်ဆေးခြင်း။"

၃။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၂၆၊ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ စာရင်းစစ်ရုံးအဆင့်ဆင့်၏ လုပ်ငန်းဆောင်ရွက်ချက်များအား လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ ပုံမှန်စစ်ဆေးခြင်းနှင့် အထူးစစ်ဆေးခြင်း။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

### ❖ လေယာဉ်မှ

ယင်း Sight-Seeing ခရီးစဉ်များမှာ ချမ်းမြသာစည် - ပုဂံ/ညောင်ဦး- ချမ်းမြသာစည်၊ ချမ်းမြသာစည်- ပြင်ဦးလွင်- ဂုတ်ထိပ်-ချမ်းမြသာစည်နှင့် ချမ်းမြသာစည်-ပုဂံ/ညောင်ဦး- မုံရွာ-ချမ်းမြသာစည်တို့ဖြစ်ပြီး ယင်းခရီးစဉ်များအတွက် ပျံသန်းပြေးဆွဲချိန်မှာ နံနက် ၇ နာရီနှင့် ညနေ ၃ နာရီခွဲတို့တွင် ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကာ ခရီးစဉ်တစ်ခုလျှင် တစ်နာရီမှ တစ်နာရီခွဲအထိသာ ကြာမြင့်မည်ဖြစ်သည်။ ယင်းသို့ ပျံသန်းပြေးဆွဲရာတွင် ၁၀ ဦးစီး Grand Caravan လေယာဉ်ဖြင့် ပြေးဆွဲမည်ဖြစ်ပြီး ခရီးစဉ်တွင် မြေပြင်သို့ ဆင်းသက်ခြင်းမရှိဘဲ ဝေဟင်တွင်သာ လှည့်ပတ်ပျံသန်းပေးသွားမည့် ခရီးစဉ်ဖြစ်သည့်အတွက် ပြင်ဦးလွင်၊ ဂုတ်ထိပ်၊ ပုဂံ/ညောင်ဦး၊ မုံရွာ စသည့်ဒေသတို့၏ ရေမြေတောတောင် သဘာဝရှုခင်း အလှအပများ၊ နေထွက်ချိန်နှင့် နေဝင်ချိန် ဆည်းဆာအလှများကို အပြည့်အဝခံစားကြည့်ရှုနိုင်မည်ဖြစ်သည်။

ယင်းအပြင် မြန်မာ့လေကြောင်း မန္တလေးဌာနခွဲအနေဖြင့် မန္တလေး ချမ်းမြသာစည်လေဆိပ်မှ ညောင်ဦး၊ ဟဲဟိုး၊ ကလေး၊ ဗန်းမော်နှင့် ဟုမ္မလင်း မြို့များသို့ ၁၅ ယောက်စီး Beech Aircraft လေယာဉ်ဖြင့် ပြေးဆွဲပျံသန်းပေးလျက်ရှိကြောင်း၊ ယခု Sight-Seeing ခရီးစဉ်များအတွက် လေယာဉ်လက်မှတ်ကို အနည်းဆုံး သုံးရက်ကြိုတင်၍ မှာယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၉-၉၇၅၁၁၆၀၃၀ နှင့် ၀၉- ၇၉၇၂၂၅၄၀၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

■

### ❍ ရွှေ့ဖုံးမှ

ဒုတိယ၊ အမျိုးသား ၄၆ တက်လှေပြိုင်ပွဲတွင် ကေလာ(က)အသင်းက ပထမ၊ ဇရပ်ကြီးအသင်းက ဒုတိယ၊ အမျိုးသမီး ၂၆ တက်လှေပြိုင်ပွဲတွင် ညောင်ဝန်း(ခ)အသင်းက ပထမ၊ ညောင်ဝန်း(က)အသင်းက ဒုတိယ၊ တစ်ဦးချင်း ခြေလှော်ပြိုင်ပွဲတွင် ရွာကြီးရှေ့ရွာမှ ပထမနှင့် ရွာကြီးမြောက်ရွာမှ ဒုတိယရရှိသည်။ ခြေထောက်ဖြင့်လှော်ခတ်၍ စည်းလုံးညီညွတ်မှုကို ဖော်ကျူးပြသသော အင်းသားရိုးရာ လှေပြိုင်ပွဲကို ဘုရားဖူးလာဧည့်သည်များအပြင် ကမ္ဘာလှည့်ခရီးသွားများပါ ကမ်းလုံးညွတ်မျှ စိတ်ဝင်တစား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

# ရန်ကုန်တက္ကသိုလ် ဘက်စုံတိုးတက်ရေးကိစ္စရပ်များ ဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၁၁**

ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၏ (၂၀၁၄-၂၀၁၅)ပညာသင်နှစ် အတွက် သင်တန်းများကို ဒီဇင်ဘာ ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ အဆင်သင့်ဖြစ်စေရေးအတွက် ဘက်စုံမြှင့်တင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တက္ကသိုလ် ဘက်စုံတိုးတက်ရေးကိစ္စနှင့်စပ်လျဉ်း၍ ရန်ကုန်တက္ကသိုလ်ရှိ စာသင်ဆောင်များနှင့် ကျောင်းသား ကျောင်းသူအဆောင်များဖြစ်ကြသော အင်းဝဆောင်၊ စစ်ကိုင်းဆောင်၊ ပင်းယဆောင်၊ ပဲခူးဆောင်၊ သထုံဆောင်၊ ရွှေဘိုဆောင်၊ ဒဂုံဆောင်၊ အင်းလျားဆောင်၊ ရတနာဆောင်၊ အင်ကြင်းဆောင်၊ သီရိဆောင်နှင့် မာလာဆောင်တို့တွင် ဒီဇင်ဘာ ၁ ရက် ကျောင်းဖွင့်အမီ ကျောင်းသား ကျောင်းသူများအား အဆောင်ထားရှိနိုင်ရေးအတွက် အထူးပြုပြင်မွမ်းမံခြင်းကိစ္စရပ်များကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် သထုံလမ်းရှိ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)အစည်းအဝေးခန်းမ၌ ညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များနှင့် ပါမောက္ခများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

### ❋ ယခုနှစ်မှ

ငွေကျပ်တစ်သိန်းစီ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

မီးရောင်စုံများဖြင့် ရုပ်ပုံများ၊ စာတမ်းများကို ဆန်းပြားလှပစွာ အမျိုးမျိုး ပုံဖော်ပြသယှဉ်ပြိုင်သည့် စိန်နားပန်းမီးပုံးပျံပြိုင်ပွဲတွင် ပထမဆု ငွေကျပ်သိန်း ၃၀၊ ဒုတိယဆု ငွေကျပ်သိန်း ၂၀၊ တတိယဆု ၁၃ သိန်းနှင့် ဒသမဆုအထိငွေကျပ် နှစ်သိန်းတို့ကို အဆင့်ဆင့်ချီးမြှင့်သွားမည်ဖြစ်ပြီး နှစ်သိမ့်ဆုများကို တစ်ဆုလျှင် ငွေကျပ် ၇၀၀၀၀ နှုန်းဖြင့် နှစ်သိမ့်ဆု ၁၁ ဆု ပေးသွားမည်ဖြစ်ကြောင်းသိရသည်။


အရုပ်အလှဆုများအဖြစ် ပထမဆု ငွေကျပ် ငါးသိန်း၊ ဒုတိယဆု ငွေကျပ် သုံးသိန်း၊ တတိယဆုငွေကျပ် နှစ်သိန်းနှင့် ခြေလေးချောင်းအရုပ်ဆု၊ ခြေနှစ်ချောင်းအရုပ်ဆုတို့ကို ပထမငွေကျပ် သုံးသိန်း၊ ဒုတိယငွေကျပ် နှစ်သိန်း၊ တတိယငွေကျပ် တစ်သိန်းတို့အပြင် နှစ်သိမ့်ဆုများစွာကိုလည်း ချီးမြှင့်သွားမည်ဖြစ်သောကြောင့် ပြိုင်ပွဲဝင်များ အနေဖြင့် ပိုမိုကြိုးစားယှဉ်ပြိုင်စေလိုကြောင်း၊ ပြိုင်ပွဲဝင်အသင်းတို့ကိုလည်း ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်နိုးဆော်ထားကြောင်းသိရသည်။

ပွဲတော်ပိုမိုစည်ကားသိုက်မြိုက်စေရန် ပျော်ပွဲရွှင်ပွဲ၊ အားကစားပြိုင်ပွဲအဖြစ် မြန်မာ့ရိုးရာ ချောတိုင်တက်ပွဲများ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲများ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲများ၊ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး ဈေးပွဲတော်များ၊ မော်ဒယ်ရှိုးပွဲများ၊ နိုင်ငံကျော်အဆိုတော်များ၏ ဂီတဖျော်ဖြေပွဲများနှင့် စည်ကားစွာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **နန်းခမ်းမိုင်(ပြင်ဦးလွင်)**

# ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော် ကျင်းပပြီးစီး

**ရန်ကုန် အောက်တိုဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော်ကို ၁၃၇၆ ခုနှစ် သီတင်းကျွတ်လဆန်း ၁၂ ရက် (အောက်တိုဘာ ၅ ရက်)တွင် စတင်ကျင်းပခဲ့သည်။ ငါးရက်မြောက်နေ့ဖြစ်သည့် သီတင်းကျွတ်လပြည့်ကျော် ၁ ရက် (အောက်တိုဘာ ၉ ရက်)တွင် ကျင်းပပြီးစီးသွားသည်။ ပွဲတော်ကျင်းပသည့် ရက်များအတွင်း ဈေးပွဲတော်ရောင်းချသည့် ဆိုင်ခန်းကြီးများ ဗိုလ်ချုပ်လမ်းတစ်လျှောက်၊ ရေကျော်လမ်းတစ်လျှောက် အရေအတွက် အများအပြားဖွင့်လှစ်ရောင်းချခြင်းကြောင့် ဈေးဝယ်၊ ဈေးသည်များ၊ ရပ်ဝေးရပ်နီးမှ ပွဲတော်လာပြည်သူများဖြင့် အထူးစည်ကားများပြားခဲ့ကြောင်း သိရသည်။ **(ကိုချစ်)**





# အင်ဒိုနီးရှား၌ ဆင်နာဘန်းမီးတောင် ပေါက်ကွဲ ပြည်နယ်နှစ်ခု၌ လေကြောင်းခရီးစဉ်များ ဆိုင်းငံ့

**ဂျကာတာ အောက်တိုဘာ ၁၁**

အင်ဒိုနီးရှားနိုင်ငံ ဆုမတြာမြောက်ပိုင်း ပြည်နယ်ရှိ ဆင်နာဘန်းမီးတောင် ပေါက်ကွဲမှု ဖြစ်ပွားခြင်းကြောင့် ယင်းပြည်နယ် ဒီလီဆာဒန်းခရိုင်ရှိ ကွာလာနာမူး နိုင်ငံတကာ လေဆိပ်မှ အခြားမြို့များနှင့် အာချေပြည်နယ်တို့သို့ ပျံသန်းထွက်ခွာမည့် လေကြောင်းခရီးစဉ်များကို ဆိုင်းငံ့ထားလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၁၁ ရက်တွင် သတင်းထုတ်ပြန်သည်။



အင်ဒိုနီးရှားနိုင်ငံရှိ ဆင်နာဘန်းမီးတောင် ပေါက်ကွဲနေပုံကို ဒေသခံကျေးရွာသူတစ်ဦး စောင့်ကြည့်နေစဉ်။

ဆုမတြာမြောက်ပိုင်းပြည်နယ်နှင့် အာချေပြည်နယ်တို့၌ လေကြောင်းခရီးစဉ် ပျံသန်းမှုများကို ရပ်ဆိုင်းထားရခြင်းသည် ယာယီမျှသာဖြစ်ကြောင်း၊ သို့ရာတွင် လေကြောင်းခရီးစဉ်များ ဆိုင်းငံ့ထားရသည့်ကာလ မည်မျှကြာမြင့်မည်ကို မသိနိုင်ကြောင်း ဆူစီအဲဆုမတြာ လေကြောင်းဌာန၏ ဒေသဆိုင်ရာ ညှိနှိုင်းရေးမှူး ရိုဆင်ဒါက ပြောကြားသည်။

မီးတောင်ပေါက်ကွဲမှု အရှိန်အဟုန်မှာ ပြင်းထန်နေဆဲဖြစ်သဖြင့် လေကြောင်းပျံသန်းမှုတွင် ဘေးအန္တရာယ်ရှိနိုင်ကြောင်း ၎င်းက ပြောကြားသည်။

လေယာဉ်ပျံသန်းရာလမ်းကြောင်းများအတွင်း မီးတောင်မှ မှုတ်ထုတ်သော ပြာမှုန်များ လွင့်မျောနေဆဲဖြစ်သည်။

အဆိုပါလေကြောင်းလိုင်းအပြင် အခြားလေကြောင်းလိုင်း လေးခုကလည်း လေယာဉ်ခရီးစဉ်ပျံသန်းမှုကိုဆိုင်းငံ့ထားသည်။ စင်ကာပူနိုင်ငံမှ ကွာလာနာမူး နိုင်ငံတကာလေဆိပ်သို့ လေကြောင်းပျံသန်းမှုကိုလည်း ဆိုင်းငံ့ထားရကြောင်း လေဆိပ်တာဝန်ရှိသူများကပြောကြားကြသည်။ **ရိုက်တာ။**



ဘရာဇီးနိုင်ငံ၌ မိုးခေါင်မှုကြောင့် ဆည်၊ မြောင်း၊ ချောင်းနှင့် ကန်များ ရေခန်းခြောက်လာပုံကို တွေ့ရစဉ်။

# ဘရာဇီးတွင် မိုးခေါင်၍ ရေရှားပါးလျက်ရှိ

**ဆွာပေါ်လို အောက်တိုဘာ ၁၁**

ဘရာဇီးနိုင်ငံ ဆွာပေါ်လိုပြည်နယ် အုပ်ချုပ်ရေးမှူးက ဆွာပေါ်လိုမြို့ကို ရေပေးဝေသော ပင်မရေလှောင်ကန်မှ လက်ကျန်ရေများကို ပိုက်များဖြင့်သွယ်ယူ၍ အရေးပေါ် ရေပေးဝေရန် တောင်းဆိုခဲ့ကြောင်း၊ ဆွာပေါ်လိုမြို့မှာ ရေပြတ်လုနီးပါးဖြစ်နေကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

မမျှော်လင့်ဘဲ ကိုးလကြာ မိုးခေါင်ခဲ့ပြီးနောက် ရေထုထည် ၉၅ ရာခိုင်နှုန်းမှာ ကုန်ဆုံးသွားခဲ့ပြီဖြစ်သည်။

လွန်ခဲ့သည့်ရက်သတ္တပတ်က ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ဂီရားလ်ဒိုအလက်မင်မှာ ခွဲတမ်းဖြင့် ရေပေးသောစနစ်ကို အသုံးပြု၍ ပြဿနာကိုဖြေရှင်းခြင်း မပြုသည့်အတွက် ဝေဖန်ခံရလျက်ရှိသည်။

ဘရာဇီးတွင် အခြား ၂၅ မြို့၌လည်း မိုးခေါင်သည့်ဒဏ် ခံစားရလျက်ရှိသည်။

ဆွာပေါ်လိုမြို့၏ အဓိကရေလှောင်ကန် 'ကန်တာဂိုင်းရာ' သည် ကန်အတွင်းတွင် လွန်ခဲ့သည့် နှစ်များစွာမှ ကားအိုကားပျက်များနှင့် ပပ်ကြားအက်များပေါ်လာသည်အထိ ရေလျော့ပါးသွားခဲ့ပြီဖြစ်သည်။

အခြားပြည်နယ်များတွင်လည်း မိုးခေါင်လျက်ရှိသည်။ ရီယိုဒီဂျနေရိုးနှင့် မီနတ်စ်ဂီရာအစ်တို့တွင် ရေရရှိရေးအကြောင်းပြု၍ ရန်ပွဲများ များပြားလာလျက်ရှိသည်။

ဆွာပေါ်လိုမြို့သည် အခြားသောပြည်နယ်နှစ်ခုကဲ့သို့ မြစ်ကြောင်းမှ ရေသယ်ယူရန် ကြိုးစားလျက်ရှိသည်။

**ဘီဘီစီ။**

# အိုင်အက်စ်စစ်သွေးကြွများအား အမေရိကန်က လေကြောင်းမှ ဆက်လက်တိုက်ခိုက်

**အန်ကာရာ အောက်တိုဘာ ၁၁**

ဆီးရီးယားနိုင်ငံနှင့် တူရကီနယ်စပ်ရှိ ကာ့ဒ်လူမျိုးများနေထိုင်ရာ ကိုဘာနီမြို့အတွင်းမှ အစ္စလာမ္မစ်နိုင်ငံ(အိုင်အက်စ်)ပစ်မှတ်များကို အမေရိကန်က ဆက်လက်၍ လေကြောင်းမှ တိုက်ခိုက်လျက်ရှိကြောင်း ဗွီအိုအေက ပြောကြားသည်။

စစ်သွေးကြွများ အသုံးပြုသည့် အဆောက်အအုံများ၊ တင့်ကားတစ်စီးနှင့် စက်သေနတ်ကြီးနေရာများကို ကြာသပတေးနေ့တွင် တိုက်ခိုက်ခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောသည်။

ကာ့ဒ်ပြည်သူ့စစ်များက ကိုဘာနီမြို့၏ ဧရိယာအများစုကို ထိန်းချုပ်ထားဆဲဖြစ်ကြောင်း၊ အိုင်အက်စ်စစ်သွေးကြွများကို အပြင်းအထန် ခုခံလျက်ရှိကြောင်း အမေရိကန် ကာကွယ်ရေးအရာရှိများက အစောပိုင်းက ပြောကြားခဲ့သည်။

ကိုဘာနီမြို့ ကာကွယ်ရေးအကြီးအကဲ အစ္စမက်ဟာဆန်က ဗွီအိုအေသို့ ပြောကြားရာတွင် "ဝိုင်ပီဂျီ"ဟု လူသိများသော ကာ့ဒ်ပြည်သူ့ကာကွယ်ရေးအဖွဲ့များနှင့် စစ်သွေးကြွများ ယမန်နေ့ညက တိုက်ပွဲများ အပြင်းအထန် ဖြစ်ပွားခဲ့သည်ဟု ဆိုသည်။

အိုင်အက်စ် အုပ်စုများထံသို့ ဆီးရီးယားနိုင်ငံ အလက်ပိုနှင့် ရက်ကာမြို့တို့မှ တပ်ကူများ ရောက်ရှိလာခဲ့သည်ဟု ၎င်းက ထပ်မံပြောကြားသည်။

ဒေသခံပြည်သူများသည် တူရကီနိုင်ငံသို့ ဝင်ရောက် ခိုလှုံကြပြီးနောက် ကာ့ဒ်တိုက်ခိုက်ရေးသမားများသည် ကိုဘာနီမြို့ကို ကာကွယ်ရန် စုရုံးခဲ့ကြပြီး နိုင်ငံတကာ အကူအညီများကို တောင်းခံခဲ့ကြသည်။

အိုင်အက်စ်ဆန့်ကျင်ရေး ကမ္ဘာ့ညွန့်ပေါင်းအဖွဲ့တွင် တူရကီနိုင်ငံက ပိုမိုပူးပေါင်းပါဝင်ရေးအတွက် အမေရိကန်နှင့် နေတိုးတာဝန်ရှိသူများသည် အန်ကာရာမြို့၌ ဆွေးနွေးလျက်ရှိကြသည်။

**ဗွီအိုအေ။**

# ဘိုကိုဟာရမ်အဖွဲ့က ဓားစာခံ ၂၇ ဦးကို ပြန်လွှတ်ပေး

**ယွန်ဒီ အောက်တိုဘာ ၁၁**

တရုတ်အလုပ်သမား ၁၀ ဦးအပါအဝင် ဓားစာခံ ၂၇ဦးကို ဘိုကိုဟာရမ်စစ်သွေးကြွအဖွဲ့က ပြန်လွှတ်ပေးခဲ့ကြောင်း ကင်မရွန်းသမ္မတက အောက်တိုဘာ ၁၁ ရက်တွင် ပြောကြားသည်။

လွှတ်ပေးလိုက်သည့် ဓားစာခံများထဲတွင် ကင်မရွန်းဒုတိယဝန်ကြီးချုပ် အမာဒူအလီ၏ ဇနီးလည်းပါဝင်သည်။ ယင်းဓားစာခံများကို ဘိုကိုဟာရမ်အဖွဲ့က ယခုနှစ် မေလနှင့် ဇူလိုင်လများအတွင်းက နိုင်ဂျီးရီးယားနယ်စပ်အနီးမှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ခြင်းဖြစ်ပြီး ၎င်းတို့အားလုံး ဘေးရန်ကင်းကြောင်း ကင်မရွန်းသမ္မတ ပေါလ်ဘိုဟာက ပြောကြားသည်။

ဘိုကိုဟာရမ်အဖွဲ့သည် နိုင်ဂျီးရီးယားနိုင်ငံအတွင်း အစ္စလာမ္မစ်နိုင်ငံ တည်ထောင်နိုင်ရန် ကြိုးပမ်းနေသည်။ နိုင်ဂျီးရီးယားနိုင်ငံ နယ်စပ်မြို့များမှ ပြည်သူများသည် ဘိုကိုဟာရမ်စစ်သွေးကြွအဖွဲ့ရန်မှ ရှောင်ရှားရန် ကင်မရွန်းနိုင်ငံအတွင်းသို့ ပြေးဝင်ခိုလှုံလျက်ရှိကြသည်။ **ဘီဘီစီ။**

# နယူးယောက်မြို့ ဂျွန်အက်ဖ်ကနေဒီလေဆိပ်တွင် ခရီးသည်များအား အီဘိုလာရောဂါစစ်ဆေးမှုစတင်

**နယူးယောက် အောက်တိုဘာ ၁၁**

အီဘိုလာဗိုင်းရပ်စ် ရောဂါကြောင့် သေဆုံးရသူပေါင်း ၄၀၀၀ ကျော် ရှိလာချိန်တွင် ယင်းရောဂါပိုးကူးစက်ပြန့်ပွားခြင်းမှ တားဆီးရန်ရည်ရွယ်လျက် နယူးယောက်မြို့ ဂျွန်အက်ဖ်ကနေဒီလေဆိပ်သို့ ဆိုက်ရောက်လာသော ခရီးသည်များကို ကျန်းမာရေးစစ်ဆေးမှု စတင်ပြုလုပ်လျက်ရှိကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အီဘိုလာရောဂါ ကူးစက်ဖြစ်ပွားမှု ပြင်းထန်သော လိုက်ဘေးရီးယား၊ ဆီရာလီယွန်နှင့် ဂီနီနိုင်ငံတို့မှ လာရောက်သော ခရီးသည်များကို ကိုယ်အပူချိန်တိုင်းတာမည်ဖြစ်ပြီး ကျန်းမာရေးဆိုင်ရာ မေးခွန်းများကိုလည်း မေးမြန်းမည်ဖြစ်သည်။

ချီကာဂိုမြို့ရှိ အိုဟဲလေဆိပ်၊ နီးဝပ်လေဆိပ်၊ ဝါရှင်တန်မြို့ရှိ ဒူးလက်စ်လေဆိပ်နှင့် အတ္တလန္တာမြို့ရှိ လေဆိပ်တို့၌လည်း လာမည့်ရက်များအတွင်းမှစတင်ကာ ခရီးသည်များအား စစ်ဆေးမှု ပြုလုပ်သွားမည်ဖြစ်သည်။

အောက်တိုဘာ ၈ရက်က အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဒါးလက်စ်မြို့၌ အီဘိုလာရောဂါဖြင့် ပထမဆုံးသေဆုံးမှုဖြစ်ပွားခဲ့အပြီး၌ လေဆိပ်များတွင် ကျန်းမာရေးစစ်ဆေးမှုကို ပြုလုပ်ခြင်းဖြစ်သည်။

လိုက်ဘေးရီးယားမှ အမေရိကန်ပြည်ထောင်စုသို့ လာရောက်သည့် သောမတ်စ်ဒွန်ကန်ဆိုသူသည် ဒါးလက်စ်မြို့ လေဆိပ်အရောက်တွင် အီဘိုလာရောဂါလက္ခဏာပြသခဲ့သည်ဟု သတင်းတွင်ဖော်ပြသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ နောက်ဆုံးထုတ်ပြန်ချက်အရ အီဘိုလာရောဂါဖြင့် သေဆုံးသူ ၄၀၃၃ ဦး ရှိပြီဖြစ်သည်။

အနောက်အာဖရိက သုံးနိုင်ငံဖြစ်သည့် လိုက်ဘေးရီးယား၊ ဆီရာလီယွန်နှင့် ဂီနီနိုင်ငံများတွင် ယင်းရောဂါဖြင့် သေဆုံးသူ ၄၀၂၄ ဦးရှိပြီး အီဘိုလာရောဂါဖြင့် သေဆုံးမှုအများဆုံး ဒေသဖြစ်သည်။ **ဘီဘီစီ။**



လေဆိပ်ဝန်ထမ်းများအား ရောဂါပိုးအကာအကွယ်ဝတ်စုံ ဝတ်ဆင်ပုံကို ကျန်းမာရေးတာဝန်ရှိသူများက သရုပ်ပြသကြစဉ်။

# ကိုရီးယားနှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော် ပစ်ခတ်

**ဆိုးလ် အောက်တိုဘာ ၁၁**

မြောက်ကိုရီးယားနှင့် တောင်ကိုရီးယားတို့သည် သောကြာနေ့က ၎င်းတို့၏ နှစ်နိုင်ငံနယ်စပ်ကိုဖြတ်ကျော်၍ အပြန်အလှန် ပစ်ခတ်ခဲ့ကြကြောင်း တောင်ကိုရီးယား တာဝန်ရှိသူများက ပြောသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်ကို ရှုတ်ချသည့် လက်ကမ်းစာရွက်များ ပါဝင်သော မိုးပျံဘောလုံးများကို လွှင့်တင်ခဲ့ပြီးနောက် အဆိုပါပစ်ခတ်မှု ပေါ်ပေါက်လာခြင်းဖြစ်သည်။

တောင်ကိုရီးယားအစိုးရက ၎င်းတို့အား ဆက်လက်လုပ်ဆောင်ရန် ခွင့်ပြုထားမည်ဆိုလျှင် နောက်ဆက်တွဲ အန္တရာယ်များရှိလာမည်ဟု ပြုံယမ်းကသတိပေးသည်။

၎င်းနှစ်နိုင်ငံသည် အငြင်းပွားလျက်ရှိသည့် ရေပြင်ပိုင်နက် နယ်နိမိတ်ကို ဖြတ်ကျော်၍ ပစ်ခတ်မှုများ အကြိမ်ကြိမ်ရှိခဲ့သော်လည်း ဤကဲ့သို့ ကုန်းတွင်းပိုင်း၌ ပစ်ခတ်မှုမှာ ရှားပါးသောဖြစ်ရပ်ဖြစ်သည်။

မြောက်ကိုရီးယားက အဆိုပါမိုးပျံဘောလုံးများကို ပစ်ခတ်ရာ နယ်စပ်ကိုကျော်၍ တောင်ကိုရီးယားပိုင်နက်အတွင်းကျည်ဆန်ကျရောက်သဖြင့် တောင်ကိုရီးယားက တုံ့ပြန်ပစ်ခတ်ခြင်းဖြစ်ကြောင်း စစ်ဘက်တာဝန်ရှိသူများအား ကိုးကား၍ ယွန်ဟပ်သတင်းဌာနက ဖော်ပြသည်။ နှစ်ဖက်လုံး၌ အထိအခိုက် အပျက်အစီးရှိ၊ မရှိကို သတင်းမရရှိသေးပေ။ **ဘီဘီစီ။**

# နိုင်ငံတော်သမ္မတ၏ ပညာသင်ဆုရွေးချယ်ရေးအကြံပြုညှိနှိုင်း

**ရန်ကုန် အောက်တိုဘာ ၁၁**

နိုင်ငံတော်သမ္မတ၏ ပညာသင်ဆုရွေးချယ်ရေး အကြံပြုညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပညာရေးနှင့် ဆက်စပ်သော ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ထပ်မံညှိနှိုင်းကာ ရွေးချယ်ရေးလုပ်ငန်းစဉ်များကို ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ကြေညာပြီး ဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကော့တောင်(လိပ်ကျွန်း)လူသတ်မှုမှ အစွပ်စွဲခံထားရသော မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် ဖန်ငခရိုင်ရှိ ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း FED မှ ထုတ်ပြန်

**ဖန်င အောက်တိုဘာ ၁၁**

ထိုင်းနိုင်ငံတောင်ပိုင်း စူရတ်ဌာနီခရိုင်အတွင်းမှ ကော့တောင်(လိပ်ကျွန်း)လူသတ်မှုတွင် ပါဝင်သည်ဟု အစွပ်စွဲခံထားရသော မြန်မာရွှေ့ပြောင်းအလုပ်သမား နှစ်ဦးအပါအဝင် အစိုးရသက်သေအဖြစ် ထိန်းသိမ်းခံထားရသည့် မြန်မာနိုင်ငံသားတစ်ဦးအား တွေ့ဆုံမေးမြန်းနိုင်ရန်အတွက် ထိုင်းနိုင်ငံ FED မှ ထိုင်းရှေ့နေ တစ်ဦးအပါအဝင် ဝန်ထမ်း လေးဦးမှာ အဆိုပါကျွန်းပေါ်တွင် လေးရက်တာ နေထိုင်ခဲ့ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association in Thailand)မှ ဆက်သွယ်ပြောကြားချက်အရ သိရသည်။

အဆိုပါ တရားခံဟု အစွပ်စွဲခံထားရသူများအပါအဝင် ကျွန်းပေါ်တွင် နေထိုင်လုပ်ကိုင်စားသောက်နေသည့် မြန်မာနိုင်ငံသားများ၊ ထိုင်းအာဏာပိုင်များ၊ ဒေသခံထိုင်းလူမျိုးများ၊ အဖွဲ့အစည်းများနှင့် FED က တွေ့ဆုံခဲ့ကြောင်း၊ မိမိတို့စစ်ဆေးတွေ့ရှိချက်များအား လိုအပ်လျှင် လိုအပ်သလို သတင်းထုတ်ပြန်ပေးသွားမည် ဖြစ်ကြောင်း၊ မိမိတို့ဝန်ထမ်းများသည် အောက်တိုဘာ ၉ ရက် လင်းအားကြီးချိန် ဒေသစံတော်ချိန် နံနက် ၃ နာရီခန့်က မိဘပြည်သူများ၏ ပို့သသည့် မေတ္တာကြောင့် ဘေးကင်းလုံခြုံစွာဖြင့် မိမိတို့ရုံးစိုက်ရာ ဖန်ငခရိုင်သို့ ပြန်လည်ရောက်ရှိလာပါကြောင်း၊ မိမိတို့၏ တွေ့ရှိချက်(အရေးကြီးသည့် အချက်အလက်)များနှင့် အကြံပြုချက်များကို မြန်မာသံရုံးသို့ ပေးပို့ပြီးဖြစ်ပါကြောင်း၊ မြန်မာအစိုးရအနေဖြင့် ယခုကိစ္စတွင် ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်နေသည်ကို ထိုင်းအာဏာပိုင်များအနေဖြင့် လွန်စွာအံ့အားသင့်ခဲ့ပါကြောင်း၊ ဒေသခံထိုင်းလူမျိုးများနှင့် မြန်မာနိုင်ငံသားများအနေဖြင့်လည်း လွန်စွာဝမ်းမြောက်နေကြပါကြောင်း၊ မိမိတို့၏တွေ့ရှိချက်၊ အကြံပြုချက်များအား ထိုင်းလူ့အခွင့်အရေးကော်မရှင်နှင့် ထိုင်းရှေ့နေများကောင်စီကို ပေးပို့ရန်ဘာသာပြန်နေပါကြောင်း၊ မိမိတို့နှင့် ထဲထဲဝင်ဝင်တွဲပြီး လုပ်ကိုင်နေကြသည့် အချို့လူ့အခွင့်အရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများကိုလည်း လိုအပ်ရင်လိုအပ်သလို ပေးပို့မှာဖြစ်ပါကြောင်း၊ မိမိတို့၏တွေ့ရှိချက်အားလုံးကို သတင်းပေးထားသူများ၏ လုံခြုံရေးအရ တိတိကျကျထုတ်ပြန်သွားမည်မဟုတ်ပါကြောင်း၊ ထိုင်းနိုင်ငံရှေ့နေများကောင်စီ၏ အကြံပြုချက်အရ တရားခံဟု စွပ်စွဲခံထားရသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားနှစ်ဦး၏ မိဘများအား ထိုင်းနိုင်ငံသို့ အမြန်ဆုံးခေါ်ယူနိုင်ရန်အတွက် ပြင်ဆင်နေပါကြောင်း၊ လူသတ်မှုဖြင့် စွပ်စွဲခံထားရသည့် မြန်မာအလုပ်သမားများ၏မိသားစုဝင်များအား ထိုင်းနိုင်ငံသို့ အမြန်ဆုံးလာရောက်နိုင်ရန်နှင့် အမှုမှန်ပေါ်ပေါက်နိုင်ရန်အတွက် မြန်မာအစိုးရဝန်ကြီးဌာနများ၊ ရခိုင်လူမှုအဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံသား စေတနာ့ဝန်ထမ်းများအနေဖြင့် မိမိတို့တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါရန် ပြောချင်ပါကြောင်းနှင့် မိမိတို့သည် အရာရာကျွမ်းကျင်တတ်မြောက်သည့် ပညာရှင်များမဟုတ်ပါကြောင်း၊ မိမိတို့တတ်နိုင်သလောက် မျိုးချစ်စိတ်ရှိရှိဖြင့် လုပ်ကိုင်ဆောင်ရွက်ပေးနေခြင်းသာဖြစ်ပါကြောင်းဖြင့် ထိုင်းနိုင်ငံ ဖန်ငခရိုင်ရှိ ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း FED မှ အောက်တိုဘာ ၁၀ ရက် ညပိုင်းက ထုတ်ပြန်လိုက်သည်။

**စိုးဝင်း(MLA)**



**အောက်တိုဘာ ၇ ရက်က တရုတ်နိုင်ငံ ယူနန်မြို့တွင် လှုပ်ခတ်ခဲ့သော ရစ်ချ်တာစကေး ၆ ဒသမ ၄ အဆင့်ရှိ အင်အားပြင်းငလျင်ကြောင့် ပျက်စီးသွားသော အပျက်အစီးများကိုတွေ့ရစဉ်။**

# တရုတ်နိုင်ငံ ယူနန်မြို့တွင် ငလျင်များ ရက်ခြားလှုပ်ခတ်

**ယူနန် အောက်တိုဘာ ၁၁**

တရုတ်နိုင်ငံ ယူနန်မြို့ရှိ ယန်ဂျင်းဟောင်တွင် အင်အား ၄ ဒသမ ၇ အဆင့်ရှိ ငလျင်တစ်ခု ယနေ့လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၇ ရက်ကလည်း ရစ်ချ်တာစကေး ၆ ဒသမ ၄ အဆင့်ရှိ အင်အားပြင်း ငလျင်လှုပ်ခတ်မှုကြောင့် တရုတ်နိုင်ငံ ယူနန်မြို့တွင် ငါးဦးသေဆုံးပြီး ၂၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိသူအရေအတွက် ဆက်လက်များပြားနိုင်ဖွယ်ရှိကြောင်း နိုင်ငံပိုင်မီဒီယာက အောက်တိုဘာ ၈ ရက်တွင် ဖော်ပြသည်။

ငလျင်ဗဟိုချက်သည် ယန်ဂျင်းဟောင်၏ အနောက်မြောက်ဘက် ၁၆၃ ကီလိုမီတာ (မိုင် ၁၀၀)ခန့်တွင် ဗဟိုပြုခဲ့ကြောင်း အမေရိကန် ဘူမိဗေဒလေ့လာစောင့်ကြည့်ရေးအဖွဲ့က ဆိုသည်။ ကယ်ဆယ်ရေးလုပ်သား ၁၀၀၀ ကျော်က ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

ဩဂုတ်လတွင် ယူနန်၏ အခြားသောဒေသတွင် ရစ်ချ်တာစကေး ၆ ဒသမ ၃ အဆင့်ရှိ အင်အားပြင်းငလျင်ကြောင့် လူဦးရေ ၆၀၀ ကျော် သေဆုံးခဲ့ကြောင်း သိရသည်။

**(ဘီဘီစီ)**

# အခြေအနေသုံးမျိုးမှ လွဲကာ ဆေးရုံတက်ရောက်ကုသခံယူမှုအတွက် ယာဉ်ပိုင်ရှင်အသင်းမှ အကူအညီပေး

**ရန်ကုန် အောက်တိုဘာ ၁၁**

ရန်ကုန်မြို့တွင်းပြေးဆွဲနေသော ခရီးသည်တင်ယာဉ်လိုင်းများတွင် လုပ်ကိုင်ကြသူများအတွက် ဆေးရုံတက်ရောက်သည့်အခါ လိုအပ်သောပံ့ပိုးကူညီမှုများကို လုပ်ဆောင်ပေးနေလျက်ရှိကြောင်း မထသယာဉ်ပိုင်ရှင်များ ဖွံ့ဖြိုးရေးအသင်းမှ သိရသည်။

အဆိုပါပံ့ပိုးကူညီမှုကို အသင်းဝင်ယာဉ်ပိုင်ရှင်၊ ယာဉ်လုပ်သားနှင့် ဝန်ထမ်းများအတွက် စီစဉ်လုပ်ဆောင်ခြင်းဖြစ်ပြီး အခြေအနေသုံးမျိုးမှလွဲကာ ပံ့ပိုးကူညီပေးခြင်းဖြစ်သည်။ အသင်း၏ လုပ်ငန်းအစီအစဉ်များအနက် ကျန်းမာရေးကူညီမှုလုပ်ငန်းစဉ်များတွင် ဆေးကုသမှုနှင့် ပတ်သက်သော အစီအစဉ်ကို လုပ်ဆောင်ထားလျက်ရှိသလို ဆေးရုံတက်ရောက်ကုသမှုခံယူသည့် ယာဉ်ပိုင်ရှင်၊ ယာဉ်လုပ်သား ဝန်ထမ်းတို့အား တစ်ကြိမ်တက်ရောက်သည့်အခါတိုင်း ငွေကျပ်တစ်သိန်းနှုန်းဖြင့် တစ်နှစ်လျှင် နှစ်ကြိမ် ငွေကျပ်နှစ်သိန်းနှုန်းကို စီစဉ်ထားခြင်းဖြစ်သည်။

"ဆေးရုံတက်ရောက်ကုသမှုခံယူတဲ့အခါ အနည်းဆုံး တက်ရက်သုံးရက်ရှိရပါမယ်။ ဆေးရုံဆင်းလက်မှတ်ပါရမယ်။ သက်ဆိုင်ရာလူမှုရေးအသင်းခွဲကော်မတီရဲ့ ထောက်ခံလက်မှတ်ပါရမယ်။ အဲဒီသုံးချက်နဲ့ညီရင် ထောက်ပံ့ပေးတာဖြစ်ပါတယ်"ဟု ယင်းအသင်းမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

သို့ရာတွင် ပံ့ပိုးမှုမပြုသော ရောဂါအခြေအနေဖြစ်စဉ်အမျိုးအစားသုံးမျိုးကိုလည်း သတ်မှတ်ထားကြောင်း၊ ယင်းတို့မှာ အပျော်အပါးလိုက်စားခြင်းကြောင့် HIV ပိုးကူးစက်ပြီး တက်ရောက်ကုသမှုမျိုးကို ပံ့ပိုးမည်မဟုတ်သလို ရာဇဝတ်မှုနှင့်ယှဉ်သော ဒဏ်ရာရရှိမှုအတွက် ဆေးရုံတက်ရောက်မှုမျိုးဖြစ်ပါကလည်း ပံ့ပိုးမည်မဟုတ်ကြောင်း၊ အရက်သေစာ သောက်စားမူးယစ်ခြင်းကြောင့် စိတ်ကျန်းမာရေးဆေးရုံတက်ရောက်ပြီး အရက်ဖြတ်ရသည့် အခြေအနေမျိုးဖြစ်ပါကလည်း ပံ့ပိုးမှုပေးမည်မဟုတ်ကြောင်း သိရသည်။

ထိုအသင်းကို လွန်ခဲ့သော ဇူလိုင် ၂၆ ရက်က စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ယခုနှစ်လကျော်ရှိခဲ့ပြီဖြစ်သလို ရန်ပုံငွေစတင်ထည့်ဝင်သည့် ယာဉ်များအတွက် ရန်ပုံငွေထည့်ပြီးသည့်နေ့မှစတင်ကာ လေးလပြည့်ပြီးသည့်နောက်တွင် စတင်အကျိုးခံစားခွင့်ရရှိမည်ဟုလည်း သိရသည်။

**ထက်ခိုင်(စမ်းချောင်း)**






# ကျောင်းသားနှင့် ဥပဒေ

## ဦးဟန်ညွန့်(ဥပဒေ)

**သရုပ်ပြတရားရုံး**

လက်တွေ့တရားရုံးများတွင် အမှုစစ်ဆေးနေပုံကို သဏ္ဍာန်လုပ်၊ သရုပ်တူအောင် သရုပ်ပြတရားရုံးလုပ်ပြသည်။ တရားသူကြီး၊ ဥပဒေအရာရှိ၊ ရှေ့နေ၊ ရဲအရာရှိ၊ သက်သေ၊ တရားခံစသည်ဖြင့် ပြဇာတ်ကပြသည်။ စိတ်ဝင်စားဖွယ်။ လက်ခုပ်သံတဖြောင်းဖြောင်း။ ကျေနပ်ဖွယ်မေးခွန်းများ။ ဥပဒေကျောင်းသား ကျောင်းသူများ လေ့လာကြသည်။ တက္ကသိုလ်ထဲမှာဆိုတာ ခဏမေ့သွားသည်။ တရားခွင်ထဲ တကယ်ရောက်နေသလိုပါ။ သရုပ်ဆောင်ပေးကြသည်မှာ ရန်ကုန်ရှေ့နေအသင်းမှ အတွေ့အကြုံများသော ဥပဒေပညာရှင်များပါ။

**အမျိုးသားပညာရေး ဥပဒေ**

အမျိုးသားပညာရေးဥပဒေကို ပြဋ္ဌာန်းပြီးဖြစ်သည်။ ၃၀-၉-၂၀၁၄ ရက်စွဲဖြင့် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည်။ ဥပဒေအခန်း (၂) ပုဒ်မ ၃(ခ)တွင် ပြည်သူ့နီတိ၊ ဒီမိုကရေစီကျင့်စဉ်နှင့် လူ့အခွင့်အရေးဆိုင်ရာစံနှုန်းများဖြင့် ဥပဒေကို လေးစားလိုက်နာသော နိုင်ငံသားများ ဖြစ်လာစေရေးအတွက် လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်ဟူသော အမျိုးသားပညာရေးရည်မှန်းချက်တစ်ရပ်ကို ဖော်ပြပြဋ္ဌာန်းထားသည်။

**ဥပဒေကို လေးစားလိုက်နာသော နိုင်ငံသားများ**

ပြည်သူ့နီတိသိရမည်။ ဒီမိုကရေစီကျင့်စဉ် ကျင့်ရမည်။ လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများ လေးစားရမည်။ ဥပဒေကို လေးစားလိုက်နာသော နိုင်ငံသားများဖြစ်ရမည်။ အမျိုးသားပညာရေးဥပဒေ၏ ရည်မှန်းချက်များကို ဥပဒေကျောင်းသားကျောင်းသူများက သရုပ်ဖော်နေကြပြီဟု မျှော်လင့်သည်။ ဥပဒေကျောင်းသားများကို အားထားသည်။ ကျောင်းသားနှင့် ဥပဒေ၊ ဥပဒေနှင့် ကျောင်းသား တစ်သားတည်းရှိရမည်။

**ဥပဒေပညာ၏ ပင်ရင်းအခြေအမြစ်**

ဥပဒေ၏ ပင်ရင်းအခြေအမြစ်မှာ-

၁။ ဥပဒေပြုခြင်း (Legislation)

၂။ စီရင်ထုံး(သို့မဟုတ်) ဖြတ်ထုံး (Precedent)

၃။ ဓလေ့ထုံးတမ်း (Custom)

၄။ သဘောတူညီချက် (Agreement)

တို့ဖြစ်သည်။ ဥပဒေပညာအခြေခံ၊ သမိုင်းနှင့် အဖြစ်အပျက်များမှ ပေါက်ဖွားလာသည်။ မြန်မာနိုင်ငံ၏ တရားဥပဒေဖြစ်တည်ဖွဲ့စည်းလာပုံများ လေ့လာအပ်သည်။

**ဥပဒေပြုရေး**

ယနေ့လွှတ်တော်၌ ဥပဒေပေါင်း ၁၀၀ ကျော်ပြင်ဆင်ပြဋ္ဌာန်းပြီးကြောင်း၊ ဆွေးနွေးဆဲဥပဒေ ၅၀ ကျော်ရှိကြောင်း သတင်းစာများတွင်ဖတ်ရသည်။ ပြည်ထောင်စုအစိုးရ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့နှင့် ညှိနှိုင်း၍ ဥပဒေပေါင်း ၁၄၀ ပြင်ဆင်၊ ပယ်ဖျက်၊ အသစ်ရေးဆွဲနေကြောင်းလည်း လေ့လာသိရှိရသည်။ ဥပဒေကျောင်းသားလူငယ်များလည်း မှတ်သား၊ ဆည်းပူးဖို့လိုမည်။ ပြည်သူ့လွှတ်တော်အစည်းအဝေးများ ကျင်းပပုံ၊ ဥပဒေပြုရေးဆောင်ရွက်ပုံ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ဆွေးနွေးတင်ပြပုံ၊ ဥပဒေရေးရာများ ညှိနှိုင်းအတည်ပြုပုံများကို တက္ကသိုလ်ကျောင်းသားများ လာရောက်လေ့လာသင်ယူမှတ်သားလျက်ရှိကြောင်း သတင်းဓာတ်ပုံများကို မြင်ရ၊ ဖတ်ရသည်။ ကြည်နူးဂုဏ်ယူဖွယ်ဖြစ်ပေသည်။

**ဥပဒေပြဋ္ဌာန်းခြင်း၏ ဦးတည်ချက်များ**

ပြဋ္ဌာန်းသည့်ဥပဒေများသည် အောက်ပါ ဦးတည်ချက်ဖြင့် အခြေခံပေသည်-

(က) နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ဖြစ်ထွန်းစေရန်

(ခ) တရားမျှတပြီး ပြည်သူများလိုက်နာနိုင်သော ဥပဒေများဖြစ်ရန်

(ဂ) နိုင်ငံတကာကွန်ဗင်းရှင်းများ၊ စာချုပ်များ၊ ကတိကဝတ်များနှင့် ကိုက်ညီစေရန်

**အထောက်အကူပြုသူများ**

ဥပဒေပြုရေးမဏ္ဍိုင်အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဥပဒေပညာရှင်များ၊ တရားရေး၊ ဥပဒေ(အငြိမ်းစား)ပညာရှင်များ၊ ရှေ့နေရှေ့ရပ်များ၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးမှ အရာရှိကြီးများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ ပူးပေါင်းပါဝင်ကြသည်။

**ဥပဒေကျောင်းသားများ၏ အခန်းကဏ္ဍ**

ဥပဒေကျောင်းသားကျောင်းသူများသည် တရားဥပဒေစိုးမိုးရေး၏ အနာဂတ်ခေါင်းဆောင်များဟု ခေါ်ဆိုထိုက်သည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းကိုယ်တိုင် ကျောင်းသားကျောင်းသူများအား တွေ့ဆုံပြီး ဥပဒေပြုရေးဆိုင်ရာ အကြံဉာဏ်ကောင်းများ ရယူကြိုဆိုခဲ့သည်။ ပြည်တွင်းပြည်ပ ဥပဒေရေးရာများ လေ့လာခြင်း၊ အကြံပြုခြင်း၊ အနာဂတ်နိုင်ငံတော်အတွက် ကြိုတင်ပြင်ဆင်တွေးခေါ်ခြင်း၊ လူငယ်ထု၏ မိဘပြည်သူများအပေါ် စေတနာကြွယ်ဝခြင်း၊ နိုင်ငံကြီးသားများ ပီသစေခြင်းတို့သည် ကျောင်းသားလူငယ်များ၏ အလှအပများပင်ဖြစ်သည်။

**ပြည်သူ့သားသမီးများ**

ကျောင်းသား ကျောင်းသူများသည် ပြည်သူ့သားသမီးများဖြစ်ကြသည်။ ဥပဒေဘာသာရပ်သာမက မြန်မာစာ၊ သမိုင်း၊ သချ်ာ၊ ဓာတု စသည်ဖြင့် ဝိဇ္ဇာ၊ သိပ္ပံ မည်သည့်ဘာသာရပ်ပင်မဆို တိုင်းကျိုးပြည်ကျိုးပြုသည်။ ကျောင်းသား လူငယ်တိုင်း အတွေးခေါ်ထက်မြက်ကြသည်။ ဝါသနာပါရာ ဘာသာရပ်၊ စိတ်ဝင်စားမှု၊ သုတေသနပြုဘာသာရပ်ဖြင့် အသီးသီးအထောက်အကူပြုကြမည်သာဖြစ်သည်။ ဥပဒေပညာသင်ယူသူ ကျောင်းသား ကျောင်းသူများကမူ ပို၍ပို၍ဥပဒေသဘောတရား၊ ဥပဒေအခြေခံ၊ ဥပဒေအသိ ဥပဒေဗဟုသုတ၊ ဥပဒေနယ်ပယ်ကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ဖွယ်ရှိပေသည်။

**၁၉၄၇၊ ၁၉၇၄၊ ၂၀၀၈**

အခြေခံဥပဒေ(၃)ရပ် ရေးဆွဲပေါ်ထွန်းခဲ့ပြီးသော ၁၉၄၇၊ ၁၉၇၄ နှင့် ၂၀၀၈ ခုနှစ် အခြေခံဥပဒေများအကြောင်း လူငယ်ကျောင်းသားအပေါင်း လေ့လာအပ်သည်။ ခေတ်အခြေအနေ၊ ကာလဒေသ၊ စနစ်ဝါဒများဖြင့် အခြေခံရေးဆွဲခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေများအကြောင်း ဖတ်ရှုမှတ်သားပြီး သုတေသနပြုသင့်သည်။ (နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး သုတေသနအဖွဲ့မှ ၂၀၁၄ ခုနှစ်၊ မတ်လတွင် ထုတ်ဝေသော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတို့အား နှိုင်းယှဉ်လေ့လာခြင်း။) စာအုပ်အားရည်ညွှန်းဖတ်ရှုသင့်ကြောင်း အကြံပြုပါသည်။ ထို့ပြင် ပြည်တွင်းပြည်ပနိုင်ငံအသီးသီး၏ အခြေခံဥပဒေ ဘာသာရပ်များ၊ ဗဟုသုတရဖွယ်ဥပဒေစာအုပ်များကိုပါ ရည်ညွှန်းကိုးကား တိုးပွားဖတ်ရှုမည်ဟု ယုံကြည်မျှော်လင့်သည်။ တက္ကသိုလ်ဥပဒေပညာဌာန ဥပဒေစာကြည့်တိုက်များအပြင် လက်လှမ်းမီရာ ဥပဒေပညာစာအုပ်များကို ဥပဒေလေ့လာသူတိုင်း မပျက်မကွက် လေ့လာသင့်ကြပေသည်။ ဥပဒေပညာရှင်တစ်ဦး၏ အရည်အသွေးသည် စာအုပ်များများဖတ်နိုင်ခြင်း၊ သုံးသပ်နိုင်ခြင်း၏ အဓိကပြယုဂ်ဖြစ်ပေသည်။

**လက်တွေ့နယ်ပယ်**

ဥပဒေကျောင်းသားများသည် ဥပဒေဘွဲ့ရပြီးပါက တရားသူကြီးဖြစ်မည်။ ဥပဒေအရာရှိဖြစ်မည်။ ရဲအရာရှိဖြစ်မည်။ ရှေ့နေဖြစ်မည်။ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးမဏ္ဍိုင်၏ အခန်းကဏ္ဍများတွင် ပါဝင်မည်။ သူ့နေရာနှင့်သူ ဥပဒေတာဝန်ကို ထမ်းဆောင်ရမည်မှာ သေချာသည်။ ရည်ရွယ်ချက်ကောင်းကောင်းဖြင့် ပြည်သူ့အကျိုးသယ်ပိုးမည်။ နိုင်ငံ့အကျိုးထမ်းရွက်မည်။ စာတွေ့မှ လက်တွေ့သို့ ကူးပြောင်းကြမည်။

**ဥပဒေဘွဲ့မရမီကပင်**

ဥပဒေဘွဲ့မရမီကပင် ကျောင်းသားဘဝ၌ စာတွေ့ဖြင့်သာ မမွေ့လျော်သင့်။ ဥပဒေစာအုပ်ထူထူကြီးများနှင့် အချိန်မကုန်အပ်။ တရားရုံးများသို့ အချိန်ပိုင်း လေ့လာခြင်း၊ အလုပ်သင်ရှေ့နေ လက်တွေ့ကွင်းဆင်းခြင်းမျိုးကဲ့သို့ စာတွေ့၊ လက်တွေ့ပေါင်းစပ်ပေးခြင်း၊ ရဲစခန်း၊ အကျဉ်းဦးစီးဌာန၊ ဆေးရုံစသည့် လက်တွေ့ဘဝများနှင့် ဆက်စပ်လေ့လာမှုမျိုး၊ တရားမမှုဆိုတာ ဘယ်လိုဟာလဲ။ ပြစ်မှုဆိုတာ ဘယ်လိုပါလိမ့်။ F.I.R (ပထမသတင်းပေးတိုင်ကြားချက်)ကို မည်သို့ရေးရကြောင်း၊ လမ်းဖြတ်ကူးစဉ်လိုက်နာရမည့် ပြည်သူ့နီတိ၊ တရားရုံးအမှုတွဲတည်ဆောက်ပုံ၊ ဥပဒေမူကြမ်းလက်တွေ့ရေးဆွဲမှု၊ ဆောင်ရန်၊ ရှောင်ရန်များ၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လက်တွေ့ဆွေးနွေးတင်ပြပုံ၊ ရှေ့နေတစ်ဦး၏ ထိမိသောလျှောက်လဲချက်၊ သက်သေတစ်ဦး၏ အဓိကအရေးကြီးသော အခန်းကဏ္ဍ၊ ရာဇဝတ်ဘေးပြေးမလွတ်ပုံ၊ မူးယစ်ဆေးဝါးမှု၏ ဘဝနိဂုံးစသည်များ. . . (စာတွေ့မှ လက်တွေ့သင်ရိုးများ အမျိုးသားပညာရေးဥပဒေနှင့်အညီ စီမံဆောင်ရွက်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်)။

**နိုင်ငံတကာ ဥပဒေပညာရှင်များ**

နိုင်ငံတကာမှ ဥပဒေပညာရှင်ကြီးများ၊ ဥပဒေပါမောက္ခကြီးများ၊ ကျွမ်းကျင်သူများသည် (ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ကြီး စသည့်) ဥပဒေတက္ကသိုလ်၊ ကောလိပ်များသို့ လာရောက်ဟောပြောခြင်း၊ ခေတ်မီဥပဒေစာအုပ်များ လှူဒါန်းထောက်ပံ့ခြင်း၊ အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာများ ဆွေးနွေးဖလှယ်ခြင်း၊ နည်းမျိုးစုံဖြင့် ဥပဒေပညာဖလှယ်ခြင်း၊ မြန်မာ့တရားဥပဒေများကိုလည်း ပြည်ပတိုင်းပြည်များသို့ ဖြန့်ဝေခြင်း၊ ဟောပြောခြင်း၊ ဆွေးနွေးခြင်းများ ဆောင်ရွက်ကြမည်။ ဥပဒေကျောင်းသားကျောင်းသူများ၊ ပါမောက္ခများ၊ ကထိကများ၊ ဆရာဆရာမများ၏ စုပေါင်းတာဝန်ယူမှု၊ တာဝန်ရှိသူအပေါင်း၏ ထောက်ပံ့ကူညီမှုများဖြင့် ဥပဒေပညာ၏ ဂုဏ်ရောင်ထွန်းပြောင်မည်မှာ မုချဖြစ်ပါသည်။

**ရှေ့နေရှေ့ရပ်များ၏ အခန်းကဏ္ဍ**

ဥပဒေပညာရှင်များဖြစ်ကြသော ရှေ့နေရှေ့ရပ်များ၏ အခန်းကဏ္ဍသည် လွန်စွာအရေးပါသည်။ လူငယ်မျိုးဆက်သစ်များကို ရှေ့နေပညာသင်ပေးသည်။ ဥပဒေပညာဖြင့် ပြည်သူ့အကျိုးမည်သို့သယ်ပိုးမည်ကို ညွှန်ပြသည်။ တရားရုံးများ၏ လက်တွေ့မှုခင်းများ၊ ဆောင်ရန်၊ ရှောင်ရန်များ၊ စာတွေ့နှင့် လက်တွေ့ပေါင်းစပ်မှုများ၊ တရားရုံးများလက်စွဲ၊ ဥပဒေရုံးများ လက်စွဲ၊ ရဲလက်စွဲ၊ ထောင်လက်စွဲ စသည့် ဥပဒေကျင့်စဉ်များ၊ တရားသူကြီး၊ ဥပဒေအရာရှိ၊ ရှေ့နေများ၏ ကျင့်ဝတ်သိက္ခာ၊ ရဲကျင့်စဉ်၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးရာ လက်တွေ့လုပ်ငန်းများအကြောင်း လေ့လာစရာတွေ များလှပေသည်။ သင်ယူစရာတွေ စုံလင်လှပေသည်။ ပြည်တွင်းသာမက ပြည်ပရှေ့နေအသင်းများအကြောင်း စသည်စသည်။

**တရားရုံး၊ ဥပဒေရုံး**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန အစပြု၍ဥပဒေနှင့်ဆက်စပ်ပတ်သက်သော ဌာနများ၊ ရုံးများအကြောင်း၊ တရားဥပဒေဆိုင်ရာ စာတွေ့မှ လက်တွေ့လေ့လာသင့်သည်များ၊ စာတမ်းပြုစုသင့်သည်များ၊ အပြန်အလှန်ငြင်းခုံဆွေးနွေးသင့်သည်များ၊ လက်တွေ့ချပြရေးဆွဲရမည့် ဥပဒေကြမ်းများ၊ အင်္ဂလိပ်ဘာသာဖြင့် တည်ဆဲဥပဒေများကို မြန်မာဘာသာသို့ပြန်ဆိုစေခြင်း၊ မြန်မာဘာသာဖြင့် တည်ဆဲဥပဒေများအား အင်္ဂလိပ်ဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုစေခြင်း၊ အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် အပြန်အလှန်ဥပဒေရေးရာဆွေးနွေးပွဲများ၊ စကားရည်လုပွဲများ၊ ကမ္ဘာ့ကုလသမဂ္ဂတွင် ထင်ရှားသောဆုံးဖြတ်ချက် ချမှတ်ခဲ့သည့် အမှုအခင်းများအား မြန်မာလူငယ်တို့လေ့လာဖတ်ရှုပြီး လူငယ်ကျောင်းသား ဆွေးနွေးပွဲများ၊ သရုပ်ပြတရားရုံးများ (နယ်စပ်ပြဿနာလူမှောင်ခိုကူးမှု၊ နယ်စပ်ဖြတ်ကျော်မှုခင်းများထဲမှ ကောက်နုတ်၍ သင်ယူလေ့လာသင့်သော မှုခင်းကြီးများ၏ အကျိုးအပြစ်များစသည်)၊ တရားရုံး၊ ဥပဒေရုံးများ၏ လက်တွေ့အလုပ်များထဲမှ သင့်နိုးရာရာ၊ သိသင့်သိထိုက်၊ ပညာပေးထိုက်သမျှ လက်ဆင့်ကမ်းဝေငှသည့်သဘော ဖြစ်ပါသည်။

လက်တွေ့အလုပ်ထဲရောက်မှ အလုပ်သဘောကို နားလည်တတ်ကျွမ်းမည် မှန်သော်လည်း စာတွေ့သက်သက်မဖြစ်စေရန် ရည်သန်ပါသည်။

**တံဆိပ်ခေါင်းမကပ်တတ်သော ရှေ့နေ**

တရားရုံးသို့တင်သွင်းသော လျှောက်လွှာအမျိုးမျိုးရှိသည်။ ဘယ်လျှောက်လွှာတင်လျှင် မည်သည့်တန်ဖိုးရှိသော တံဆိပ်ခေါင်းကပ်ရမည်ကိုမသိသော ရှေ့နေများ ယနေ့တိုင်ရှိသေးသည်။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ၊ ရုံးခွန်အက်ဥပဒေများ ဖတ်ရှုမထား၊ ဖတ်ရှုလျှင်လည်း နားမလည်၊ အင်္ဂလိပ်ဘာသာ မကျွမ်းကျင်ကြ၊ နားမလည်ကြ။ ထိုအခါ တရားခွင်စာရေးထံမှာ တပည့်ခံ၍ မေးကြ၊ မြန်းကြရသည်။ ဤသင်ခန်းစာကို ဥပဒေကျောင်းသားတို့က သိစေလိုသည်။ လက်တွေ့ဘဝမှာ အခက်မတွေ့ရအောင်ပါ။

**တင်ပြချက်**

(၁) တရားဥပဒေစိုးမိုးရေး အရေးကြီးသည်။

(၂) ကျောင်းသားများ ဥပဒေတတ်ဖို့လည်း အရေးကြီးသည်။

(၃) လက်တွေ့ပါသော ဥပဒေပညာတတ်ဖို့မှာ ပို၍ပို၍အရေးကြီးလှပါကြောင်း။

> **တရားရုံးများ၏ လက်တွေ့မှုခင်းများ၊ ဆောင်ရန်၊ ရှောင်ရန်များ၊ စာတွေ့နှင့် လက်တွေ့ပေါင်းစပ်မှုများ၊ တရားရုံးများလက်စွဲ၊ ဥပဒေရုံးများ လက်စွဲ၊ ရဲလက်စွဲ၊ ထောင်လက်စွဲ စသည့် ဥပဒေကျင့်စဉ်များ၊ တရားသူကြီး၊ ဥပဒေအရာရှိ၊ ရှေ့နေများ၏ ကျင့်ဝတ်သိက္ခာ၊ ရဲကျင့်စဉ်၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးရာ လက်တွေ့လုပ်ငန်းများအကြောင်း လေ့လာစရာတွေ များလှပေသည်။**





ပြည်တွင်းရေးရာ

# ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင် ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များအားတွေ့ဆုံ

**ရန်ကုန်　　အောက်တိုဘာ　　၁၁**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ Sedona Hotel ၌ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဈေးကွက် တိုးမြှင့်ရန်အတွက် ပြည်ပတွင် ခရီးသွားလုပ်ငန်းရုံးခွဲများ ဖွင့်လှစ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပထမဦးဆုံးအနေဖြင့် ဂျပန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့တွင် ဈေးကွက်မြှင့်တင်ရေးရုံးခွဲများ ဖွင့်လှစ်ရန်လိုအပ်ကြောင်း၊ ထို့နောက် ပြင်သစ်၊ စပိန်နှင့် အင်္ဂလန်စသည့် ဥရောပနိုင်ငံများတွင် တိုးချဲ့ဖွင့်လှစ်ရန်လိုအပ်ကြောင်း၊ သို့မှသာ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Sedona Hotel ၌ ကျင်းပသော ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိသော Star Resources ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းသင်တန်းကျောင်းမှ ကျင်းပသော ဟိုတယ်ဧည့်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး Star of the Batch သင်တန်းသား သင်တန်းသူများအား ဆုချီးမြှင့်သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဗီယက်နမ်နိုင်ငံမှ ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံမှုဖြင့် တည်ဆောက်လျက်ရှိသော HAGL ဟိုတယ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရွှေပြည်သာစက်မှုဇုန်ရှိ စက်ရုံ၊ အလုပ်ရုံများ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် ကြည့်ရှုစစ်ဆေး

**ရန်ကုန်　အောက်တိုဘာ　၁၁**

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာစက်မှုဇုန်ရှိ BEST အထည်ချုပ်စက်ရုံ၊ EXCEL အထည်ချုပ်စက်ရုံနှင့် UMH အထည်ချုပ်စက်ရုံများသို့ ကွင်းဆင်းကြည့်ရှုခဲ့သည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များအား တွေ့ဆုံ၍ လုပ်ငန်းခွင်အေးချမ်းသာယာစေရန်နှင့် ကုန်ထုတ်စွမ်းအားတိုးတက်စေရန်တို့အတွက် အလုပ်ရှင်၊ အလုပ်သမားနှစ်ဦးနှစ်ဖက်ပူးပေါင်းဆောင်ရွက်သွားရန် လိုကြောင်း၊ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်များကိုလည်း နှစ်ဦးနှစ်ဖက် ပွင့်လင်းမြင်သာစွာ ချုပ်ဆိုဆောင်ရွက်သွားရန်လိုကြောင်း၊ အလုပ်ရှင်နှင့် အလုပ်သမားများအနေဖြင့် အလုပ်သမားရေးရာဥပဒေများ၊ နည်းဥပဒေများကို ကောင်းမွန်စွာသိရှိပြီး လိုက်နာဆောင်ရွက်သွားရန်လိုသလို၊ အလုပ်ရှင်များဘက်ကလည်း ဖြည့်ဆည်းဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် စက်မှုဇုန်များတွင် အသိပညာပေးဆွေးနွေးပွဲများ၊ စက်ရုံ၊ အလုပ်ရုံများမှ မန်နေဂျာများနှင့် Supervisor တို့အား စက်ရုံ/အလုပ်ရုံစီမံခန့်ခွဲမှု၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးတို့အတွက် အသိပညာပေးသင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း၊ စက်ရုံ/အလုပ်ရုံများမှ တာဝန်ရှိသူများအနေဖြင့် အလေးအနက်ထားပြီး တက်ရောက်ရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အလုပ်သမားအဖွဲ့အစည်းများနှင့်တွေ့ဆုံကာ မိမိတို့အနေဖြင့် အလုပ်သမားရေးရာ အငြင်းပွားမှုများကို အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင်သာမက အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဖြေရှင်းပေးလျက်ရှိပါကြောင်း၊ အလုပ်သမားခေါင်းဆောင်များ၏ တင်ပြချက်များအား ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကာ အလုပ်သမားရေးရာဆောင်ရန်၊ ရှောင်ရန် ပညာပေးစာအုပ်များကို ဝေငှပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၅၈)ဆင်းပွဲ (အထက်မြန်မာပြည်)၌ကျင်းပ

**နေပြည်တော်　အောက်တိုဘာ　၁၁**

အခြေခံပညာဆရာ ဆရာမများအထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅၈) ဆင်းပွဲအခမ်းအနားကို အောက်တိုဘာ ၁၁ ရက် နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရွှေ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာကျော်ကျော်ဌေးနှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက အမှာစကားပြောကြားရာတွင် အခြေခံပညာကျောင်းများတွင် ပညာရေးအရည်အသွေးမြင့်မားလာအောင် ဆရာ ဆရာမများအနေဖြင့် စေတနာ၊ ဝါသနာ၊ အနစ်နာခံကာ ဆောင်ရွက်နေသည့် စိတ်ဓာတ်ကောင်းနှင့် ဆက်လက်ပြီး နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အတန်းလိုက်ပြဋ္ဌာန်းထားသည့် သင်ရိုးဝင်ဘာသာရပ်များနှင့် တွဲဖက်သင်ရိုးဝင်ဘာသာရပ်များကို ဟန်ချက်ညီညီ သင်ကြားပို့ချချိန်ဇယားအတိုင်း ပြည့်ပြည့်ဝဝလေ့ကျင့် သင်ကြားပေးကြရန် လိုကြောင်း၊ ဆရာ့စိတ်ဓာတ် နိုးကြားရှင်သန်နေပြီး ဆရာ့ကျင့်ဝတ်၊ သိက္ခာနှင့်ညီသည့် ဆရာကောင်း ဆရာမြတ်တွေ စဉ်ဆက်ပေါ်ထွန်းလာရန်အတွက် မွမ်းမံသင်တန်းများ၊ ဉာဏ်သစ်လောင်း သင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်းဖြင့်မှာကြားပြီး ထူးချွန်ဆုရ သင်တန်းသား သင်တန်းသူများအား ဆုများချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များကို တပ်ခွဲအလိုက်ပေးအပ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■

☆ **ကျောဖုံးမှ**

ရမှတ်လေးမှတ်ဖြင့် နောက်တစ်ဆင့်တက်ရန် အခြေအနေကောင်းသွားခဲ့ပြီဖြစ်သည်။

မြန်မာအသင်းမှာ ယီမင်နှင့်ပွဲတွင် ကစားခဲ့သည့် ပွဲထွက်လူစာရင်းကို အနည်းငယ်အပြောင်းအလဲပြုလုပ်ခဲ့ပြီး အောင်သူကို ဘယ်တောင်ပံ၊ သန်းပိုင်ကို တိုက်စစ်အထောင်တွင်ထားပြီး ငြိမ်းချမ်းအောင်က နောက်ချန်တိုက်စစ်အဖြစ် ကစားခဲ့သည့် မြန်မာအသင်းတိုက်စစ်မှာ ထိုင်းအသင်းကို ဖိအားပေးနိုင်ခဲ့သည်။ ကွင်းလုံးပြည့်နီးပါး မြန်မာဘောလုံးချစ်ပရိသတ်တို့၏ တစ်ခဲနက်အားပေးမှုနှင့်အတူ မြန်မာအသင်းမှာ မြိုင်ဆိုင်သည့် ကစားကွက်၊ ထိရောက်သည့် တိုက်စစ်တွဲလုံးတို့ဖြင့် ပွဲစကတည်းက ထိုင်းအသင်းကို ဖိအားပေးကစားနိုင်ခဲ့သည်။ ပွဲအစ ၁၃ မိနစ်မှာပင် ငြိမ်းချမ်းအောင်၏အဖွင့်ဂိုးစတင်ရရှိခဲ့သောကြောင့် မြန်မာအသင်း ယုံကြည်မှုပိုရှိကာ တရစပ်ဖိကစားနိုင်ခဲ့သည် ‘ဂိုး’ ဟူသော မြန်မာဘောလုံးပရိသတ်များ၏ အော်သံမှာ သုဝဏ္ဏကွင်းအတွင်း ဘဝဂ်ညံသွားခဲ့ပြီး ထိုင်းအသင်း ကစားပုံ တည်မရဖြစ်ကာ ပြိုဆင်းသွားခဲ့သည်။ မြန်မာအသင်းမှာ ဂိုးထပ်မံရရှိရေးအတွက် တရစပ်ဆက်လက်ဖိကစားခဲ့ပြီး ၁၈ မိနစ်တွင် တန်ပြန်တိုက်စစ်မှတစ်ဆင့် ငြိမ်းချမ်းအောင်က ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။

နေရာစုံမှ တိုက်စစ်ဆင်နေသည့် အိမ်ရှင်မြန်မာအသင်း တိုက်စစ်ကို ထိုင်းနောက်တန်းလုံးဝထိန်းချုပ်နိုင်ခြင်းမရှိတော့ဘဲ ၄၁ မိနစ်တွင် အောင်သူက တတိယအနိုင်ဂိုးကိုသွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းမှာ အနိုင်ရလဒ်ကို ထိန်းကစားသွားခဲ့ပြီး ထိုင်းတိုက်စစ်ကို ဂိုးပြန်မပေးရအောင် ထိန်းချုပ်နိုင်ခဲ့သည်။ ထိုင်းအသင်းချေပဂိုးရရှိနိုင်သည့် အခွင့်အရေးအချို့ ပြန်ရခဲ့သော်လည်း မြန်မာဂိုးသမားမျိုးမင်းလတ်က ကာကွယ်နိုင်ခဲ့ခြင်း၊ အဆုံးသတ်အားနည်းခြင်းတို့ကြောင့် ဂိုးမရခဲ့ပေ။ မြန်မာအသင်းမှာ ပထမပိုင်းတွင် ရရှိခဲ့သော အနိုင်ဂိုး သုံးဂိုးဖြင့် ထိုင်းကို အနိုင်ယူကာ မြန်မာဘောလုံးပရိသတ်များ ပျော်ရွှင်အောင် စွမ်းဆောင်နိုင်ခဲ့ပြီဖြစ်သည်။

ယနေ့ပွဲအပြီးတွင် အုပ်စု(က)၌ အိမ်ရှင်မြန်မာအသင်းနှင့် ယီမင်အသင်းတို့က လေးမှတ်စီ၊ ထိုင်းအသင်းက သုံးမှတ်ရရှိထားပြီး အီရန်အသင်းမှာ နှစ်ပွဲရှုံးဖြင့် အမှတ်မရသေးပေ။ မြန်မာအသင်းမှာ အုပ်စုနောက်ဆုံးပွဲအဖြစ် အောက်တိုဘာ ၁၃ ရက်တွင် အီရန်အသင်းနှင့် ကစားရမည်ဖြစ်သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသော ပထမပွဲတွင် ယီမင်အသင်းက အီရန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ယီမင်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲအစခုနစ်မိနစ်တွင် သာဂိုရီက သွင်းယူပေးခဲ့သည်။ နှစ်ပွဲဆက်ရှုံးနိမ့်ခဲ့သည့် အီရန်အသင်းမှာ အုပ်စုမှ ထွက်ခဲ့ရပြီဖြစ်သည်။

ဝဏ္ဏသိဒ္ဓိကွင်း၌ ကျင်းပသောပွဲစဉ်များတွင် ဂျပန်အသင်းက ဗီယက်နမ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး တောင်ကိုရီးယားနှင့် တရုတ်အသင်းတို့ ဂိုးမရှိသရေကျခဲ့သည်။

**ယနေ့ပွဲ (သုဝဏ္ဏကွင်း)**

| | |
|---|---|
| ညနေ ၃ နာရီခွဲ | အင်ဒိုနီးရှား-ဩစတြေးလျ |
| ညနေ ၆ နာရီခွဲ | ယူအေအီး-ဥဇဘက်ကစ္စတန် |

**(ဝဏ္ဏသိဒ္ဓိကွင်း)**

| | |
|---|---|
| ညနေ ၃ နာရီခွဲ | အိုမန်-မြောက်ကိုရီးယား |
| ညနေ ၆ နာရီခွဲ | ကာတာ-အီရတ် |

# အာရှယူ-၁၉ ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ ဂျပန်နိုင်ပွဲပြန်ရ၊ တရုတ်နှင့် တောင်ကိုရီးယား သရေကျ

**နေပြည်တော် အောက်တိုဘာ ၁၁**

မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းသည့် အာရှယူ-၁၉ ချန်ပီယံရှစ် (၂၀၁၄) ဘောလုံးပြိုင်ပွဲ အုပ်စု(ဂ) ပွဲစဉ်များကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ ဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ ဂျပန်နိုင်ပွဲပြန်ရခဲ့ပြီး တရုတ်နှင့်တောင်ကိုရီးယားအသင်းတို့ သရေကျခဲ့သည်။



သတင်းနှင့်ဓာတ်ပုံ ကိုကိုစိုးညွန့်

**ပထမပွဲ**

**ဂျပန် - သုံးဂိုး**

**ဗီယက်နမ် - တစ်ဂိုး**

ဂျပန်အသင်းမှာ မထင်မှတ်ဘဲ ပွဲဦးထွက်ရှုံးနိမ့်ထား၍ ယခုပွဲအနိုင်ရရန် ဂရုစိုက်ကစားခဲ့သည်။ ပြိုင်ဘက်မှာ အသင်းငယ်ဖြစ်သော်လည်း အနိုင်ရရန်မလွယ်ကူခဲ့ပေ။ ပထမပိုင်းတွင် ဂိုးကံခေကာ ၅၉ မိနစ်တွင် အိုကူဂါဝါက ဦးဆောင်ဂိုးသွင်းခဲ့သည်။ မိနစ် ၉၀ တွင် ချေပဂိုးပေးလိုက်ရပြီး စိတ်ဓာတ်မကျဘဲ ကြိုးစားခဲ့ရာ နောက်ဆုံး အချိန်ပိုမိနစ်တွင် နှစ်ဂိုးသွင်းကာ အနိုင်ရခဲ့သည်။ နိုင်ပွဲပြန်လည်ရရှိသဖြင့် ဂျပန်အသင်း နောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက်ရှိလာသည်။ ဗီယက်နမ်အသင်းမှာ အသင်းကြီးများနှင့် အုပ်စုကျပ်ပြီး ဆက်လက်ရှုံးနိမ့်ခဲ့သဖြင့် အုပ်စုအဆင့်နှင့်သာ ကျေနပ်ခဲ့ရသည်။ ဗီယက်နမ်အသင်းသည် ယခုပွဲတွင် အကောင်းဆုံးကစားသွားနိုင်ခဲ့ပြီး ဂျပန်အသင်းကို အခက်တွေ့စေခဲ့သည်။ ဂျပန်အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ သုံးမှတ်၊ ဗီယက်နမ်အသင်းက နှစ်ပွဲစလုံးရှုံးနိမ့်ကာ အမှတ်မရသေးဘဲ နောက်တစ်ဆင့် မတက်တော့ပေ။

**ဒုတိယပွဲ**

**တရုတ် - ဂိုးမရှိ**

**တောင်ကိုရီးယား - ဂိုးမရှိ**

လက်ရှိချန်ပီယံတောင်ကိုရီးယားအသင်းမှာ ဂိုးမသွင်းနိုင်ဘဲ သရေနှင့်သာ ကျေနပ်ခဲ့ရပြီး နိုင်ပွဲပျောက်ခဲ့သည်။ တောင်ကိုရီးယားတိုက်စစ်မှူးများ တစ်ဖက်ခံစစ်ကို မကျော်လွှားနိုင်ဘဲ တစ်မှတ်သာရရှိခဲ့သည်။ နှစ်သင်းစလုံး နိုင်ပွဲကိုယ်စီရထားပြီး ယခုပွဲနိုင်လျှင် နောက်တစ်ဆင့်တက်ရန် သေချာသဖြင့် အကြိတ်အနယ်ရှိခဲ့သည်။ တောင်ကိုရီးယားအသင်းမှာ ယခုပွဲသရေကျခဲ့သဖြင့် နောက်တစ်ဆင့်တက်ရန် ရှန်းကန်ရဦးမည်ဖြစ်သည်။ တရုတ်အသင်းမှာ ဆက်လက်နိုင်ပွဲရရန် ကြိုးစားခဲ့သော်လည်း အဆုံးသတ်အားနည်းမှုကြောင့် သရေဖြင့်သာ ကျေနပ်ခဲ့ရသည်။ ခံစစ်ကိုအဓိကထား၍ တန်ပြန်တိုက်စစ်ဖြင့် ကစားခဲ့သည်။ သရေကျခဲ့သော်လည်း နောက်တစ်ပွဲမှာ ဗီယက်နမ်အသင်းနှင့် ကစားရမည်ဖြစ်၍ ကွာတားဖိုင်နယ်တက်ရန် သေချာသလောက် ဖြစ်နေသည်။ တောင်ကိုရီးယားအသင်းနှင့် တရုတ်အသင်းတို့ တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်စီ ရရှိထားသည်။

**ဝဏ္ဏသိဒ္ဓိကွင်း**

**(ပထမပွဲ) ၃း၃၀**

**အိုမန်နှင့် မြောက်ကိုရီးယား**

**(ဒုတိယပွဲ) ၆း၃၀**

**ကာတာနှင့် အီရတ်**

# မီးဖိုမီးကြွင်းအား သတိပြုရန်

(က) သင့်ရဲ့အိမ်မှာ မီးဖိုမီးကြွင်းမှတစ်ဆင့် မီးလောင်မှုများဖြစ်ပွားတတ်သဖြင့် မီးဖိုများသုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲ ပြုလုပ်ရန်။

(ခ) သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကိုပိတ်၊ ပလပ်ကိုဖြုတ်၊ မိန်းခလုတ် (Main Switch) တို့ကို ချထားပြီးမှ အပြင်သွားခြင်းကို သတိထားပြီး အလေ့အကျင့်ပြုလုပ်ပါ။

(ဂ) မီးဖိုမီးကြွင်းမီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင်လူစောင့်မထားဘဲ တစ်အိမ်လုံး အပြင်သို့သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။

**မီးသတ်ဦးစီးဌာန။**

ပြည်တွင်းရေးရာ

# နိုင်ငံခြားဘာသာစကားတွေ ကျွမ်းကျင်လာရင် နိုင်ငံတကာက ခေတ်မီပညာတွေကိုလေ့လာနိုင်လာမည်

နန္ဒာဝင်း

ယနေ့ခေတ်တွင် ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာဖြစ်လာသည်။ နည်းပညာတိုးတက်လာမှုနဲ့အတူ ပေါင်းကူးဆက်သွယ်နိုင်ရန် ဘာသာစကားလိုအပ်ချက်သည် ကျယ်ပြန့်လာသည်။ မြန်မာလူငယ်များ၏ သင်ယူနိုင်မှုစွမ်းရည် တိုးတက်လာသလို ကမ္ဘာနှင့်ရင်ပေါင်တန်းရန်နှင့် နိုင်ငံတကာ၏ ဖွံ့ဖြိုးတိုးတက်နေသော ပညာရပ်များကို လေ့လာခွင့်ရရန် ဘာသာစကားသင်ကြားပေးနေသည့် သင်တန်းများသည် ဈေးကွက်တစ်ခုသဖွယ်ဖြစ်လာသည်။ နိုင်ငံခြားဘာသာရပ်များကို သင်ကြားပေးနေသည့် တက္ကသိုလ်များသို့ တက္ကသိုလ်ဝင်တန်းရမှတ်မြင့်သည့် ကျောင်းသား ကျောင်းသူအများစုကလည်း ဦးစားပေးလျှောက်ထားလာကြသည်။ ထို့အတူ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်က ဘီအေဘွဲ့၊ ဘွဲ့လွန်ဒီပလိုမာဘွဲ့၊ မဟာဘွဲ့များသာမက မြန်မာလူငယ်များနှင့် မိဘပြည်သူများ နိုင်ငံခြားဘာသာရပ်များကို လေ့လာသင်ယူနိုင်မှု အခွင့်အရေးရရှိစေရန် (Certificate) အသိအမှတ်ပြုလက်မှတ်ချီးမြှင့်သည့်သင်တန်းများ အချိန်ပိုင်းဒီပလိုမာသင်တန်းများ စသည်ဖြင့် ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ပါမောက္ခချုပ်ဒေါက်တာလွင်လွင်စိုးအား ယခုကဲ့သို့ တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**မေး ။ ။ ရန်ကုန်နိုင်ငံခြားသာသာတက္ကသိုလ်ဆိုပြီး စတင်ဖြစ်ပေါ်လာပုံကို သိချင်ပါတယ်။**

ဖြေ ။ ။ ၁၉၆၄ ခုနှစ် ဇန်နဝါရီလ ၁၆ရက်နေ့မှာ ဘာသာခြားစာသင်ကျောင်းဆိုတဲ့အမည်နဲ့ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ၁၉၉၆မှာတော့ နိုင်ငံခြားဘာသာသိပ္ပံ (Institute of Foreign Languages) အဖြစ်မှ တက္ကသိုလ်အဆင့်တိုးမြှင့်ပြီး ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် (Yangon University of Foreign Languages) အဖြစ် နိုင်ငံခြားဘာသာစကားတွေကို ကျောင်းသား ကျောင်းသူတွေအတွက်သာမက လေ့လာသင်ယူလိုသူများအတွက်ပါ သင်ကြားပေးလျက်ရှိပါတယ်။

၁၉၆၄ ခုနှစ်မှာ ဂျာမန်၊ ပြင်သစ်၊ ဂျပန်၊ ရုရှားဆိုပြီး ဘာသာစကားလေးမျိုးကို စတင်သင်ကြားပေးခဲ့ပြီး ၁၉၆၅ ခုနှစ်မှာ တရုတ်နဲ့ ၁၉၆၉ ခုနှစ်မှာ အင်္ဂလိပ်ဘာသာစကားတို့ကို တိုးချဲ့သင်ကြားပေးခဲ့ပါတယ်။ ယခုလက်ရှိတွင် အရှေ့တိုင်းဘာသာစကားများအနေနဲ့ ဂျပန်၊ တရုတ်၊ ထိုင်း၊ ကိုရီးယား၊ အနောက်တိုင်းဘာသာစကားများအနေနဲ့ ပြင်သစ်၊ ဂျာမန်၊ ရုရှား၊ အင်္ဂလိပ်ဆိုပြီး နိုင်ငံခြားဘာသာစကားကြီး ရှစ်ခုနှင့် နိုင်ငံခြားသားများအတွက် မြန်မာဘာသာစကားကို ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှာ သင်ကြားပေးလျက်ရှိပါတယ်။

**မေး ။ ။ ကျောင်းသူ ကျောင်းသား လက်ခံသင်ကြားပေးမှု အခြေအနေကိုလည်း သိချင်ပါတယ်။**

ဖြေ ။ ။ တက္ကသိုလ်ရဲ့ ပုံမှန်သင်တန်းတွေမှာ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူတွေအနေနဲ့ အင်္ဂလိပ်ဘာသာကို လျှောက်ထားသူအများဆုံးဖြစ်ပြီး ဒုတိယ ဂျပန်၊ တတိယ တရုတ်ဘာသာစကားတွေကို ဦးစားပေးလျှောက်ထားကြပါတယ်။ နှစ်စဉ်နှစ်တိုင်း ကျောင်းသား ကျောင်းသူ ၇၀၀ လောက်ကို လက်ခံသင်ကြားပေးနေပါတယ်။ ဆရာ ဆရာမနှင့် ကျောင်းသားအချိုးညီစေဖို့ ဂျာမန်ဘာသာနှင့် ထိုင်းဘာသာအတွက် ၅၀ ခန့် လက်ခံပြီး ကျန်ဘာသာစကားများအတွက် ၁၀၀ ဝန်းကျင် လက်ခံပါတယ်။

**မေး ။ ။ ပြီးခဲ့တဲ့နှစ်တွေက ခေါ်ယူခဲ့တဲ့ ရမှတ်အခြေအနေနဲ့ ဒီနှစ် ဘယ်လိုခေါ်ယူသွားမယ်ဆိုတာကို ပြောပြပေးပါ။**

ဖြေ ။ ။ အင်္ဂလိပ်ဘာသာစကားအတွက် ၂၀၁၁ -၁၂ခုနှစ်က အနိမ့်ဆုံးရမှတ် ၄၈၉ မှတ်၊ ၂၀၁၂-၁၃ ဆို ၄၉၂ မှတ်၊ ၂၀၁၃-၁၄ မှာတော့ ၄၇၉ မှတ်နဲ့ လက်ခံခဲ့ပါတယ်။ အဲဒါက ဝင်ခွင့်အမှတ်အမြင့်ဆုံးဘာသာစကားဖြစ်ပါတယ်။ ရုရှားဘာသာစကားကတော့ ဝင်ခွင့်အမှတ် အနိမ့်ဆုံးဖြစ်ပြီး ၂၀၁၁-၁၂မှာ ၄၂၅ မှတ်၊ ၂၀၁၂-၁၃ မှာ ၄၃၇ မှတ် နဲ့ ၂၀၁၃-၁၄မှာ ၄၃၅ မှတ် ရရှိသူများ ဝင်ခွင့်ရခဲ့ပါတယ်။ ဒီကျောင်းကို ဝင်ခွင့်ရတဲ့သူတွေက အင်္ဂလိပ်စာနဲ့ မြန်မာစာတော်တဲ့သူတွေများပါတယ်။ ဘာသာစကားတွေကို စိတ်ဝင်စားသူတွေဖြစ်ကြပါတယ်။ ဒီနှစ်မှာလည်း လျှောက်ထားသူများရဲ့ တက္ကသိုလ်ဝင်တန်းရမှတ်ပေါ်မူတည်ပြီး ၇၀၀ ဝန်းကျင် ခေါ်ယူမှာဖြစ်ပါတယ်။ ခေါ်ယူမယ့် အနည်းဆုံးရမှတ်ကတော့ ကျောင်းသား ကျောင်းသူတွေရဲ့ လျှောက်ထားမှုပေါ်မှာမူတည်မှာပါ။

**မေး။ ။ သင်ကြားပေးနေတဲ့ သင်ရိုးညွှန်းတမ်းတွေနဲ့ ပတ်သက်ပြီးလည်း သိချင်ပါတယ်။**

ဖြေ ။ ။ သင်ရိုးညွှန်းတမ်းတွေကိုလည်း Board of Studies ဆိုတဲ့ ပညာရေးအဖွဲ့များကို နိုင်ငံခြားဘာသာတက္ကသိုလ်နှစ်ခုက ဆရာ ဆရာမတွေနဲ့ ဖွဲ့စည်းထားပြီး နှစ်စဉ်ဘာသာစကားဌာနအလိုက် အစည်းအဝေးများ ကျင်းပပြီး ဆန်းစစ်သုံးသပ်ဆွေးနွေးကြပါတယ်။ အထူးသဖြင့် သက်ဆိုင်ရာဘာသာစကား တိုင်းပြည်က တက္ကသိုလ်တွေရဲ့ သင်ရိုးညွှန်းတမ်းတွေကိုလေ့လာပြီး ဘာသာစကားအသီးသီးရဲ့ သင်ရိုးညွှန်းတမ်းတွေကို အစဉ်သုံးသပ်ပြီး ပြုပြင်ပြောင်းလဲသင်ကြားဖို့ ဆွေးနွေးဆုံးဖြတ်ကြပါတယ်။

**မေး ။ ။ သင်ရိုးညွှန်းတမ်းတွေအပြင် ဘာသာစကားသင်ကြားရေးမှာ အထောက်အကူရအောင် ဘယ်လို (Activities) လှုပ်ရှားမှုတွေကို ထည့်သွင်းထားပါသလဲ။**

ဖြေ ။ ။ ဒီကျောင်းက သက်ဆိုင်ရာဘာသာစကားအသီးသီးကို ကျွမ်းကျွမ်းကျင်ကျင် ပြောဆိုရေးသားနိုင်အောင် သင်ပေးတဲ့နေရာမှာ ဘာသာစကားကျွမ်းကျင်ဖို့ အထောက်အကူပြု Activities များစွာမှာ လက်တွေ့ပါဝင်ဆောင်ရွက်နိုင်ဖို့ ဖန်တီးဆောင်ရွက်ပေးပါတယ်။ တစ်နှစ်လုံးမှာ တက္ကသိုလ်တစ်ခုလုံးအတွက်ပြက္ခဒိန်ရေးဆွဲပြီး (Semester) ပထမနှစ်ဝက်၊ ဒုတိယနှစ်ဝက်ဆိုပြီး နှစ်ဝက်တိုင်းမှာ ဘယ်လိုဘာသာစကား အထောက်အကူပြု လှုပ်ရှားမှုတွေ လုပ်ကြမယ်ဆိုပြီး စီမံချက်ချထားပါတယ်။

ဥပမာ စာသင်နှစ်ဝက်အလိုက် ပြဇာတ်တိုတင်ဆက်ခြင်း၊ စကားဝိုင်းဆွေးနွေးပွဲကျင်းပခြင်း၊ ကျပန်းစကားပြောပြိုင်ပွဲကျင်းပခြင်းတွေကို ထည့်သွင်းလေ့ကျင့်ပေးပါတယ်။ စကားရည်လုပွဲ၊ သဏ္ဍာန်တူလုပ်ဆောင်ခြင်း၊ ပိုစတာပြိုင်ပွဲ၊ သတင်းလွှာထုတ်လုပ်ခြင်းများအပြင် ဘာသာစကားအလိုက် နှစ်သစ်ကူးပွဲ၊ ဘာသာစကားနေ့စသည်ဖြင့် ကျင်းပပေးပါတယ်။ အဲဒီပြိုင်ပွဲတွေကို ကိုယ်သင်ယူနေတဲ့ သက်ဆိုင်ရာဘာသာစကားနဲ့ ယှဉ်ပြိုင်ကြရပြီး လာရောက်ကြည့်ရှုတဲ့ ပရိသတ်နားလည်အောင် မြန်မာဘာသာပြန်ကို Power Point နဲ့ ထိုးပြပေးရပါတယ်။



ပါမောက္ခချုပ် ဒေါက်တာလွင်လွင်စိုး။

အတန်းတွင်းသင်ယူရတဲ့ သင်ခန်းစာတွေထဲမှာလည်း ကျောင်းသား ကျောင်းသူတွေ ကိုယ်တိုင်ပါဝင်လေ့လာသင်ယူရတဲ့ (Student- Centered Approach)နဲ့ စွမ်းရည် (၈)ရပ်ဖြစ်တဲ့ (Self-Study Skill, Critical Thinking Skill, Creative Skill, Synthesis Skill, Analytical Skill, Communication Skill, Decision Making Skill, Problem Solving Skill) ကို မြင့်မားစေတဲ့ Lesson Plan တွေ ရေးဆွဲထားတဲ့အတိုင်း ဆရာ ဆရာမများက သင်ကြားပေးကြရတယ်။

ဥပမာ- ဘာသာစကားကို နည်းနည်းကျွမ်းကျင်လာတဲ့ ဒုတိယနှစ်မှာ ကျောင်းသား ကျောင်းသူတွေကို သင်ခန်းစာထဲမှ သဏ္ဍာန်တူလုပ်ဆောင်ခြင်းလှုပ်ရှားမှုများကို လုပ်ခိုင်းတယ်။ အကြောင်းအရာတစ်ခုကို ဥပမာ- ကျောင်းပိတ်ရက်မှာ မိသားစုခရီးထွက်ခြင်းအတွက် အဖေ၊ အမေ၊ သား၊ သမီးတို့ စကားဝိုင်းပြော သဏ္ဍာန်တူလုပ်ဆောင်စေတာမျိုးဖြစ်တယ်။ အသက်အရွယ်နဲ့ အခြေအနေအရ သုံးသင့်တဲ့ စကားအသုံးအနှုန်းများသုံးရတဲ့ သဏ္ဍာန်တူလုပ်ဆောင်ပြောဆိုကြခြင်းဖြစ်တယ်။ ဘာသာစကားမှာ စာအရေးအသားနဲ့ အပြောစကားမတူတာတွေ၊ ယဉ်ကျေးမှုအရ အဖေ အမေကို ပြောရမယ့်စကား၊ သား သမီးကို ပြောရမယ့်စကား၊ မောင်နှမအချင်းချင်းပြောရမယ့် စကား အသုံးအနှုန်းမတူတာတွေကိုပါ လေ့ကျင့်ပြီးဖြစ်သွားတယ်။ ဆရာ ဆရာမတွေက အမှား၊ အမှန်ကို စောင့်ကြည့်ပြီး ပြန်ဝေဖန်သင်ကြားပြသပေးကြရတယ်။

**မေး ။ ။ အရင်က စာသင်နှစ်က သုံးနှစ် ၊ အခုပညာသင်နှစ်ကစပြီး တစ်နှစ်တိုးလာပြီး လေးနှစ်ဖြစ်သွားတော့ ကွာခြားချက်တွေရှိရင်လည်း ပြောပြပေးပါဦး။**

ဖြေ ။ ။ သင်ရိုးညွှန်းတမ်းတွေကိုလည်း ကမ္ဘာ့အဆင့်မီအောင်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့်တိုးချဲ့သင်နိုင်ပြီး ကျောင်းသင်ခန်းစာတွေအပြင် ကျောင်းသား ကျောင်းသူတွေ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကစား၊ အနုပညာလှုပ်ရှားမှုတွေပါ ပိုပြီးလုပ်ဖို့ အချိန်ရလာတယ်။ နောက်ပြီး တက္ကသိုလ်ကျောင်းသား ကျောင်းသူများအနေနဲ့ တက္ကသိုလ် ကျောင်းသား ကျောင်းသူဘဝကို ပျော်ပျော်ရွှင်ရွှင်နဲ့ ဖြတ်သန်းသွားနိုင်ပြီး လေ့လာစရာအကြောင်းအရာတွေကို နောက်ဆုံးနှစ်မှာ ထပ်ပြီးတိုးလေ့လာလို့ရတယ်၊ ဒီမှာ . . စီးပွားရေးမှာသုံးတဲ့ ဘာသာစကား၊ ယဉ်ကျေးမှုကိုပြတဲ့ အနုစာပေတွေကိုလည်း ထပ်ထည့်သင်ပေးတယ်။ သက်ဆိုင်ရာ တိုင်းပြည်တွေကို သွားတဲ့အခါမှာလည်း အထောက်အကူရမှာဖြစ်ပါတယ်။

**မေး ။ ။ အခြားနိုင်ငံတွေနဲ့ ပညာရေး ပူးပေါင်းဆောင်ရွက်မှုတွေ ရှိရင်လည်း သိချင်ပါတယ်။**

ဖြေ ။ ။ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်အနေနဲ့ နိုင်ငံခြားတက္ကသိုလ်အဖွဲ့အစည်း ၁၀ ခုနဲ့ ကျောင်းသား၊ ဆရာဖလှယ်ခြင်း (Exchange Program) နဲ့ ပညာရေးပူးပေါင်းဆောင်ရွက်မှုတွေလုပ်ဖို့ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပြီးဖြစ်ပါတယ်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ဂျာမနီနိုင်ငံနှင့် ပြင်သစ်နိုင်ငံတွေမှာရှိတဲ့ တက္ကသိုလ်၊ အဖွဲ့အစည်းတွေနဲ့ MoU, MoA ရေးထိုးထားပြီး သက်ဆိုင်ရာ ဘာသာစကားသင်ကြားရေးတိုးတက်အောင် ဆောင်ရွက်သလို မြန်မာဘာသာစကားသင်ကြားချင်တဲ့ တက္ကသိုလ်တွေအတွက်လည်း ဆရာ၊ ကျောင်းသားဖလှယ်ခြင်းများ ဆောင်ရွက်ရန် စီစဉ်နေပါတယ်။ အထူးသဖြင့် ထိုင်းနိုင်ငံက Naresuam တက္ကသိုလ်နဲ့ TICA အဖွဲ့အစည်းတို့ပူးပေါင်းပြီး ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်က မဟာဘွဲ့သင်တန်း၊ ပညာသင်ဆုနဲ့ နှစ်စဉ် ဆရာနှစ်ယောက်နဲ့ ကျောင်းသား ၁၅ ယောက်တို့က ထိုင်းနိုင်ငံကို လေ့လာရေးခရီးအတွက် ဆောင်ရွက်ပေးမှုတွေရှိနေပါပြီ။

**မေး ။ ။ ဘွဲ့ပေးတဲ့ အခြေအနေတွေကို ရှင်းပြပေးစေချင်ပါတယ်။**

ဖြေ ။ ။ ဘာသာစကားကိုးခု မြန်မာဘာသာအပါအဝင် ဝိဇ္ဇာဘွဲ့ပေးပြီး၊ အင်္ဂလိပ်ဘာသာအတွက် MA English as a Foreign Language (EFL) နဲ့ ကျန်ဘာသာစကားများအတွက် မဟာဝိဇ္ဇာဘွဲ့တွေပေးပါတယ်။ တရုတ်ဘာသာအတွက်တော့ ပါရဂူဘွဲ့အထိ ပေးဖို့ရှိပါတယ်။ အချိန်ပိုင်းဘွဲ့လွန်ဒီပလိုမာကို ဘာသာစကား ခြောက်ခုဖြစ်တဲ့ တရုတ်၊ ဂျပန်၊ ပြင်သစ်၊ ဂျာမန်၊ ရုရှား၊ ကိုရီးယား ဘာသာတွေနဲ့ ဘာသာဗေဒဘာသာရပ်အတွက်ပေးပါတယ်။ မကြာခင် ထိုင်းဘာသာစကားအတွက်လည်း မဟာဘွဲ့ပေးတော့မှာ ဖြစ်ပါတယ်။ ကျွမ်းကျင်မှုလက်မှတ်တွေအနေနဲ့လည်း မြန်မာဘာသာစကားသင်တဲ့ နိုင်ငံခြားသားတွေကိုပါ ပေးပါတယ်။ အချိန်ပြည့် ဒီပလိုမာဘွဲ့ကို အင်္ဂလိပ်ဘာသာနဲ့ မြန်မာဘာသာသင်သော နိုင်ငံခြားသားများအတွက် ပေးပါတယ်။

**မေး ။ ။ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ကို အခြားနိုင်ငံက မြန်မာဘာသာရပ်ကို လာသင်နေတာတွေရှိရင်လည်း ပြောပြပေးပါဦးရှင့်။**

ဖြေ ။ ။ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ဟာ (Center of Excellence for Teaching of Myanmar as a Foreign Language)အဖြစ် နိုင်ငံခြားသားတွေကို မြန်မာစာသင်တဲ့ အဆင့်မြင့်တက္ကသိုလ်တစ်ခုဖြစ်ပါတယ်။ အခုဆိုရင် တရုတ်၊ ကိုရီးယား၊ ဂျပန်၊ ဂျာမနီ စတဲ့ အနောက်နိုင်ငံတွေအပါအဝင် နိုင်ငံပေါင်း ၁၀ခုက နိုင်ငံခြားသား ၂၄၁ ယောက် မြန်မာဘာသာရပ်ကို လာရောက်သင်ယူနေကြပါတယ်။ အများဆုံးက ကျွမ်းကျင်မှုသင်တန်းမှာ တက်တာများတယ်။ အခြေခံ၊ ကြားအဆင့်နဲ့ အဆင့်မြင့်ဆိုပြီး သုံးမျိုးရှိပါတယ်။ အချိန်ပြည့် ဒီပလိုမာ နှစ်နှစ်သင်တန်းလာတက်တာတွေရှိသလို ဘီအေ လေးနှစ်သင်တန်း လာတက်တာတွေလည်းရှိတယ်။ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ရဲ့ COE အနေနဲ့ နိုင်ငံခြားသားများကို မြန်မာဘာသာစကား သင်ကြားပေးလိုသူများအတွက် စနစ်တကျပို့ချနည်းနှင့် အသိအမှတ်ပြုလက်မှတ်ပေးမယ့် သင်တန်းများအထိ ဖွင့်လှစ်ပို့ချရန် ရည်ရွယ်ထားပါတယ်။ နိုင်ငံခြားသားများ မြန်မာဘာသာစကားသင်ကြားမှုတိုးတက်ရေးအတွက် နိုင်ငံတကာရှိ မြန်မာစကားသင်ကြားနေသော တက္ကသိုလ်အဖွဲ့အစည်းများအတွက်ပါ နိုင်ငံတကာအလုပ်ရုံ ဆွေးနွေးပွဲတွေ၊ သုတေသနပူးပေါင်းဆောင်ရွက်မှုတွေလုပ်မှာပါ။

**မေး ။ ။ လုပ်ငန်းခွင်ဝင်နေကြတဲ့ ဘာသာစကား လေ့လာလိုသူတွေအတွက် ဘယ်လိုအစီအစဉ်တွေနဲ့ သင်ကြားပေးနေပါသလဲ။**

ဖြေ ။ ။ နိုင်ငံခြားဘာသာလေ့လာလိုသူ အလုပ်သမား၊ ဝန်ထမ်းတွေ၊ ပြည်သူတွေလည်း နိုင်ငံခြားဘာသာစကား သင်ယူခွင့်ရအောင် စီစဉ်ထားပါတယ်။ ဘွဲ့ရတဲ့သူ မည်သူမဆို တက်ချင်တယ်ဆိုရင် ဝင်ခွင့်စာမေးပွဲဖြေရတယ်။ အောင်ရင်တက်ခွင့်ရှိပါတယ်။ နံနက်ပိုင်း ၇ နာရီက ၉ နာရီအထိ၊ တစ်ပတ်မှာ ငါးရက် တက်ရမှာဖြစ်ပါတယ်။ ပုံမှန်သင်တန်းတွေရဲ့ စာသင်နှစ်တွေအတိုင်း လေးနှစ် တက်ရောက်သင်ယူကြရပြီး စာမေးပွဲဖြေဆိုကြရမှာဖြစ်ပါတယ်။ ဒါ့အပြင် နံနက်ပိုင်းသင်တန်းမှာ ဘာသာဗေဒဘာသာရပ်ကို အချိန်ပိုင်းဘွဲ့လွန် ဒီပလိုမာအနေနဲ့ နှစ်နှစ် တက်ရောက်သင်ယူနိုင်ပါတယ်။ အချိန်ပြည့် ဘွဲ့လွန်ဒီပလိုမာအနေနဲ့တော့ အင်္ဂလိပ်ဘာသာ ဘွဲ့လွန်ဒီပလိုမာကို တစ်နှစ် ပုံမှန်သင်တန်းများအတိုင်း တက်ရောက်သင်ယူနိုင်ပါတယ်။ ဘွဲ့ရသူများဖြစ်ပြီး ဝင်ခွင့်စာမေးပွဲလည်း ဖြေဆိုရမှာဖြစ်ပါတယ်။

**မေး ။ ။ နိုင်ငံခြားဘာသာတက္ကသိုလ်က အမှတ်မမီတဲ့အတွက် မတက်ရောက်ရတဲ့ ကျောင်းသား ကျောင်းသူတွေအတွက်ကိုလည်း ဘာအစီအစဉ်များရှိပါသလဲ။**

ဖြေ ။ ။ ဘာသာစကားတတ်ချင်တဲ့ တက္ကသိုလ်ဝင်တန်းအောင် ပြည်သူတွေရော အမှတ်မမီလို့ မတက်ရတဲ့ကျောင်းသား ကျောင်းသူတွေအတွက်ကိုပါ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်အနေနဲ့ ပုံမှန်သင်တန်းတွေအပြင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနအစီအစဉ် (Center of Human Resources Development Programme)အဖြစ် ညနေပိုင်းသင်တန်းတွေကို ဖွင့်လှစ်ပေးနေပါတယ်။ ညနေ ၅ နာရီကနေ ည ၇ နာရီအထိ သုံးလ၊ ခြောက်လသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေပါတယ်။ အခြေခံ၊ ကြားအဆင့်နဲ့ အဆင့်မြင့်ဆိုပြီး အဆင့်သုံးဆင့် သင်တန်းဖြစ်ပါတယ်။ အထူးအနေနဲ့လည်း မနှစ်ကစပြီး လေးနှစ်လောက် ရပ်ဆိုင်းခဲ့တဲ့ နိုင်ငံခြားသားများအတွက် မြန်မာဘာသာ ညနေသင်တန်းကို ပြန်လည်ဖွင့်လှစ်ပေးခဲ့ပါတယ်။ သုံးလ၊ ခြောက်လ သင်တန်းများဖြစ်ပါတယ်။ ဘာသာစကားအားလုံးကို အဆင့်တစ်ခုအထိ ကျွမ်းကျွမ်းကျင်ကျင်ပြောနိုင်အောင် သင်ကြားပေးနိုင်ပါတယ်။ အဆင့်တစ်ခုပြီးတိုင်း အသိအမှတ်ပြုလက်မှတ်ပေးပါတယ်။ တစ်တန်းကို လူဦးရေ ၅၀ နဲ့ သင်ကြားပေးနေပြီး အင်္ဂလိပ်ဘာသာအတွက် ၆၀၀ ခန့် တန်းခွဲ ၁၂ ခုစာလောက်သင်ကြားပါတယ်။ နောက်ပိုင်းမှာ Corporatization လုပ်ဖြစ်ရင် Demand ရှိသလောက် တိုးချဲ့ဖွင့်လှစ်ပေးသွားမယ်လို့လည်း ရည်ရွယ်ပါတယ်။

**မေး ။ ။ ဘာသာစကားလေ့လာနေတဲ့သူတွေ ဘယ်လိုများ လမ်းညွှန်ချင်ပါသလဲ။**

ဖြေ ။ ။ ဒီနေ့ခေတ်မှာ လူငယ်တွေအနေနဲ့ ဘာသာစကားကို လေ့လာမှုများလာတယ်။ ဒီကျောင်းမှာဆိုရင် အခြေခံကစပြီး သင်ရတယ်။ မြန်မာလိုဆိုရင် ကကြီး၊ ခခွေးကစပြီး သင်ရသလိုမျိုးပေါ့၊ တကယ်တော့ ဘာသာရပ်တစ်ခုကို သုံးနှစ်၊ လေးနှစ်နဲ့ ကျွမ်းကျွမ်းကျင်ကျင်တတ်ဖို့ဆိုတာ မလွယ်ပါဘူး။ ဒါပေမယ့် အခုနည်းပညာခေတ်ကြီးထဲမှာ အင်တာနက်က အများကြီးလေ့လာလို့ရတဲ့အပြင် သင်ကြားနည်းစနစ်တွေကို ထိထိရောက်ရောက်သုံးပြီး သင်ကြားပေးရင် လေးနှစ်ကြာပြီး ဘွဲ့ရတဲ့အခါ တကယ့်ကို ကျွမ်းကျွမ်းကျင်ကျင်ပြောဆိုနိုင်ကြတာမို့ အရည်အချင်းရှိကြောင်း အလုပ်ခွင်မှ တုံ့ပြန်သံအနေနဲ့ ပြန်ကြားရပါတယ်။ အဲဒါကြောင့် ဘာသာစကားမှာ အခုခေတ်လူငယ်တွေရဲ့ လေ့လာသင်ယူနိုင်မှုစွမ်းအားဟာ မနိမ့်ကျပါဘူး။ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ကလည်း အထူးကြိုးစား ပြုစုပျိုးထောင်ပေးနေပါတယ်။ ဒါကြောင့် နိုင်ငံခြားဘာသာစကားကို စိတ်ဝင်စားတယ်၊ စနစ်တကျသင်ယူချင်တယ်ဆိုရင် မခက်ပါဘူးလို့ ပြောချင်ပါတယ်။

မြန်မာလူငယ်တွေစွမ်းရည်က နိုင်ငံတကာက လူငယ်တွေနဲ့ ယှဉ်နိုင်ပါတယ်။ ဒါကြောင့် စိတ်ဝင်စားတယ်ဆိုရင် အမှတ်မမီပေမယ့်လည်း ညနေပိုင်းသင်တန်းတွေ၊ ဘွဲ့ရတွေအတွက်လည်း အချိန်ပြည့်ဒီပလိုမာတန်းတွေ ဖွင့်လှစ်ပေးနေတာမို့ လာရောက်သင်ယူကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်။ နိုင်ငံခြားဘာသာစကားတွေကို တတ်ကျွမ်းပြီး ခေတ်မီပညာရပ်တွေကို လေ့လာနိုင်လာမယ်။ နိုင်ငံတကာနဲ့ ချစ်ကြည်ရင်းနှီးမှုကို ဆောင်ရွက်နိုင်မယ်။ နိုင်ငံခြားဘာသာစကားအမျိုးမျိုးကို ကျွမ်းကျွမ်းကျင်ကျင်သုံးခဲ့ပြီး မြန်မာကို ကမ္ဘာကသိအောင် ဖော်ထုတ်နိုင်မယ်ဆိုရင် မြန်မာလူငယ်တွေ နိုင်ငံတကာကို ထိုးဖောက်နိုင်မှာဖြစ်သလို မြန်မာကိုကမ္ဘာကအသိအမှတ်ပြု အလေးထားလာမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ။

ဖတ်စရာ မှတ်စရာ

# တန်ဖိုးရှိသော စကား

အေးသန်း(စိန်တုံးကြီး)

ကျွန်တော်နှင့်ကျွန်တော်၏ မိတ်ဆွေအပေါင်းအသင်းများ နေ့တိုင်းစကားတွေပြောနေကြသည်။ ကျွန်တော်တို့လိုပင် လူတိုင်းလူတိုင်း မအားလပ်အောင် အလုပ်တွေများနေကြသည့်တိုင် စကားတော်တော်များများ ပြောဖြစ်အောင် ပြောနေကြသည်ကို တွေ့ရမည်ဖြစ်ပေသည်။ ရုံးဌာနအသီးသီးမှ ဝန်ထမ်းအချင်းချင်း၊ ကျောင်းစာသင်ခန်းများမှ ကျောင်းသား ကျောင်းသူအချင်းချင်း၊ မိသားစုအချင်းချင်းတို့တွင်လည်း စကားများကို မပြောမဖြစ်၍လည်းကောင်း၊ အကြောင်းအမျိုးမျိုးတို့ကြောင့်လည်းကောင်း စကားတွေ ပြောနေကြရသည်။ ထိုသို့ ပြောဆိုကြရာတွင် ကိုယ့်အသိ၊ ကိုယ့်အတွေး၊ ကိုယ့်အမြင်များကို ရှုထောင့်အမျိုးမျိုးမှ ပြောနေကြသော်လည်း "မိမိတို့ပြောဆိုလိုက်သည့် စကားတစ်လုံးသည် တန်ဖိုးရှိသော၊ တစ်ဖက်လူနာခံထိုက်သော၊ အကျိုးရှိစေသောစကား" ဖြစ်ဖို့လိုသည်။ ထို့ကြောင့်လည်း မြတ်စွာဘုရားရှင်က "စကားခြောက်ခွန်း၊ လူ့ဝယ်ထွန်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန်းတည်" ဟု ဩဝါဒစကား မိန့်ကြားခဲ့ပေသည်။ အဓိပ္ပာယ်ကတော့ မိမိတို့ ပြောဆိုလိုက်သည့် စကားများသည်-

၁။ မဟုတ်မမှန်၊ အကျိုးစီးပွားနှင့် မစပ်ယှဉ်၊ တစ်ပါးသူတို့လည်း မနှစ်သက်၊ ထိုစကားမျိုး မပြောဆိုနှင့်။
၂။ ဟုတ်မှန်တယ်၊ အကျိုးစီးပွားလည်း စပ်တယ်။ သူတစ်ပါးတို့ မနှစ်သက်၊ ထိုစကားမျိုးလည်း မပြောဆိုနှင့်။
၃။ ဟုတ်မှန်တယ်၊ အကျိုးစီးပွားလည်း စပ်တယ်၊ သူတစ်ပါးတို့မနှစ်သက်၊ ထိုစကားမျိုး အခါအားလျော်စွာ ပြောဆိုသင့်။
၄။ မဟုတ်မမှန်၊ အကျိုးစီးပွားလည်း မစပ်၊ သူတစ်ပါးတို့ နှစ်သက်နှစ်ခြိုက်တယ်၊ ထိုစကားမျိုး မပြောဆိုနှင့်။
၅။ ဟုတ်မှန်တယ်၊ အကျိုးစီးပွားနှင့်မစပ်၊ သူတစ်ပါးတို့ နှစ်ခြိုက်တယ်၊ ထိုစကားမျိုး မပြောဆိုနှင့်။
၆။ ဟုတ်မှန်တယ်၊ အကျိုးစီးပွားနှင့် စပ်တယ်၊ သူတစ်ပါးတို့လည်း နှစ်သက်တယ်၊ ထိုစကားမျိုး ပြောဆိုသင့် ဟူ၍ ဖြစ်ပေသည်။

လူ့လောကနယ်ပယ်တွင် တစ်ဦးနှင့်တစ်ဦး ပြောဆိုဆက်ဆံကြရာတွင် စကားပြောခြင်းသည် အလွန်အရေးပါသော အဓိကအကြောင်းရင်းဖြစ်ပေရာ မိမိပြောဆိုလိုက်သည့် စကားတစ်လုံးကြောင့် တစ်ဖက်လူ၊ တစ်စုံတစ်ယောက်အပေါ် (သို့မဟုတ်) အများပြည်သူတို့အပေါ် အနှောင့်အယှက်မဖြစ်စေဖို့၊ စိတ်နာစရာမဖြစ်စေဖို့ ပြောဆိုဆက်ဆံခြင်းများကို အထူးသတိထားရှောင်ကြဉ်ကြရမည်ဖြစ်ပေသည်။ "အမှားအများဆုံးဖွင့်ဆိုသော အရာသည် နှုတ်ခမ်း" ဖြစ်နေခြင်းကြောင့် "ဆိတ်ဆိတ်နေပါ(သို့မဟုတ်)ဆိတ်ဆိတ်နေခြင်းထက်ပိုပြီး တန်ဖိုးရှိသောစကားကို ဆိုပါ" ဟု စာရေးဆရာကြီး ပိုက်သာဂိုးရပ်စ်က ဆိုထားသကဲ့သို့ ဂျပန်စကားပုံတစ်ခုတွင်လည်း "လျှာဟူသည် သုံးလက်မသာ ရှည်၏၊ သို့သော် အရပ်ခြောက်ပေရှိသော လူတစ်ယောက်ကိုသေနိုင်အောင် ဖန်တီးနိုင်သည်" ဟု ဆိုထားပေသည်။

"တန်ဖိုးရှိသောစကား"ကို ပြောတတ်ဖို့အရေးကြီးပေသည်။ မိမိပြောဆိုလိုက်သည့် စကားတစ်ခွန်းကြောင့် တစ်ဖက်လူကို မီးလိုပူလောင်စေနိုင်သကဲ့သို့ ရေလိုလည်း အေးမြစေနိုင်သည်။ လူကို ချစ်အောင်၊ မုန်းအောင် လုပ်နိုင်တာလည်း စကားဖြစ်နေသဖြင့် ထိုစကားကို မပြောမီကပင် ဆင်ခြင်တုံတရားလက်ကိုင်ထားကာ စဉ်းစားတွေးတောပြီးမှသာပြောသင့်၊ မပြောသင့်တို့ကို ချင့်ချိန်ကာ ပြောသင့်မှပြောပြီး ပြောဖို့မလိုကမပြောကြရန် အထူးသတိထားကြရန် လိုပေသည်။ "စကားများများပြောက အမှားပါတတ်ကြသည်ဖြစ်၍ အပြောမတတ်တော့ ဆဲသလို၊ စကားများအမှားပါ၊ စကား စကားပြောပါများ စကားထဲကဇာတိပြ၊ စကားဆို တောင်လိုမမောက်နဲ့၊ တံတားအိုး မှောင်ခိုမလျှောက်နဲ့၊ စကားနောက် တရားပါ၊ စကားလွန်က နုတ်လို့မရ၊ တံတားကျိုက နုတ်လို့ရ၊ စကားနည်းရန်စဲ"စသည့် စကားနှင့်ပတ်သက်သော စကားပုံများကို ရှေးလူကြီးများက ဖွဲ့ဆိုထားခဲ့ကြပေသည်။

ယနေ့လောကနယ်ပယ်တွင် လူကြီး၊လူငယ်မရွေး၊ ရုံးဌာနအသီးသီးရှိ ဝန်ထမ်းအချင်းချင်း၊ ကျောင်းစာသင်ခန်းများမှ ကျောင်းသားကျောင်းသူအချင်းချင်း၊ မိသားစုအသိုင်းအဝန်းမှ မိသားစုအချင်းချင်း "တန်ဖိုးရှိတဲ့စကား"များ ပြောဆိုသင့်ကြောင်းနှင့် ထိုသို့ပြောဆိုရာတွင်လည်း စကားအင်္ဂါဆယ်ပါးဖြစ်သည့်-

၁။ ပြောချိန်၊ ပြောခွင့်သင့်မှ ပြောရတာ၊
၂။ ဟုတ်မှန်တဲ့ စကားကိုသာ ပြောရတာ၊
၃။ အကျိုးစီးပွားနဲ့ ဆက်နွှယ်ပြောရတာ၊
၄။ တရားနဲ့စပ်တာကို ပြောရတာ၊
၅။ ချစ်ဖွယ်သောစကားကိုသာပြောရတာ၊
၆။ ပြုံးရွှင်မှုရှေ့ထား၍သာပြောရတာ၊
၇။ အဆောတလျင်မပြောရတာ၊
၈။ မြို့ကြီးသူတို့အသုံးအနှုန်းဓလေ့ကိုယူပြီး ပြောရတာ၊
၉။ မတိုမရှည်၊ မပိုမလို၊ ချင့်ချိန်ပြောရတာ၊
၁၀။ သန့်ရှင်းသေချာ၊ တိကျပြတ်သားစွာပြောဆိုရတာ စသည့် စကားအင်္ဂါဆယ်ပါးနှင့် ညီညွတ်စွာ ပြောဆိုသင့်ကြောင်း ထိုင်ဝမ်ဆရာတော်ဦးနန္ဒဝံသ၏

- "ပါးစပ်မှာခား၊ သတိထား၊ စကားဆင်ခြင်ပြော၊
- အကျိုးရှိ၊ မရှိဆင်ခြင်ကြည့် အကျိုးရှိမှပြော၊
- ပြောသင့်၊ မပြောသင့် ပြောသင့်ခါမှပြော" ဟူသည့် ဆုံးမစကားလက်ဆောင်လေးကို မျှဝေခံစားကြရန်နှင့် "တန်ဖိုးရှိတဲ့စကား" များကိုသာ ပြောဆိုသင့်ကြကြောင်း စေတနာထား ရေးသားလိုက်ရပါသည်။ ။



# ပန်းတနော်မြို့နယ် မိုးစပါးစံကွက်ရိတ်သိမ်း

**ပန်းတနော် အောက်တိုဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် ဝဲဒေါင့်ကျေးရွာတွင် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို တောင်သူ ဦးစောဒါး၏လယ်ကွက်၌ အောက်တိုဘာ ၆ ရက် နံနက်က ကျင်းပရာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းညွန့်နှင့် ဝန်ထမ်းများ၊ မြေစာရင်းဦးစီးမှူး ဦးပြည့်ဖြိုးထွန်းနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူများ တက်ရောက်ကြသည်။ အဆိုပါ စံကွက်သည် ဆင်းသုခစပါးမျိုးဖြစ်ပြီး တစ်ဧက ၉၅ ဒသမ ၈၉ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။

**(မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန)**

# အမျိုးသမီးသီးသန့်ယာဉ်လိုင်းပြေးဆွဲရန် စီစဉ်နေ

**ရန်ကုန် အောက်တိုဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်း အမျိုးသမီးသီးသန့်ယာဉ်လိုင်းအဖြစ် ပြေးဆွဲရန်စီစဉ်ထားပြီး မကြာမီ အကောင်အထည်ဖော်သွားရန်ရှိကြောင်း မထသယာဉ်ပိုင်ရှင်များထံမှ သိရသည်။

အဆိုပါယာဉ်ပြေးဆွဲခြင်းပြုရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့ထံသို့ ခွင့်ပြုချက်တောင်းခံခဲ့ရာ ခွင့်ပြုချက်ရရှိပြီး မကြာမီ အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်းသိရှိရသည်။ "ယာဉ်လိုင်းပြေးဆွဲတာနဲ့ ပတ်သက်လို့ ခွင့်ပြုထားတာတော့ရှိတယ်။ ယာဉ်စီးခ သတ်မှတ်ဖို့ကို ဆွေးနွေးနေကြဆဲ အခြေအနေမှာ ရှိနေသေးတယ်" ဟု ယာဉ်ပိုင်ရှင်တစ်ဦးက ရှင်းပြသည်။

ရန်ကုန်မြို့၏ ခရီးသည်သယ်ယူပို့ဆောင်ရေးတွင် လိုအပ်ချက်များပေါ်မူတည်ကာ စိတ်တူကိုယ်တူယာဉ်ပိုင်ရှင်များ စုစည်းပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တစ်ဦးထံ တင်ပြကာ စီစဉ်ကြိုးပမ်းခြင်းဖြစ်သည်။ ထိုအမျိုးသမီးသီးသန့်ယာဉ်လိုင်းအတွက် ယာဉ်စီးခပုံသေအဖြစ် ငွေကျပ် ၂၀၀ ကို သတ်မှတ်ပေးရန် ယာဉ်ပိုင်ရှင်များက တင်ပြထားပြီး ယာဉ်စီးခအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ဆွေးနွေးနေကြဆဲဖြစ်ကြောင်း သိရသည်။ ထိုယာဉ်လိုင်းပြေးဆွဲသည့်အခါတွင် မထသဌာနခွဲ (၅)အောက်တွင်ရှိသော (၃၁) ယာဉ်လိုင်းနှင့် မထသဌာနခွဲ(၉)အောက်တွင်ရှိသော (၃၉)ယာဉ်ကြီးလိုင်းတို့မှ နေ့စဉ်ဂိတ်ထွက် ယာဉ်စီးရေအနက်မှ ပျမ်းမျှ ၁၀ စီးခန့်ကို ထုတ်နုတ်အကောင်အထည်ဖော်သွားရန်ရှိကြောင်း သိရသည်။

"လာမည့် ဒီဇင်ဘာလထဲမှာ အကောင်အထည်ပေါ်လာလိမ့်မယ်လို့ မှန်းထားတယ်။ ယာဉ်ပိုင်ရှင်တွေက ပြေးဆွဲဖို့ဆန္ဒရှိကြပေမယ့် ယာဉ်စီးခနဲ့ ပတ်သက်လို့ တိုင်းဒေသကြီးလွှတ်တော်မှာ တင်ပြထားပြီးတော့ ဆွေးနွေးညှိနှိုင်းနေတယ်"ဟု ယာဉ်ပိုင်ရှင်တစ်ဦးက ရှင်းပြခဲ့သည်။ အမျိုးသမီးသီးသန့်ယာဉ်များအဖြစ် ပြေးဆွဲမှု စတင်သည့်အခါ နေ့စဉ်ရုံးတက်ချိန်နှင့် ရုံးဆင်းချိန်တို့တွင်သာ စီစဉ်ထားခြင်းဖြစ်ပြီး ရုံးတက်ချိန်တွင် အမျိုးသမီး သီးသန့်ယာဉ်အဖြစ် မြို့ထဲသို့ ပြေးဆွဲမည့်ယာဉ်များသည် အပြန်ခရီးစဉ်တွင် သီးသန့်ယာဉ်အဖြစ် မသတ်မှတ်တော့ဘဲ ပုံမှန်အတိုင်းသာပြေးဆွဲသွားမည်ဖြစ်သည်။ အလားတူ ရုံးဆင်းချိန်တွင်လည်း မြို့ထဲမှ အပြန်ယာဉ်များတွင် အမျိုးသမီး သီးသန့်ယာဉ်အဖြစ်ပြေးဆွဲကာ မြို့ထဲသို့လာသည့်အခါတွင် ပုံမှန်အတိုင်းသာ သတ်မှတ်ပြေးဆွဲသွားရန် စီစဉ်ထားခြင်းဖြစ်သည်ဟု သိရသည်။

ထိုအမျိုးသမီးသီးသန့်ယာဉ်လိုင်းနှင့်ပတ်သက်ပြီး လွန်ခဲ့သောနှစ်က ဗန္ဓုလသယ်ယူပို့ဆောင်ရေးလီမိတက်ရှိ ပါရမီ၊ အဓိပတိ ယာဉ်လိုင်းများတွင် အမျိုးသမီးသီးသန့်ယာဉ်များအဖြစ် သတ်မှတ်ကာပြေးဆွဲခဲ့ဖူးသော်လည်း ရေရှည်တွင် တွက်ခြေမကိုက်သော အခြေအနေမျိုးဖြစ်ခဲ့ဖူးကြောင်း သိရသည်။

**(၆၈၀)**



ပြည်တွင်းရေးရာ

# တံတားလေးစင်းနှင့် လမ်းပိုင်းပျက်စီးမှုများ ပြုပြင်နိုင်ရေးတင်ပြထား

**ကျောက်ဆည် အောက်တိုဘာ ၁၁**

ကျောက်ဆည်မြို့နယ် အရှေ့ဘက်ခြမ်းရှိ အမှတ်(၂)ခရိုင်လမ်းပေါ်တွင် ပျက်စီးနေသော တံတားလေးစင်းနှင့် ရေကျော်တစ်ခုတို့ကို အများပြည်သူ သွားလာရေး လွယ်ကူအဆင်ပြေစေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြန်လည်ပြုပြင်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

ပြုပြင်ဆောင်ရွက်လျက်ရှိသော တံတားများမှာ မိုင်တိုင် (၄၀/၇-၄၁/ ၀)နှင့် (၄၃/၅-၄၃/၆)ကြားရှိ တံတားနှစ်စင်းကို ၁၄ ပေ× ၁၅ ပေစီဖြင့် လည်းကောင်း၊ မိုင်တိုင် (၄၂/၁-၄၂/၂)နှင့် (၄၂/၆-၄၂/၇)ကြားရှိ တံတား နှစ်စင်းကို ၁၄ ပေ×၁၆ ပေစီဖြင့်လည်းကောင်း သံပေါင်၊ သံရက်မ၊ သစ်သားကြမ်းခင်း၊ ဘီးလမ်း၊ လက်ရန်းများဖြင့် ငွေကျပ် ၂၃ ဒသမ ၁၆ သန်း အကုန်အကျခံ ပြုပြင်ဆောင်ရွက်လျက်ရှိပြီး မိုင်တိုင် (၄၀/၃-၄၀/၂)ရေကျော်သည့်နေရာကို ငွေကျပ်သန်း ၁၃ ဒသမ ၅၁၀ ဖြင့် ကွန်ကရစ်လောင်းကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



အမှတ်(၂) ခရိုင်ချင်းဆက်လမ်း ကျောက်ဆည်မြို့နယ် အပိုင်းတွင် တံတားရှစ်စင်းနှင့် ရေကျော်တစ်ခုရှိပြီး ယခု ဘဏ္ဍာနှစ်တွင် တံတားလေးစင်းနှင့် ရေကျော်တို့ကို ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိသည်။ ကျန်ရှိသော တံတားလေးစင်းနှင့်လမ်းပိုင်းပျက်စီးမှုများကို ပြုပြင်ဆောင်ရွက်နိုင်ရေးအတွက် တင်ပြဆောင်ရွက်ထားရှိကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမြင့်၏ ပြောကြားချက်များအရ သိရသည်။

ကျောက်ဆည်မြို့နယ် အမှတ်(၂) ခရိုင်ချင်းဆက်လမ်းပိုင်းသည် စိုက်ပျိုးမြေများအတွင်းတည်ရှိခြင်း၊ စက်ရုံများရှိခြင်းတို့ကြောင့် ရေကျော်ပြီး တန်ပိုကားကြီးများ နေ့စဉ်ဖြတ်သန်းမောင်းနှင်လျက်ရှိသဖြင့် လမ်းပျက်စီးမှုများဖြစ်ပေါ်နေကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**



**ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ငုဝါလမ်းတွင် အောက်တိုဘာ ၁၁ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လမ်းများရေလျှံပြီး မော်တော်ယာဉ်များ၊ ခရီးသွားပြည်သူများ ခက်ခဲစွာသွားလာနေရသည်ကို တွေ့မြင်ရစဉ်။**

တင်မောင်ဦး(အလုံ)

# ရန်ကုန်အရှေ့ပိုင်းခရိုင် ဆရာဝန်အသင်း ဖွဲ့စည်းမည်

**ရန်ကုန် အောက်တိုဘာ ၁၁**

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး)မှ ကြီးမှူး၍ စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးနှင့် အရှေ့ပိုင်းခရိုင် ဆရာဝန်အသင်း ဖွဲ့စည်းရေးကို တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ရတနာလမ်းမထိပ် (မြင်သာလိုင်စင်ရုံးအနီး)ရှိ စိတ်တိုင်းကျလက်ဖက်ရည်ဆိုင်၌ အောက်တိုဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီတွင်ကျင်းပမည်ဖြစ်ရာ အရှေ့ပိုင်းခရိုင် မြို့နယ်များရှိ ဆရာဝန်များ တက်ရောက်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော်အတွင်း သွားလာလျက်ရှိသည့် ခရီးသည်တင်ယာဉ်များ(ဘတ်စ်ကားများ)သည် ယာဉ်ကြောပိတ်ဆို့မှုနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် လမ်း၏ယာဘက်အစွန်ယာဉ်ကြောမှသာ မောင်းနှင်သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# တမူးမြို့နယ်တွင် ဘိန်းဖြူ ၂၅ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၉၀ သိမ်းဆည်းရမိ



**နေပြည်တော် အောက်တိုဘာ ၁၁**

မူးယစ်တပ်ဖွဲ့စု(၇)တမူးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၇ ရက်က တမူးမြို့နယ် ကမ္မကြီးကျေးရွာအဝင် တမူး-ကလေးသွား ကားလမ်းမပေါ်တွင် တမူးမှ ကလေးဘက်သို့ အာကာဦး မောင်းနှင်ပြီး ဆန်းဝင်းလိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ဆန်းဝင်းထံမှ ဘိန်းဖြူဆပ်ပြာခွက်နှစ်ခွက် အလေးချိန် ၂၅ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၉၀ တို့ သိမ်းဆည်းရမိသဖြင့် အာကာဦး (၂၃)နှစ်နှင့် ဆန်းဝင်း (၄၁)နှစ်တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**
















# အချစ်ဒရာမာဇာတ်ကားတွင် ထပ်မံမြင်တွေ့ရမည့် ဂျန်နာရာ



တောင်ကိုရီးယားတွင်သာမက တရုတ်ရုပ်ရှင်လောကသို့ပါ ထိုးဖောက်နေရာယူလျက်ရှိသည့် တေးသံရှင်မင်းသမီးနှင့် မော်ဒယ်လ်တစ်ဦးဖြစ်သူ တောင်ကိုရီးယားကြယ်ပွင့် ဂျန်နာရာက တောင်ကိုရီးယား အမ်ဘီစီရုပ်သံလိုင်းမှ ထုတ်လွှင့်ရန်အတွက် မကြာမီရိုက်ကူးမှုစတင်တော့မည့် Mistre Baek အမည်ရှိ အချစ်အသားပေး ဒရာမာဇာတ်ကားသစ်တွင် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါဇာတ်ကားတွင် ဂျန်နာရာသည် သရုပ်ဆောင် Sin Ha-gyoon နှင့်အတူ ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ပြီး အချစ်၏ အဓိပ္ပာယ်ကို အသားပေးဖော်ညွှန်းထားသော ခေတ်ပေါ် အချစ်ဒရာမာဇာတ်ကားတစ်ကားဖြစ်ပြီး ၎င်းပါဝင်မည့် ဇာတ်ရုပ်ကိုမူ ထုတ်ဖော်ခြင်းမရှိသေးပေ။

ဂျန်နာရာသည် ပြီးခဲ့သည့်လပိုင်းက ထိုင်ဝမ်ဒရာမာဇာတ်ကားကို ပြန်လည်အသက်သွင်းပုံဖော်ထားသည့် Feted to Love You အချစ်ဟာသဇာတ်မြူးကားတွင် ကင်မီရောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားပြီး တရုတ် ရုပ်သံဇာတ်လမ်းတွဲများတွင်လည်း ပါဝင်သရုပ်ဆောင်လျက်ရှိသူ တစ်ဦးဖြစ်သည်။

မျိုးစန္ဒာမောင်

# ဘီလ်ဘုတ်တွင် ထိပ်ဆုံး၌ ရပ်တည်ခဲ့သည့် I Am the Best

**တောင်ကိုရီးယားကေပေါ့ပ်အဖွဲ့ 2 NE1 ၏ I Am the Best သီချင်းသည် လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက ဘီလ်ဘုတ်၏ ကမ္ဘာ့ဒစ်ဂျစ်တယ်သီချင်းများစာရင်းတွင် ထိပ်ဆုံး၌ ရပ်တည်နိုင်ခဲ့သည်။**



ယင်းသို့ ရပ်တည်နိုင်မှုသည် တောင်ကိုရီးယားကေပေါ့ပ်လောက၏ ဒုတိယအကြိမ်မြောက် အောင်မြင်မှုဖြစ်ခဲ့ပြီး ကေပေါ့ပ်အနုပညာရှင်များအနက် တောင်ကိုရီးယားဂီတကြယ်ပွင့် Psy က ၂၀၁၂ ခုနှစ်တွင် ဂမ်နမ်စတိုင်သီချင်းဖြင့် ပထမဆုံးအကြိမ်အဖြစ် ဘီလ်ဘုတ်၏ နံပါတ်တစ်အဖြစ် ရပ်တည်ခဲ့သူလည်းဖြစ်သည်။

I Am the Best သီချင်းကို ၂၀၁၁ ခုနှစ်က စတင်ဖြန့်ချိခဲ့ပြီး ယင်းသီချင်း၏ ဗီဒီယိုသည် မကြာမီက ယူကျူ့တွင် ကြည့်ရှုသူပရိသတ် သန်း ၁၀၀ ကျော်ရရှိခဲ့သည့် တေးသီချင်းဗီဒီယိုတစ်ပုဒ်လည်းဖြစ်ခဲ့သည်။



# ရွှေကူမြတ်စွာဘုရား မီးပူဇော်ခံ ဒေသစာရီကြွချီပွဲစည်ကားစွာကျင်းပ

**ပခုက္ကူ အောက်တိုဘာ ၁၁**

၁၂ လရာသီအလိုက် မြန်မာ့ရိုးရာယဉ်ကျေးမှုပွဲတော်များကို နိုင်ငံတစ်ဝန်း နှစ်စဉ်မပျက်ကျင်းပလာခဲ့ကြသည်။ ယခုနှစ် သီတင်းကျွတ်ကာလတွင်လည်း နိုင်ငံတစ်ဝန်း ရိုးရာယဉ်ကျေးမှုပွဲတော်များကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။ ပခုက္ကူမြို့ အမှတ်(၉)ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ မူလဒါယကာ အလောင်းစည်သူမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် ရှေးဟောင်းသမိုင်းဝင် ရွှေကူမြတ်စွာဘုရား မီးပူဇော်ခံ ဒေသစာရီကြွချီပွဲကို အောက်တိုဘာ ၉ ရက် ည ၇ နာရီမှစတင်ကာ အပူဇော်ခံခဲ့ကြောင်း သိရသည်။

ဒေသစာရီကြွချီရာတွင် ရွှေကူနိဗ္ဗာန်ဆော်အဖွဲ့၊ ရွှေကူမင်္ဂလာစည်တော်အဖွဲ့၊ ရတနာ၀န်း (ရာဇာဝင်း+ဒေဝါဝင်း) အလှပြအဖွဲ့များ၊ ရပ်ကွက်လူပျိုဖြူများနှင့်အတူ ရုပ်ရှင်သရုပ်ဆောင်များဖြစ်ကြသော ဆန်းတိုးနိုင်၊ မိုးယုစံ၊ ကောင်းပြည့်၊ ယုသန္တာတင်၊ မိုးမြင့်မောင်မောင်အောင်၊ မူယာအောင်တို့ လိုက်ပါပူဇော်ကြပြီး အမှတ်(၉)ရပ်ကွက်မှ ကလေးငယ်များ၏ တစ်ခိုင်လုံးရွှေယိမ်းအက၊ သံစဉ်ချိုမြတေးဂီတများဖြင့် လှည့်လည်အပူဇော်ခံရာ အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

"ဒီနှစ်ကတော့ မနှစ်ကနဲ့မတူဘူး၊ ပိုပြီးစည်ကားလာတယ်ဗျ။ ပခုက္ကူမြို့ပေါ် ပြည်သူတွေသာမက နယ်ကပြည်သူတွေပါ ရောဝတီတံတား (ပခုက္ကူ)ပေါ်ကဖြတ်ပြီး ရွှေကူမြတ်စွာဘုရား မီးအပူဇော်ခံဒေသစာရီလှည့်လည်ကြွချီပွဲကို လာရောက်ပူဇော်ကြပါတယ်။ ည ၇ နာရီက စထွက်တာ ည ၁၁ နာရီခွဲမှ ရွှေကူဘုရားကြီးကို ပြန်ရောက်ပါတယ်"ဟု ဒေသစာရီပွဲ ကျင်းပရေးကော်မတီဝင်တစ်ဦးက ပြောသည်။

**အောင်(မန်းတက္ကသိုလ်)**










လူကြီးမင်း
CELL PHONE VILLA
ယုံကြည်မှုနှင့်ဆပ်တူရှိနေမှာ
"သီတင်းကျွတ် အခါသမယတွင် ပြည်သူ ပြည်သားအားလုံး
မိတ်၏ ကျန်းမာခြင်း၊ ချမ်းသာခြင်း၊
ကိုယ်၏ ကျန်းမာခြင်း၊ ချမ်းသာခြင်း
နှစ်ဖြာသောသုခနှင့် ပြည့်စုံပြီး
ကောင်းမြတ်သော ဆိုရှာဆန္ဒများ ပြည့်ဝကြပါစေ"
လူကြီးမင်း မိသားစု မှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။


SHARP
ဂျပန်အရည်အသွေးကောင်းပစ္စည်းများဖြင့် သင့်ဘဝသစ်ကိုစတင်လိုက်ပါ
AQUOS Quattron Pro
JAPAN TECHNOLOGY
Moe Yu San, Actress
SDM COMPANY LIMITED
www.sharp.com.sg

# အင်းဝဆင်ကျုံးခံတပ်နှင့် ရှေးခေတ်အမြောက်ပစ်ခတ်နည်း စိတ်ဝင်စားဖွယ်ဖြစ်နေ

**အင်းဝ၊ အောက်တိုဘာ ၁၁**

မြန်မာပြည် နေရာအနှံ့အပြားတွင် သမိုင်းအမွေအနှစ် အဆောက်အအုံများစွာ ရှိသည်။ ထိုအမွေအနှစ်များမှာ မြန်မာနိုင်ငံ၏ ခိုင်မာသော သမိုင်းကို ပြသနေသည်။ ကုန်းဘောင်ခေတ်နှောင်း ကာကွယ်ရေးအဆင့်အတန်းကို ကြည့်မည်ဆိုပါက ခံတပ်များကို ကြည့်ခြင်းဖြင့် သိရှိနိုင်သည်။ ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် ကင်းဝန်မင်းကြီးနှင့်အဖွဲ့သည် အနောက်နိုင်ငံများသို့ သွားရောက်လေ့လာခဲ့ပြီး ရရှိလာသော အတွေ့အကြုံများကို အခြေခံ၍ ခံတပ်များကို တည်ဆောက်ခဲ့ကြသည်။

ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် မင်းလှခံတပ်၊ ဂွေးချောင်းခံတပ်၊ ဆင်ကျုံးခံတပ်၊ သပြေတန်းခံတပ်၊ အစေခံ ခံတပ်တို့ကို တည်ဆောက်ခဲ့ကြသည်။ ထိုခံတပ်များမှာ အင်္ဂလန်ကျွန်းများအကြားရှိ ပင်လယ်အထွက် ရေလက်ကြားတွင် ဆောက်လုပ်ထားသော ပေါ့စမောက် potsmout မြို့ရှိ ခံတပ်များ တည်ဆောက်ပုံကို မှတ်သား၍ တည်ဆောက်ထားခြင်းဖြစ်သည်။

ဆင်ကျုံးခံတပ်ကို ခရစ်နှစ် ၁၈၇၄ ခုနှစ်၌ မူလဆင်ကျုံးနေရာတွင် တည်ဆောက်သောကြောင့် ဆင်ကျုံးခံတပ်ဟု ခေါ်တွင်ခဲ့သည်။ ဆင်ကျုံးခံတပ်သည် စတုရန်းပုံဖြစ်ပြီး အုတ်တံတိုင်း သုံးထပ်ပါရှိသည်။ အပြင်ဆုံးတံတိုင်းမှာ ၃၅၅ ပေ ပတ်လည်ရှိပြီး ၃၆ ပေအရှည်ရှိသော ထောင့်ပြေဖြင့် တည်ဆောက်ထားသည်။ အလယ်တံတိုင်းမှာ ၂၉၃ ပေ ပတ်လည်ရှိသည်။ တံတိုင်းနှစ်ခုကြားတွင် ၃၁ ပေ ကျယ်သော ကျုံးရှိသည်။ အတွင်းတံတိုင်းမှာ ပေ ၂၀၀ ပတ်လည်ရှိပြီး ခံတပ်အရှေ့ဘက်တွင် ကျုံးကူးတံတားတစ်စင်းရှိသည်။ လက်ရှိကာလတွင် အင်းဝသို့ လာရောက်လေ့လာသော ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များသည် အင်းဝဆင်ကျုံးခံတပ်သို့ သွားရောက်လေ့လာလျက်ရှိကြောင်း သိရသည်။

ခံတပ်များတွင်ထားရှိသော ရှေးခေတ်အမြောက်များမှာ စိတ်ဝင်စားဖွယ်ဖြစ်ပြီး ပစ်ခတ်နည်းများကို စူးစမ်းတတ်ကြသည်။ ရှေးခေတ်အမြောက်တစ်လက် ပစ်ခတ်ရန် အမြောက်တစ်ချက်အတွက် အမြောက်တပ်သား ၁၁ ဦးရှိရသည်။ အမြောက်ကြီးငယ် အရွယ်အစားအလိုက် ယမ်းအချိန်ပမာဏအနည်းအများကို ဖျင်အိတ်နှင့် လုံခြုံစွာထည့်ပြီးမှ တစ်ကြိမ်ပစ်လျှင် ဖျင်အိတ်တစ်လုံးကျ အမြောက်ပြောင်းဝသို့ သွင်းရသည်။ ထို့နောက် ယမ်းထိန်းကာ ဖက်များကို တစ်လုံးပြီးလျှင် တစ်လုံးထည့်ကာ သုံးလုံးအထိထည့်ပြီး သစ်သားထိုးတံဖြင့် ဆောင့်သိပ်ရသည်။ ထို့နောက် အမြောက်ဆံ သံလုံးထည့်ရသည်။ နားခွက်ယမ်းကျိုပြီး နားပေါက်ယမ်းများဖြင့် မီးရှို့ပစ်ခတ်ရသည်ဟု ဆိုသည်။

ရှေးခေတ်အမြောက်တွင် ယမ်းအိတ်ထိုး၊ အုန်းဆန်ကာဖက်ထိုး၊ ထိုးတံကိုင်သူ၊ အမြောက်ဆံထည့်ပေးသူ၊ နားစူးကိုင်၊ နားခွက်ယမ်းကျို၊ အမြောက်ချိန်သူ၊ မီးစာကောက်ကိုင်သူ၊ အမြောက်ပစ်သူ၊ အမြောက်ပြောင်းကျပ်သူတို့ အပါအဝင် တစ်ယောက်နှုန်းစီဖြင့် စုစုပေါင်း ၁၁ ဦး ပါဝင်ကြောင်း သိရသည်။

**တိမ်တမန်**



# သီတင်းကျွတ်စာအုပ်အရောင်းပွဲတော် ကျင်းပ



**မန္တလေး၊ အောက်တိုဘာ ၁၁**

သီတင်းကျွတ် စာအုပ်အရောင်းပွဲတော်ကို မန္တလေးမြို့ရှိ စာအုပ်အရောင်းဆိုင်ကြီးများတွင် အပြိုင်အဆိုင် ရောင်းချပေးလျက်ရှိရာ စာပေမြတ်နိုးသူများ လာရောက်ကြည့်ရှု ဝယ်ယူအားပေးလျက်ရှိသည်။

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ ၃၅ လမ်း၊ ၇၂ လမ်းနှင့် ၇၃ လမ်းကြားရှိ ရာပြည့်(မန္တလေး)စာအုပ်ဆိုင်တွင် အောက်တိုဘာ ၄ ရက်မှ ၁၀ ရက်အထိ ရာပြည့်စာအုပ်တိုက်၊ ဉတ္တရလမင်းစာအုပ်တိုက်၊ ဖူးပွင့်ဝေဝေစာအုပ်တိုက်၊ အလင်္ကာစာအုပ်တိုက် စသည့်စာအုပ်တိုက်များမှ ထုတ်ဝေသည့်စာအုပ်များကို ၁၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ လျှော့ဈေးဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

အလားတူ ချမ်းအေးသာစံမြို့နယ် ၇၁ လမ်း၊ ၂၉ လမ်းနှင့် လမ်း ၃၀ ကြားရှိ ညိုစာပေတွင်လည်း သုတရသ စာအုပ်များ၊ ဝတ္ထု၊ မဂ္ဂဇင်းစာအုပ်များကိုလည်း အထူးလျှော့ဈေးဖြင့် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ရောင်းချပေးရာ စည်ကားလျက်ရှိကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ကမ္ဘာ့ဆရာများနေ့ မြတ်ဆရာပူဇော်ပွဲ အရာတော်မြို့တွင် ကျင်းပ

**အရာတော်၊ အောက်တိုဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့တွင် ကမ္ဘာ့ဆရာများနေ့ မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက် ၁၀ နာရီက အရာတော်မြို့ အ.ထ.က ဆရာစံခန်းမတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို အရာတော်မြို့နယ်မှ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများဖြစ်ကြသော အသက် ၆၀ ပြည့် ဆရာကြီး၊ ဆရာမကြီး ၈၁ ဦးကို လက်ထောက်မြို့နယ်ပညာရေးမှူး ဦးထွန်းထွန်းဦးနှင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ပညာရေးဝန်ထမ်းများက ကန်တော့ခဲ့ကြသည်။

မြတ်ဆရာပူဇော်ပွဲ အခမ်းအနားတွင် အရာတော်မြို့ အ.ထ.က ကျောင်းသား၊ ကျောင်းသူကလေးများက 'အနန္တငါးဖြာ မြတ်ဆရာ' သီချင်းကို သီဆိုကာ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ကြသည်။ ထို့နောက် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးထွန်းထွန်းဦးက မြတ်ဆရာပူဇော်ပွဲ ကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားတွင် ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများကိုယ်စား ဆရာကြီး ဦးစိုးဝင်း (ဒုတိယမြို့နယ်ပညာရေးမှူး-ငြိမ်း)က ကျေးဇူးတင်ဝမ်းမြောက်သော ပီတိစကားများ ပြောကြားခဲ့သည်။

ဆက်လက်၍ အခမ်းအနားမှူး ဆရာဦးတိုင်းကျော်က ကန်တော့ချိုးကို တိုင်ပေးပြီး တာဝန်ထမ်းဆောင်နေကြသော ပညာရေးမိသားစုဝင်များက ပူဇော်ကန်တော့ကြသည်။ ထို့နောက် ပညာရေးမိသားစုဝင်များက ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား မျက်နှာသုတ်ပဝါနှင့် ပူဇော်ငွေတို့ကို ကာယကံမြောက် ပေးအပ်ပူဇော်ကြသည်။

ယင်းနောက် ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများကိုယ်စား ဆရာကြီးဦးကျော်ဆွေ (အထက်တန်းပြ-ငြိမ်း)က ဆုတောင်းမေတ္တာပို့သခဲ့သည်။

ကမ္ဘာ့ဆရာများနေ့ မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို အရာတော်မြို့ အ.ထ.က ကျောင်းသား၊ ကျောင်းသူကလေးများက 'ကျေးဇူးကြီးလှ မြတ်ဆရာဘဝ' သီချင်းဖြင့် သီဆိုဂုဏ်ပြုခဲ့သည်။ **မိုးဝင်းဗိုလ်(အရာတော်)**

# ကျောက်ထုမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျေးရွာစာကြည့်တိုက်သို့ စာအုပ်လှူဒါန်း

**ကျောက်ထု၊ အောက်တိုဘာ ၁၁**

ဂန့်ဂေါခရိုင်၊ ကျောက်ထုမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ ကျေးရွာစာကြည့်တိုက်သို့ စာအုပ်များပေးအပ်လှူဒါန်းပွဲကို အောက်တိုဘာ ၆ ရက်က ကျောက်ထုမြို့နယ် ရေရှင်ရွာ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါလှူဒါန်းပွဲတွင် ကျောက်ထုမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးအေးလင်းက စံငါးရပ်ညီ စာကြည့်တိုက်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးတို့အတွက် ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက်ဂင်းက ကျေးရွာစာကြည့်တိုက် ကော်မတီဉက္ကဋ္ဌထံ စာအုပ်မျိုးစုံ ၇၅ အုပ်ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(၄၆၅)**



### ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄စီမံကိန်း/၁)၊ မြေကွက်အမှတ်(၁၇၉)၊ မြေကွက်တည်နေရာအမှတ်-၁၇၉၊ ၁၄စီမံကိန်း /၁၊ မြလေးလမ်း၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်သန်းတင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား (မိခင်)ဒေါ်သန်းတင်နှင့်(ဖခင်)ဦးအိုက်ကော်တို့ ကွယ်လွန်သဖြင့် ၁။ဒေါ်ကြည်ကြည်ညွန့် [၁၂/မရက(နိုင်)၀၃၇၀၂၄]၊ ၂။ဒေါ်သိန်းသိန်းတင့် [၁၂/ဥကတ(နိုင်)၁၀၇၄၁၄]၊ ၃။ ဒေါ်သန်းရွှေ [၁၂/ဥကတ(နိုင်)၁၀၀၀၈၆]၊ ၄။ဦးခင်မောင်သန်း [၁၂/ဥကတ(နိုင်)၀၉၉၇၇၈] တို့က သားသမီး များတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့်သေစာရင်းတင်ပြ၍ ၎င်းတို့ကိုယ်စား GP အမှတ်(၁၃၃၄၀/ ၁၉-၅-၁၄)ဖြင့်ရသူ ဦးနေဝင်းအောင်က ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာကိုတင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာခိုင်လုံသောအထောက်အထား များဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ




အများသိစေရန်




### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ငင/၇၉၉၈ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)







အမည်ဖြည့်စွက်ခေါ်ပါရန်

မူဆယ်မြို့၊ ရှမ်းပြည်နယ်မြောက်ပိုင်းနေ ဦးတုံဆင်နိမ့် [၁၃/လရန(နိုင်)၀၇၇၇၁၁]အား ဦးတုံဆင်နိမ့်(ခ)ဦးအောင်မြင့်ဟု အမည်ဖြည့်စွက်ခေါ်ဆိုပါရန်။ ဦးတုံဆင်နိမ့်(ခ) ဦးအောင်မြင့်



### အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ ယာယီအိမ်ရှင်အဖြစ် ဆောင်ရွက်၍ ဆောက်လုပ်ခဲ့သောတိုက်ရှိ တိုက်ခန်းအား လက်ရှိအမည်ပေါက်ထံမှ ဝယ်ယူ၍အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်း လျှောက်ထားသူအမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်အမှတ်နှင့် အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဦးစောမြင့် [၁၂/လမတ(နိုင်) ၀၁၂၃၇၃](မှ) | ဦးမောင်မောင်ဝင်း [၁၂/လသန(ဧည့်)၀၀၀၆၆၆] ဦးအောင်ဇော်မြင့် [၁၂/လမတ(ဧည့်)၀၀၀၄၂၃] ဦးထက်ကိုကို[၁၂/ဗဟန (နိုင်)၀၁၀၅၅၅] | တိုက်အမှတ်(၆၂၀)၊ တတိယထပ် မဟာဗန္ဓုလလမ်း၊ လသာမြို့နယ် |
| ၂။ | ဒေါ်စောစောမေ [၃/မဝတ(နိုင်)၀၁၀၃၂၄](မှ) | ဦးမောင်မောင်ဝင်း [၁၂/လသန(ဧည့်) ၀၀၀၆၆၆] ဦးအောင်ဇော်မြင့် [၁၂/လမတ (ဧည့်)၀၀၀၄၂၃] ဦးထက်ကိုကို [၁၂/ဗဟန(နိုင်)၀၁၀၅၅၅] | တိုက်အမှတ်(၆၂၀)၊စတုတ္ထထပ်၊ မဟာဗန္ဓုလလမ်း၊ လသာမြို့နယ် |

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

# မြင်းခြံ–ဆားခါး ကျေးလက်ကျောက်ချောလမ်း ဖောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး



**မြင်းခြံ၊ အောက်တိုဘာ ၁၁**

မြင်းခြံ-ဆားခါး ကျေးလက်ကျောက်ချောလမ်း ဖောက်လုပ်နေမှုအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းနောင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကံချွန်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဝင်များက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရမှ မြန်မာနိုင်ငံအတွင်းရှိ ကျေးရွာများအား မြို့ပြဒေသနှင့်မခြား ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းလျက်ရှိရာ လမ်းသစ်များဖောက်လုပ်ခြင်း၊ အသုံးပြုလျက်ရှိသော လမ်းများအား အဆင့်မြှင့်တင်ခြင်းစသည်ဖြင့် ပြည်သူလူထုအတွက် ဆက်သွယ်ရေး အခြေခံဖြစ်သော လမ်းပန်းဆက်သွယ်ရေးကို ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ ဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် အရှည် ၁ မိုင် ရှည်လျားသော မြင်းခြံ-ဆားခါး ကျေးလက်ကျောက်ချောလမ်းကို ဖောက်လုပ်လျက်ရှိသည်။ မြင်းခြံ-ဆားခါး ကျေးလက်ကျောက်ချောလမ်း ဖောက်လုပ်ပြီးစီးသွားပါက အကျိုးကျေးဇူးများစွာ ရရှိလာမှာဖြစ်ကြောင်း ဆားခါးကျေးရွာနေ ပြည်သူတစ်ဦးကပြောသည်။

"ယခုဖောက်လုပ်နေတဲ့ ကျောက်ချောလမ်းပြီးစီးသွားရင် ကျေးရွာသူ၊ ကျေးရွာသားများအနေနဲ့ မြင်းခြံမြို့နဲ့ တောင်သာမြို့ကို သွားရောက်မယ်ဆိုရင် အလွယ်တကူ အဆင်ပြေစွာ သွားလာနိုင်မှာဖြစ်ပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမှာပါ"ဟု ၎င်းကပြောသည်။**ဇော်မင်းနိုင်(မြင်းခြံ)**

## အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းအမှတ်စဉ် (၁/၂၀၁၄) ဖွင့်လှစ်

**ယင်းမာပင်၊ အောက်တိုဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်၊ ဘန့်ဘွေးကျေးရွာအုပ်စု၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းအမှတ်စဉ် (၁/၂၀၁၄) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၇ ရက် မွန်းလွဲ ၃ နာရီက ယင်းမာပင်မြို့နယ်၊ ဘန့်ဘွေးကျေးရွာအုပ်စု၊ ထန်းဇင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းမာပင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်က သင်တန်းအဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းက သင်တန်းနှင့်ပတ်သက်၍ စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးအောင်ဇေမိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်သိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ဇေမိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

ယင်းမာပင်မြို့နယ်၊ ဘန့်ဘွေးကျေးရွာအုပ်စု အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်း အမှတ်စဉ်(၁/၂၀၁၄) ဖွင့်ပွဲတွင် ဘန့်ဘွေးကျေးရွာအုပ်စုမှ ဘန့်ဘွေး၊ ဘန့်ဘွေး(မ)၊ ထန်းဇင်၊ လက်ပံ၊ နဘူးတော၊ ကံစု၊ သိကြားစက်၊ ရွှေစု စသည့်ကျေးရွာများမှ သင်တန်းသားစုစုပေါင်း ၁၀၀ ဦးအား မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများက စက်ကလေး၊ စက်ကြီး၊ ရေစိုလေ့ကျင့်ခန်း၊ ရှာဖွေကယ်ဆယ်ရေး စသည့်ဘာသာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ အောက်တိုဘာ ၇ ရက်မှ ၃၁ ရက်အထိ ၂၅ ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

# (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာအဆင့် ဖွင့်ပွဲကျင်းပ



**ရန်ကုန်၊ အောက်တိုဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (အခြေခံအဆင့်) ပြိုင်ပွဲကြီးအား ရန်ကုန်အနောက်ပိုင်းခရိုင်၊ အလုံမြို့နယ်၊ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းရှိ သီရိရတနာခန်းမတွင် အောက်တိုဘာ ၁၀ ရက် နံနက် ၇ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးများနှင့် ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ၊ ဒိုင်အဖွဲ့ဝင်လူကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်ကြမည့် ကျောင်းသူ၊ ကျောင်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။


အခမ်းအနားတွင် အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်က အခြေခံပညာအဆင့် (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အဖွင့်အမှာစကားပြောကြားခဲ့သည်။


ထို့နောက် အ. ထ. က(၁)ဒဂုံမှ ကျောင်းသူကလေးများက ပခန်းကိုကြီးကျော်အကနှင့် ယင်းကျောင်းမှ မသက်ထားဆွေက ၎င်းသီချင်းအား သီဆိုခဲ့သည်။

ယင်းနောက် အ. မ. က မူလွန်(၃) ဗဟန်းမှ မခင်ပိုးပန်းချီက သီရိရတနာ အကဖြင့်လည်းကောင်း၊ အ. ထ. က(၂) လသာမှ ကျောင်းသူကလေးများက ကောင်းသောနေ့ တေးသီချင်းများဖြင့်လည်းကောင်း သီဆိုဖျော်ဖြေ ကပြခဲ့ကြကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်မှ ပြိုင်ပွဲများအတွက် ချီးမြှင့်ငွေကျပ် ၁၀ သိန်းအား ပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြင့်ဆွေကိုယ်စား လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက ပေးအပ်ပြီး အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်က လက်ခံရယူခဲ့ကြောင်း သိရသည်။

**ရွှေတိုင်လွင်**





## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၂က/၈၁၃၇၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညနခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့

## ဦးလှထွန်း(ခ)ဦးကျော်ကျော်[၁၂/သကတ(နိုင်)၁၀၂၄၄၁]နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးသန်း[၁၂/သကတ(နိုင်)၁၀၅၁၆၅]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဦးလှထွန်း(ခ) ဦးကျော်ကျော်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။


သာကေတမြို့နယ်၊ (၂)မြောက်ရပ်ကွက်၊ ထူပါရုံ(၂၀)အရှေ့၊ အမှတ်(၃၂)၊ မြေတိုင်းရပ်ကွက်(၂)၊ လူနေရပ်ကွက်(၂)၊ မြေကွက်အမှတ်(၂၅၆/က)၊ အိမ်ခြံမြေကွက်၏ မြေငှားဂရန်စာချုပ်မူရင်းနှင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးသန်း၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မှတ်ပုံတင်) မူရင်းတို့အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးသန်းထံမှ ဦးလှထွန်း(ခ)ဒေါ်ကျော်ကျော်မှ ရယူသွားခဲ့ပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း နောက်ဆုံးထား၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးသန်းထံ လာရောက်(လက်ရောက်)ပေးအပ်ရန် တောင်းဆိုကြေညာအပ်ပါသည်။ လိုက်နာခြင်းမရှိ ပျက်ကွက်ပါက ရာဇဝတ်ကြောင်း၊ ပြစ်မှုကြောင်း၊ တရားမကြောင်း၊ တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးလှထွန်း(ခ)ဦးကျော်ကျော်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မေသူစိုး
အထက်တန်းရှေ့နေ(စဉ်-၄၁၆၆၄)
**L.A.W-FIRM**
ဆင်သွယ်ရန်လိပ်စာ၊ ရုံးခန်းတာဝန်ခံ
ဦးဟာဆန် **(LL.B,Dip ....IN P-P) Legal Advicer&Consultant**
ဥပဒေအတိုင်းပင်ခံအကြံပေး
အမှတ်(၁၆)၊ ပန်းတိမ်တန်းလမ်း၊ မြို့သစ်အလယ်ရပ်ကွက်၊ သန်လျင်မြို့။
ဖုန်း ၀၉-၇၃၂၁၁၅၉၁၊ ၀၉-၄၂၁၁၆၄၀၈

## အသိပေးကြေညာခြင်း

ကိုငြိမ်းလူ[၁၂/အစန(နိုင်)၁၆၆၈၃၃]၊ ကိုထူးကျော်[၁၂/အစန(နိုင်)၁၈၈၇၂၃]တို့သည် Rubby Mirror Trading Co.,Ltd နှင့် ယနေ့မှစ၍ လုံးဝမပတ်သက်ကြောင်းနှင့် ၎င်းတို့နှစ်ဦး ယူဆောင်ထားသော ငွေကြေးများအား ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ရှင်းလင်းရန် အကြောင်းကြားအပ်ပါသည်။ ထိုရက်ထက် ကျော်လွန်ပါက တရားဥပဒေအရ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
**Rubby Mirror Trading Co.,Ltd**



# သောက်သုံးရေကန် ပြန်လည်တူးဖော်မှု ပြီးစီး၍ တစ်နှစ်ပတ်လုံးအသုံးပြုနိုင်မည်

**မိတ္ထီလာ၊ အောက်တိုဘာ ၁၁**

မိတ္ထီလာမြို့နယ်၊ အလည်ရွာအုပ်စု၊ အလည်ရွာကျေးရွာတွင် ဒေသခံများ သောက်သုံးရေကို ရာသီမရွေး အသုံးပြုနိုင်ရန်အတွက် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၇ ဒသမ ၂ ဧက အကျယ်အဝန်းရှိသောက်သုံးရေကန်ကြီးအား တာဝန်ယူ၍ ပြန်လည်တူးဖော်ပြီးစီးပြီဖြစ်ရာ ကန်အတွင်းသို့ မိုးရေများဝင်ရောက်ပြီး တစ်နှစ်ပတ်လုံး အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အလည်ရွာကျေးရွာမှ သောက်သုံးရေကန်ကြီးမှာ နှစ်ကာလကြာမြင့်၍ နုန်းများတင်လာကာ ကန်ကောလာပြီး အပင်များ ပေါက်ရောက်နေသဖြင့် ဒေသခံများ သောက်သုံးရေအတွက် အခက်အခဲများ ကြုံတွေ့လျက်ရှိသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လမ်း၊ တံတား၊ မီးရရှိရေးနှင့် ရေရရှိရေးလုပ်ငန်းများ စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်နှင့်အညီ ဇွန်လမှ စတင်၍ အလည်ရွာကျေးရွာရှိ ၇ ဒသမ ၂ ဧကအကျယ် သောက်သုံးရေကန်ကြီးအား ပြန်လည်တူးဖော် ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ယခုအခါ ပြန်လည်တူးဖော် ဆောင်ရွက်ပြီးစီးခဲ့သော အလည်ရွာကျေးရွာ မြေသားမိုးရေလှောင်ကန်အတွင်းသို့ မိုးရေများဝင်ရောက်ပြီး အလည်ရွာ၊ ဆည်ကုန်း၊ နွားစင်ငုတ်ကျေးရွာမှ ဒေသခံများ ရာသီမရွေး သောက်သုံးရေ ဖူလုံစွာအသုံးပြုနိုင်တော့မည်ဖြစ်သောကြောင့် ယခင်နှစ်များက ကြုံတွေ့ခဲ့ရသော ရေရှားပါးမှုဘေးမှ ကင်းဝေးနိုင်ပြီဖြစ်သည်။

**သိန်းမြင့်ကျော်(ပြန်/ဆက်)**



**စစ်ကိုင်းမြို့ ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီးဘုရားဖြစ်သော ပါရမီရပ်ကွက်ရှိ မဟာစည်းခုံကြီး စေတီတော်ကြီး၏ ဘုရားပရိဝုဏ်အတွင်း၌ အောက်တိုဘာ ၇ ရက် နံနက် ၈ နာရီက စစ်ကိုင်းမြို့စက်မှုဇုန် ဟုန်းပန်းစက်ရုံမှ အုပ်ချုပ်သူနှင့် စက်ရုံဝန်ထမ်း မိသားစုဝင်များ စုပေါင်း၍ ပေါင်းမြက်ပင်များ ရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ခြင်းများဖြင့် လုပ်အားဒါနများ ပေးလှူခဲ့ကြကြောင်း သိရသည်။**

သတင်းနှင့် ဓာတ်ပုံ - မျိုးဝင်း(စစ်ကိုင်း)

## အောင်ချက်မြင့်မားရေး ညောင်တုန်းမြို့၌ ပညာဒါန ဘာသာရပ်ဆွေးနွေးပွဲကျင်းပ

**ညောင်တုန်း၊ အောက်တိုဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့တွင် ၂၀၁၅ ခုနှစ် မတ်လတွင် ကျင်းပပြုလုပ်မည့် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအား ထိရောက်စွာ သင်ကြားနိုင်ရေးနှင့် တတ်မြောက်မှုစွမ်းရည်များ ပိုမိုတတ်မြောက်ပြီး ထူးချွန်ကျောင်းသားများ ထွက်ပေါ်လာစေရေးအတွက် ပညာဒါန ဘာသာရပ်ဆွေးနွေးပွဲကို အောက်တိုဘာ ၉ ရက် နံနက်က ညောင်တုန်းမြို့ အ. ထ. က(၁) လှိုင်ပညာခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်ပညာရေးမှူး ဒေါ်ချိုချိုက ကျောင်းသား၊ ကျောင်းသူများတွင် အားနည်းသည့် ဘာသာရပ်များကို အထူးအလေးပေး သင်ကြားပေးရန်နှင့် ကျောင်းများ အောင်ချက်ကောင်းမွန်စေရေးအတွက် အစွမ်းကုန်သင်ကြားပို့ချပေးရန် မှာကြားခဲ့သည်။

ဘာသာရပ်ဆွေးနွေးပွဲသို့ မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းနှင့် အလယ်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ အထက်တန်းပြ ဆရာ၊ ဆရာမများ စုစုပေါင်း ၈၂ ဦး တက်ရောက်ကြသည်။ သက်ဆိုင်ရာဘာသာရပ်အလိုက် ကျွမ်းကျင် ဆရာ၊ ဆရာမများက ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်ပိုမိုမြင့်မားရေးအတွက် အောင်တိုဘာ ၉ ရက်မှ ၁၃ ရက်အထိ ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

## အသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်များလှူဒါန်းပွဲ ပြုလုပ်

**ရှင်ဗွေယန်၊ အောက်တိုဘာ ၁၁**

ကချင်ပြည်နယ်၊ ရှင်ဗွေယန်မြို့၌ အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၉ ရက် မွန်းလွဲ ၁ နာရီက ရှင်ဗွေယန်မြို့ အထက်တန်းကျောင်း ပုလဲဆောင်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်ဆရာဝန် ဒေါက်တာကျော်စိုးလင်းက မျိုးဆက်ပွား သားဆက်ခြားခြင်းနှင့် ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်သက်မွန်က စာဖတ်ခြင်း၏ ကြီးမြတ်သော အကျိုးကျေးဇူးများကိုလည်းကောင်း ဟောပြောခဲ့ကြကြောင်းသိရသည်။

ထို့နောက် အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ငြိမ်းငြိမ်းအိနှင့် မြို့နယ်ခွဲဆရာဝန် ဒေါက်တာကျော်စိုးလင်းတို့က သုတ၊ ရသနှင့် ဂျာနယ်မျိုးစုံကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ခွဲ ပြည်သူ့စာကြည့်တိုက်သို့ လှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်သက်မွန်က လက်ခံရယူခဲ့ကြောင်းသိရသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်လှစ်

**ရှမ်းပြည်နယ်၊ အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ်တွင် (၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနှင့် တတိယအကြိမ်မြောက် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲကို အောက်တိုဘာ ၁၀ ရက် နံနက် ၈ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမတွင်ကျင်းပရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်းက ပြိုင်ပွဲအခမ်းအနားကို ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

(၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်းက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ရှေးယခင်ကတည်းက ဥမကွဲ၊ သိုက်မပျက်၊ ကိုယ့်ထီးကိုယ့်နန်း ကိုယ်ပိုင်ယဉ်ကျေးမှုဖြင့် ဝင့်ထည်စွာ နေထိုင်ကြသည့် လူမျိုးများဖြစ်ကြောင်း၊ ရိုးရာယဉ်ကျေးမှု အနုသုခုမ အဆို၊ အက၊ အရေး၊ အတီး ပညာရပ်များသည် မြန်မာ့ရေမြေပေါ်တွင် ရှေးနှစ်ပေါင်းများစွာက အခြေတည် အစပြုခဲ့ကြောင်း၊ မြန်မာတိုင်းရင်းသားတို့၏ တန်ဖိုးမဖြတ်နိုင်သော ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ကမ္ဘာတည်သရွေ့ အစဉ်တည်တံ့နေအောင် အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်သွားရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အခြေခံပညာအဆင့် အသက် ၁၀ နှစ်မှ ၁၅ နှစ်ထိ အမျိုးသားအကပြိုင်ပွဲနှင့် အခြေခံပညာအဆင့် အသက် ၁၀ နှစ်မှ ၁၅ နှစ်ထိ အမျိုးသားကာလပေါ် အဆိုပြိုင်ပွဲ စတင်ယှဉ်ပြိုင်နေမှုကို ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က ကြည့်ရှုခဲ့ကြသည်။

(၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ တိုင်းရင်းသားရိုးရာဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ အမှတ်ပေးဒိုင်များ၊ ပြိုင်ပွဲဝင် အနုပညာရှင်များ၊ ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**မောင်မောင်သန်း(တောင်ကြီး)**


### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### သယ်န်းကျွန်းမြို့နယ်တရားမရုံးတော်၌
### ၂၀၁၄ခုနှစ်၊ တရားမကြီးအမှုအမှတ်-(၈၂)

ဒေါ်ဝင်းရီ (တရားလို) နှင့် ဦးတင်ထွန်းအောင် (တရားပြိုင်)

အထက်ပါအမှုမှ အမှတ်(၄/၃၄)၊ သံသုမလမ်း၊ (င/က)ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးတင်ထွန်းအောင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ် တရားလိုဒေါ်ဝင်းရီက ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလို့မှု ကိုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၄ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်(၁၃၇၆ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ရက်) နံနက် ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို့စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ ၄ ရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(မျိုးမင်း)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
သယ်န်းကျွန်းမြို့နယ်တရားရုံး



### ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်၊ ကွင်းအမှတ်(၆၁၄)၊ ဂရန်ကြီးကွင်းရှိ လယ်မြေဧရိယာ(၂၈)ဧကမှ မြေလွတ်ဧရိယာ (၅)ဧက ပြန်လည်ရရှိရေးအတွက် ဆောင်ရွက်နိုင်ရန် ကိုယ်စားလှယ်လွှဲထားသူ ဦးအောင်ချစ်(ဘ)ဦးသောင်းလေး [၁၂/ကတန(နိုင်)၀၀၅၁၅၄]အနောက်ပိုင်းရပ်ကွက်၊ ကျောက်တန်းမြို့အား ကိုယ်စားလှယ်လွှဲအပ်ခြင်းကို ၃-၁၀-၂၀၁၄ ရက်မှစ၍ ရုပ်သိမ်းပါသည်။

ဦးမရမ်းသီး
[၁၂/ကတန(နိုင်)၀၇၈၀၉၃]
အနောက်ပိုင်းရပ်ကွက်၊ ကျောက်တန်းမြို့



### ကန့်ကွက်နိုင်ကြောင်းကြော်ငြာချက်

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းအမှတ်(၄၇)၊ မြေကွက်အမှတ်(၃၇၃) အမည်ပေါက်ဦးရီ(ပါမစ်)မြေနှင့်မြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်ရီရီမြင့် [၁၂/မရက(နိုင်)၀၅၃၈၅၆]က အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ၎င်းမှ ရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသဖြင့် ကျွန်ုပ်တို့မှ အပြီးအပိုင်ဝယ်ယူရန် စရန်တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်း၊ အထောက်အထားများနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စန္ဒာ
[၁၂/ပဇတ(နိုင်)၀၂၄၄၉၁]
အမှတ်-၉၇၊ မြို့ပတ်လမ်း၊ ကျောက်/ရှေ့ရပ်ကွက်၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၉-၅၁၄၄၄၇၄၊ ၀၉-၅၅၄၄၄၇၄၊ ၀၉-၇၃၂၁၁၁၁၊ ၀၉-၃၀၂၄၄၄၇၄



### အသိပေးကြေညာချက်

ဂျပန်နိုင်ငံမှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V HOEGH CHENNAI V.5 သင်္ဘောသည် ၁၃-၁၀-၂၀၁၄ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချ လုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှ ချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ် ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက်လာရောက် ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ် သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

ဖုန်း ၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်



### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇-H၊ မြေကွက်အမှတ် ၁၀/လ၁၊ မြေကွက်တည်နေရာအမှတ် ၅၆၊ လမ်းသစ်လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ် ဒေါ်ခင်ငွေအမည်ပေါက် မြေပိုင်မြေ၊ အိမ်ယာမြေရပြီး မြေအားအမည်ပေါက် ဒေါ်ခင်ငွေထံမှမေတ္တာသက်သက်ဖြင့် အပိုင်ပေးကမ်းစာချုပ်- ၅၁၅၁(၁၇-၁၂-၂၀၀၂)ဖြင့် ပိုင်ဆိုင်လာသူ ဒေါ်ခင်စန်းဝင်းထံမှ ကိုယ်စားလှယ်လွှဲစာ- ၁၁၃၀၂ (၂၅-၆-၁၂)ဖြင့် G.Pရသူ ဦးမြင့်နိုင် [၉/အမရ(နိုင်)၀၀၀၈၉၉]က မိမိပိုင်သည့်အစိတ်အပိုင်းပေ (၂၂×၄၅)ကိုသာ ခွဲစိတ်တိုင်းတာမည်ဖြစ်ကြောင်း ဝန်ခံကတိတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန်၊ မြေကွက်ခွဲစိတ်ရန် နှင့်မြေတိုင်းမြေပုံကူးသို့ လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အထူးဝမ်းနည်းကြေကွဲခြင်း
## ကပ္ပတိန်အောင်မြတ်တိုး
### အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းနေ(ဦးဖေသိန်း) (မြန်မာ့ရေနံ)-ဒေါ်နုနု(ပို့/ဆက်ဦးစီး)တို့၏ချစ်လှစွာသောသား၊ ဒေါ်လှိုင်မြတ်တင့်၏ချစ်လှစွာသောခင်ပွန်း၊ မောင်မင်းခန့်မောင်၏ဖခင် ကပ္ပတိန်အောင်မြတ်တိုး ရဟတ်ယာဉ်မှူး၊ Air Myanmar Aviation Services Co.,Ltd. သည် ခါကာဘိုရာဇီတောင်ထိပ်သို့တက်ရာမှ ပျောက်ဆုံးသွားသော မြန်မာတောင်တက်သမားနှစ်ဦးအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရင်း ပူတာအိုခရိုင် နောင်မွန်းမြို့နယ် လန်ဆာကျေးရွာအနီး၌ ၉-၁၀-၂၀၁၄ ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးပင်ဝမ်းနည်းကြေကွဲရပါသည်။

**နာယကဦးတေဇ**
**အမှုဆောင်အရာရှိချုပ်နှင့်ဝန်ထမ်းများ**
**ထူးဖောင်ဒေးရှင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ကပ္ပတိန်အောင်မြတ်တိုး
### အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းနေ(ဦးဖေသိန်း) (မြန်မာ့ရေနံ)-ဒေါ်နုနု(ပို့/ဆက်ဦးစီး)တို့၏ချစ်လှစွာသောသား၊ ဒေါ်လှိုင်မြတ်တင့်၏ချစ်လှစွာသောခင်ပွန်း၊ မောင်မင်းခန့်မောင်၏ဖခင် ကပ္ပတိန်အောင်မြတ်တိုး ရဟတ်ယာဉ်မှူး၊ Air Myanmar Aviation Services Co.,Ltd. သည် ခါကာဘိုရာဇီတောင်ထိပ်သို့တက်ရာမှ ပျောက်ဆုံးသွားသော မြန်မာတောင်တက်သမားနှစ်ဦးအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရင်း ပူတာအိုခရိုင် နောင်မွန်းမြို့နယ် လန်ဆာကျေးရွာအနီး၌ ၉-၁၀-၂၀၁၄ ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးပင်ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်**
**ကုမ္ပဏီဝန်ထမ်းများ၊**
**ထူးကုမ္ပဏီများအုပ်စု**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ယာဉ် ဒါယကာကြီး**
### ဝဏ္ဏကျော်ထင် ဗိုလ်ချုပ်သန်းဦး(ငြိမ်း)
**စစ်ဥပဒေချုပ်(အငြိမ်းစား)၊ DSA အပတ်စဉ်(၁)**
**ဒုတိယတရားသူကြီးချုပ် (အငြိမ်းစား)**
**အသက်(၇၆)နှစ်**

ဒေါ်မြင့်သန်း(အထက်တန်းကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း)၏ချစ်လှစွာသော ခင်ပွန်း **ဝဏ္ဏကျော်ထင် ဗိုလ်ချုပ်သန်းဦး(ငြိမ်း)**သည် ၈-၁၀-၂၀၁၄ (သီတင်းကျွတ်လပြည့်နေ) ည ၈း၅၁ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **DIAMOND DRAGON CO.,LTD မိသားစု**
**DD စားသုံးဆီသိုလှောင်ကန်**

## အထူးဝမ်းနည်းကြေကွဲခြင်း

စင်ကာပူနိုင်ငံ BLK 206#12-103 Clementi Ave 6 နေ ဒေါ်ဥမ္မာဗိုလ်၏ချစ်လှစွာသောခင်ပွန်း၊ မကြည်ဖြူမောင်မောင်ဗိုလ်၊ မောင်မြတ်မင်းဟန်တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးညီညီ(Chief Officer/ Wallenius Ship Marine Co.,Ltd)-ဒေါ်စန္ဒာရီတို့၏ချစ်လှစွာသောအစ်ကို Captain ဦးမောင်မောင် (Marine Safety & Quality Manager/ Eagle Management Consultancy Pte.Ltd Singapore)သည် ၇-၁၀-၂၀၁၄ ရက် (အင်္ဂါနေ့) စင်ကာပူဒေသစံတော်ချိန် နံနက် ၅း၃၀ နာရီတွင် N.U.H ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနဲ့ထပ်တူထပ်မျှ အထူးကြေကွဲဝမ်းနည်းရပါကြောင်း။

**တူမ-ကိုအေးကျော်-မဝိုင်းနုအေး မိသားစု**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း** ယာဉ်အမှတ် 1E/5591 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## အထူးကျေးဇူးတင်ရှိကြောင်း
**ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်ဒါယကာကြီး**
### ဦးမျိုးသန်း(Jimmy Ba Than)
**အသက်(၉၅)နှစ်**
**ကောင်စစ်ဝန်(ငြိမ်း)နိုင်ငံခြားရေးရုံး**
**ညွှန်ကြားရေးမှူး (ငြိမ်း) ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန**

၂၆-၉-၂၀၁၄ ရက်တွင် ကွယ်လွန်သွားသော ဦးမျိုးသန်းအား နာမကျန်းစဉ် အထူးစောင့်ရှောက်ကုသပြုစုပေးခဲ့ပြီး နာရေးကိစ္စအစစအရာရာ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသော အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)မှ အထူးကုသမားတော်ကြီးများနှင့် သူနာပြုစစ်သည်များအားလည်းကောင်း၊ လွမ်းသူ့ပန်းခွေ ပန်းခြင်းများပေးပို့ခဲ့ပါသော ကုမ္ပဏီနှင့်မိတ်ဆွေများဖြစ်သည့် မြန်မာနိုင်ငံရေကြောင်းတက္ကသိုလ်ပေါ်မောက္ခချုပ်နှင့် ဆရာ/ဆရာမ ဌာနဆိုင်ရာမိတ်ဆွေများ၊ နေသီဟကုမ္ပဏီလီမိတက်၊ Tanintharyee Treasure နှင့် Starland Co.Ltd., Ever Seiko Co.,Ltd.၊ စစ်တက္ကသိုလ်အမှတ်စဉ်(၂၁) ဗိုလ်လောင်းသင်တန်းမှကျောင်းဆင်းအရာရှိများနှင့် မိသားစုဝင်များ၊ SEAFCO (Myanmar) Co.,Ltd မှဝန်ထမ်းများအားလည်းကောင်း၊ မိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းကြောင်းကို လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်း၊ Email ဖြင့်လည်းကောင်း၊ ရေဝေးသုသာန်သို့ လိုက်ပါပို့ဆောင်ပေးခဲ့ကြသူများ၊ အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးခဲ့ကြသည့် သူငယ်ချင်းမိတ်ဆွေများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးတင်ထူးနိုင်
**ဒုရဲမှူး(ငြိမ်း)**

အသက်(၆၈)နှစ်သည် ၉-၁၀-၂၀၁၄(ကြာသပတေးနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမြ-ဒေါ်အေးသန်းမိသားစု**
**(အေးမြပြည့်စုံကုမ္ပဏီ)**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးတင်ထူးနိုင်
**ဒုရဲမှူး(ငြိမ်း)**

အသက်(၆၈)နှစ် ဦးတင်ထူးနိုင်(ခ)အန်ကယ်ထူးသည် ၉-၁၀-၂၀၁၄(ကြာသပတေးနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမြတ်သူ-ဒေါ်ကေခိုင်ရွှေ**
**မြတ်အိန္ဒြေ Group of Companies မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### သိက္ခာတော်ရဆရာကြီးဦးတင်မောင် အသက်(၉၁)နှစ်
**ဂုဏ်ထူးဆောင်နာယက**
**လွတ်လပ်သောမက်သဒစ်အသင်းတော်များအဖွဲ့ချုပ်**

လွတ်လပ်သော မက်သဒစ်အသင်းတော်များအဖွဲ့ချုပ်၊ အဖွဲ့ဝင်၊ သိက္ခာတော်ရ ဆရာဦးခင်မောင်မောင်-ဓမ္မအမှုတော်ဆောင် ဆရာမ ဒေါ်ခိုင်ခိုင်မာ၊ အဖွဲ့ချုပ်၊ အတွင်းရေးမှူး ဦးခင်မောင်ချို၊ (အဖွဲ့ခွဲမှူး၊ လယ်ယာ/ဆည်မြောင်း၊ ဝန်ကြီးရုံး၊ နေပြည်တော်)တို့၏ဖခင် ဂုဏ်ထူးဆောင်နာယက၊ သိက္ခာတော်ရ ဆရာကြီးဦးတင်မောင်သည် ၅-၁၀-၂၀၁၄ ရက် နံနက် ၆နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **လွတ်လပ်သော မက်သဒစ်အသင်းတော်များအဖွဲ့ချုပ်**
**အမှတ်(၂၅၆)ဗိုလ်မြတ်ထွန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
### ဦးသောင်းဇင်(မြိတ်)
**အသက်(၈၄)နှစ်**

သူငယ်ချင်း ဒေါက်တာဝင်းဝင်းဇင်(ဒု-ပါမောက္ခ၊မြို့ပြအင်ဂျင်နီယာဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်)၏ချစ်လှစွာသောဖခင်ကြီး ဦးသောင်းဇင်(မြိတ်)သည် ၆-၁၀-၂၀၁၄ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။ **၁၉၈၇၊ ၁၉၉၁ မြို့ပြအင်ဂျင်နီယာကျောင်းဆင်းမှ သူငယ်ချင်းများ**

## ယနေ့ မာတိကာ


အင်ဒိုနီးရှား၌ ဆင်နာဘန်း မီးတောင်ပေါက်ကွဲ ပြည်နယ်နှစ်ခု၌ လေကြောင်းခရီးစဉ်များ ဆိုင်းငံ့ — စာမျက်နှာ - ၄

ကျောင်းသားနှင့် ဥပဒေ — စာမျက်နှာ - ၆

အမျိုးသမီးသီးသန့် ယာဉ်လိုင်းပြေးဆွဲရန် စီစဉ်နေ — စာမျက်နှာ - ၁၀



ယမန်နှစ် ပြင်ဦးလွင် တန်ဆောင်တိုင် မြင်ကွင်း။

# ယခုနှစ်တွင် ပိုမိုစည်ကားစွာကျင်းပမည့် ပြင်ဦးလွင်မှ တန်ဆောင်တိုင် မီးပုံးပျံပွဲတော်

**ပြင်ဦးလွင် အောက်တိုဘာ ၁၁**

နှစ်စဉ်ကျင်းပလာသော ပြင်ဦးလွင်တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကြီးကို ယခင်နှစ်များထက် ယခုနှစ်တွင်ပိုမိုစည်ကားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အောက်တိုဘာ ၉ ရက်တွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ညှိနှိုင်းအစည်းအဝေးကျင်းပကာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်က လိုအပ်သည်များကို မှာကြားခဲ့ပြီး ပွဲတော်ဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင်များက လုပ်ငန်းဆိုင်ရာတို့ကို တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ပြည်သူများစိတ်အဝင်စားဆုံးနှင့် အားပေးမှု အများဆုံးဖြစ်သည့် ညမီးကျည်မီးပုံးပျံပြိုင်ပွဲတွင်ပထမဆုအဖြစ် ငွေကျပ် ၅၅ သိန်း၊ ဒုတိယဆုငွေကျပ် သိန်း ၄၀၊ တတိယဆုငွေကျပ် သိန်း ၃၀ နှင့် ဒသမဆုအထိ အဆင့်ဆင့် ဆုချီးမြှင့်သွားမည်ဖြစ်ရာ ဒသမဆုသည်ငွေကျပ် ခုနစ်သိန်းရရှိမည်ဖြစ်သည်။ နှစ်သိမ့်ဆုငါးဆုကိုရွေးချယ်ပြီး နှစ်သိမ့်ဆု တစ်ဆုလျှင်

စာမျက်နှာ ၃ ကော်လံ ၁ သို့✳

# ပြည်တွင်း ပြည်ပခရီးသွားများ ပုပ္ပားတောင်ဥယျာဉ်သို့ သွားလာမှုများလာ

**မုံရွာ အောက်တိုဘာ ၁၁**

မြန်မာနိုင်ငံသို့ လာရောက်ကြသော ကမ္ဘာလှည့်ခရီးသည်များသည် ယခင်က Cultural Tourism Site များအပေါ်တွင်သာ စိတ်ဝင်စားခဲ့ကြရာမှ ယခုအခါတွင် နိုင်ငံခြားသားခရီးသွားအများစုမှာ သဘာဝရေမြေ တောတောင်၊ သားငှက်တိရစ္ဆာန်တို့ကို သွားရောက်လေ့လာလိုကြရာ မြန်မာနိုင်ငံအလယ်ပိုင်း မိုးခေါင်ရေရှား ရပ်ဝန်းတွင်တည်ရှိသော ပုပ္ပားတောင်ဥယျာဉ်နှင့် တောင်ကလပ်သို့သွားရောက်မှုမှာ ပြည်တွင်းခရီးသွားများရော ပြည်ပခရီးသွားများပါ သွားရောက်မှုပိုမိုများပြားလာကြောင်း သိရသည်။

"ပုပ္ပားတောင်ဥယျာဉ်ကို ၁၉၈၃ ခုနှစ်မှာ စတင်တည်ထောင်ခဲ့ပြီး ၁၉၉၃ ခုနှစ်မှာ သဘာဝအခြေခံခရီးသွားလုပ်ငန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ ပုပ္ပားတောင်ဥယျာဉ်ဟာ ၄၉ ဒသမ ၆၃ စတုရန်း မိုင်ကျယ်ဝန်းပြီး ပုပ္ပားတောင်ဒေသတောများကို ကိုလိုနီခေတ် ၁၉၀၂ ခုနှစ်မှစပြီး ဘေးမဲ့တောအဖြစ် သတ်မှတ်ထားတဲ့တောကြီးဖြစ်ပါတယ်။ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနအနေနဲ့ နိုင်ငံတော်အတွင်း သဘာဝထိန်းသိမ်းရေးနယ်မြေ ၃၃ ခုကို သတ်မှတ်တည်ထောင်ခဲ့ပြီး အဲဒီသဘာဝထိန်းသိမ်းရေးနယ်မြေတွေမှာ ထူးခြားတဲ့ သဘာဝသစ်တောတွေ၊ ရှားပါးတဲ့သားငှက်တိရစ္ဆာန်တွေပါရှိတယ်လို့ သိရပါတယ်"ဟု ပုပ္ပားဒေသ စိမ်းလန်းစိုပြည်ရေးဆောင်ရွက်နေသူတစ်ဦးက ပြောသည်။

ပုပ္ပားတောင်ဥယျာဉ်အကောင်အထည်ဖော်ရာတွင် အပူပိုင်းဒေသရှိ တစ်ခုတည်းသာ ကျန်ရှိသော အပူပိုင်းဒေသဂေဟစနစ်ကိုကာကွယ်ရန်၊ ကြက်မောက်တောင် ရေရှည်တည်တံ့ရန်၊ ရေဝေရေလဲဒေသအဖြစ် ထိန်းသိမ်းရန်၊ ပတ်ဝန်းကျင်ပရဆေးပင်များကို ရေရှည်အသုံးပြုနိုင်ရေး ထိန်းသိမ်းရန်၊ စေတီပုထိုး၊ နတ်ကွန်း စသည့်ရိုးရာဓလေ့ကိုထိန်းသိမ်းရန်၊ ရွာအနီးဝန်းကျင်တို့အား ပုပ္ပားသဘာဝစိမ့်ရေထွက်များမှ သောက်သုံးရေစီစဉ်ပေးရန်၊ ပြည်သူတို့အား ပညာပေးရင်း သဘာဝအခြေခံခရီးသွားလုပ်ငန်းမြှင့်တင်ရန်ဟူသော ရည်ရွယ်ချက်တို့ဖြင့် ဆောင်ရွက်နေကြောင်း သိရသည်။ ပုပ္ပားတောင်ပတ်ဝန်းကျင်၏ အသွင်သဏ္ဌာန်ကို လေ့လာကြည့်ပါက တောင်ကုန်းတောင်တန်း၊ တောင်ပူစာများဖြင့် ပြည့်နှက်နေသော တောင်အစုအဝေးကြီးတစ်ရပ်အဖြစ် တွေ့မြင်ရပြီး အရပ်လေးမျက်နှာမှ အမြင်များမှာလည်း ထူးခြားသည်။ ပုပ္ပားတောင်ကို အနောက်ဘက်မှကြည့်လျှင် တောင်ထွတ်နှစ်ခုကိုမြင်ရသော်လည်း မြောက်ဘက်မှကြည့်လျှင် ဂျပန်နိုင်ငံ ဖူဂျီရာမကဲ့သို့ မီးတောင်ထွတ်တစ်ခုကိုသာ တွေ့မြင်ရပေလိမ့်မည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# မြန်မာအသင်းက ထိုင်းအသင်းကို ခြေစွမ်းပြပြီး ဂိုးပြတ်အနိုင်ရ

ရန်ကုန် အောက်တိုဘာ ၁၁

**မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် အာရှယူ- ၁၉ ပြိုင်ပွဲ အုပ်စု (က) နှင့် (ဂ) ဒုတိယနေ့ ပွဲစဉ်များကို ယနေ့ ဆက်လက်ကျင်းပရာ မြန်မာအသင်းမှာ ထိုင်းအသင်းကို အနိုင်ယူပြီး နောက်တစ်ဆင့်တက်ရန် အခြေအနေကောင်းသွားပြီဖြစ်သည်။**

**မြန်မာ - သုံးဂိုး**

**(ငြိမ်းချမ်းအောင် -နှစ်ဂိုး၊ အောင်သူ-တစ်ဂိုး)**

**ထိုင်း - ဂိုးမရှိ**

အဖွင့်ပွဲတွင် သရေရလဒ်သာ ရယူနိုင်ခဲ့သည့် အိမ်ရှင်မြန်မာအသင်းမှာ နောက်တစ်ဆင့်တက်ရောက်နိုင်ရေးအတွက် အရေးပါသည့်ယခုပွဲတွင် ခြေစွမ်းပြကာ ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ မြန်မာယူ-၁၉ အသင်းမှာ ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲတွင် ချန်ပီယံဆုရရှိခဲ့သည့် ခြေစွမ်းမျိုးပြသနိုင်ခဲ့သလို ပရိသတ်များ၏ တစ်ခဲနက်အားပေးမှုကြောင့် အဖွင့်ပွဲတွင် နာမည်ကြီး အီရန်ကို အနိုင်ရထားသည့် ထိုင်းအသင်းမှာ မရှုမလှ ရှုံးသွားရခြင်းဖြစ်သည်။ မြန်မာအသင်းမှာ ယခုပွဲတွင် အနိုင်ရရှိခဲ့သောကြောင့်

စာမျက်နှာ ၈ ကော်လံ ၅ သို့ ☆


သတင်း - ညီမြတ်သော်တာ
ဓာတ်ပုံ - စိုးညွန့်




ကြေးမုံ Mirror
တနင်္ဂနွေအထူးထုတ်
SUNDAY SPECIAL
2014 OCTOBER 12, SUNDAY




ဖွံ့ဖြိုးရေး

# ရေပြန်ရေထွက်နှင့် အင်းလေးဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး

မြင့်စိုး (နတလ)

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့လူသားအဖွဲ့အစည်း (Terra People Association-TPA) တို့အကြား ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို တစ်နည်းအားဖြင့် တောင်ကြီးမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ ကလောမြို့နယ်၊ ပင်းတယမြို့နယ်နှင့် ကျောက်တလုံးကြီးမြို့တို့တွင် အပြန်အလှန် ဆက်နွယ်အကျိုးပြု လူမှုအဖွဲ့အစည်း ဖန်တီးဖော်ဆောင်ခြင်းစီမံကိန်းကို ၂၀၁၂ ခုနှစ် မတ်လမှ ၂၀၁၅ ခုနှစ် မတ်လအထိ သုံးနှစ်သက်တမ်းရှိ နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ၎င်းစီမံကိန်းအရ TPA သည် စိုက်ပျိုးမွေးမြူရေးသင်တန်းကျောင်းများ ဖွင့်လှစ်ခြင်း၊ အသေးစားရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ပေးခြင်း၊ သောက်သုံးရေသွယ်ယူခြင်း၊ စိုက်ပျိုးမွေးမြူရေး ရက်ရှည်သင်တန်းများဖွင့်လှစ်ခြင်း၊ အသေးစားဆည်များ တည်ဆောက်ပေးခြင်း၊ အမကကျောင်းများ ဆောက်လုပ်ပေးခြင်းနှင့် မူကြိုကျောင်းများ ဖွင့်လှစ်ပေးခြင်း၊ မြန်မာ-ဂျပန် နှစ်နိုင်ငံလူငယ်များအချင်းချင်း ရင်းနှီးချစ်ကြည်စွာ ထိတွေ့ဆက်ဆံခွင့်ရရှိပြီး ပညာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဖလှယ်ရေးတို့အတွက် Study Tour များ အပြန်အလှန် သွားလာလည်ပတ်လေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊ အင်းလေးကန်ပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ ထိန်းသိမ်းကာကွယ်ရန် ပူးပေါင်းဆောင်ရွက်ခြင်းစသောလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတကာအဖွဲ့အစည်းတစ်ခု၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုမှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သောလုပ်ငန်းတစ်ခုသည် ဒေသ၏ လိုအပ်ချက်နှင့်သော်လည်းကောင်း၊ အခြေအနေ အချိန်အခါနှင့်သော်လည်းကောင်း အံဝင်ခွင်ကျရှိခဲ့ပါမူ ယင်းအဖွဲ့အစည်း၊ ယင်းလုပ်ငန်းအပေါ် ဒေသခံတိုင်းရင်းသားများက ကျေးဇူးတင်ကြသည်။ ဝမ်းမြောက်ဝမ်းသာ အသိအမှတ်ပြုကြသည်။ TPAသည် ဒေသခံများ၏ အသိအမှတ်ပြုမှုကို ခံယူရရှိသော အဖွဲ့အစည်းများထဲမှ တစ်ခုဖြစ်သည်။ တောင်ပို့ကြီး စိုက်ပျိုးမွေးမြူရေးသင်တန်းကျောင်း ဖွင့်လှစ်သင်ကြားပေးမှုများ၊ ကင်တုတ်ဆည် တည်ဆောက်ရေးလုပ်ငန်း၊ ပင်းတယဒေသ ကုံလုံဆရာတော်ကြီးကျောင်း ရေရရှိရေးလုပ်ငန်း၊ ကလောမြို့ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပေးမှုများသည် TPA၏ သိသာထင်ရှားသော အကျိုးပြုလုပ်ငန်းများဖြစ်ကြသည်။



ရေပြန်ရေထွက်မှ အင်းလေးဒေသသို့ သွယ်တန်းပေးပို့သော ရေပိုက်လိုင်းများ။

ယခုလည်း TPAသည် ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် ကျေးပေါခုံကျေးရွာအုပ်စု၊ ရေပြန်ရေထွက်မှ သန့်ရှင်းသော သောက်သုံးရေဖြန့်ဝေခြင်းလုပ်ငန်းကို ဂျပန်နိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးမှုအကူအညီ Official Development Assistance(ODA)ဖြင့် ငွေကျပ်သန်းပေါင်း ၅၂၀ ဒသမ ၆ သန်း အသုံးပြု၍ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ ၎င်းရေထွက်မှထွက်ရှိသော ရေကို ပိုက်လိုင်း အမှတ်(၁)နှင့် အမှတ်(၂)ဟူ၍ နှစ်လိုင်းခွဲ၍ ဖြန့်ဝေပေးလျက်ရှိရာ သာလေးကျေးရွာအုပ်စုတွင် ဖောင်တော်ဦးဘုရားသို့ သွယ်တန်းလျှုဒါန်းခြင်းအပါအဝင် သာလေး၊ ချောင်းဆုံ (အထက်)၊ ချောင်းဆုံ (အောက်)၊ ဖွဲကုန်း၊ ရွာကြီးမြောက် (အထက်)၊ ရွာကြီးမြောက် (အောက်)၊ လယ်ခြေ၊ ရွာကြီးရေသာ၊ နမ့်ဟူးကျေးရွာများသို့ လည်းကောင်း၊ အင်းတိန်းကုန်းကျေးရွာအုပ်စုတွင် အင်းတိန်ဘုရားနှင့် အင်းထိန်ကုန်းကျေးရွာသို့ လည်းကောင်း၊ ကျေးပေါခုံကျေးရွာအုပ်စုတွင် နားမှောင်းကျ၊ ကျေးပေါခုံ (မြောက်)၊ ကျေးပေါခုံ(တောင်)၊ ဟဲလုံ၊ ဟတ်ပုံး၊ ကန်ခေါင်း၊ စည်ပင်သာ(မြောက်)၊ စည်ပင်သာ(တောင်) ကျေးရွာများသို့လည်းကောင်း၊ အင်းပေါခုံကျေးရွာအုပ်စုတွင် အင်းပေါခုံနှင့် ရွာသစ်ကျေးရွာများသို့ လည်းကောင်း၊ မိုင်းပျိုးကျေးရွာအုပ်စုတွင် မိုင်းပျိုး၊ စံခမ့်နှင့်သိမ်ထောင့်ကျေးရွာများသို့လည်းကောင်း စုစုပေါင်း ဘုရားနှစ်ဆူ၊ ကျေးရွာပေါင်း ၂၃ ရွာမှ အိမ်ခြေ ၁၈၂၅ လုံးသို့ သန့်ရှင်းသော သောက်သုံးရေ ဖြန့်ဝေပေးနိုင်ခဲ့ပါသည်။

ယင်းလုပ်ငန်းတစ်ခုလုံးကို တာဝန်ယူတည်ဆောက်ပေးခဲ့သော ရှမ်းမင်းသားဆောက်လုပ်ရေးကုမ္ပဏီအနေဖြင့်လည်း လုပ်ငန်းစတင်ချိန်မှ အပြီးသတ်သည်အထိ စ၊ လယ်၊ ဆုံး မှတ်တမ်းဓာတ်ပုံများဖြင့် မှတ်တမ်းတင်ထားသည့်အပြင် ရေစစ်ကန်နှင့်ရေစုကန်များ တည်ဆောက်ခြင်း၊ ပင်မရေပိုက်လိုင်းကြီးများကို အင်းလေးကန်ရေအောက်ကြမ်းပြင်သို့ ကွန်ကရစ်ဘလောက်တုံးများသုံး၍ ချထားသွယ်တန်းခြင်း၊ ကျေးရွာများသို့ ခွဲဝေပေးမည့် ပိုက်လိုင်းခွဲများတွင် အဖွင့်၊ အပိတ် Valveများ ထားရှိရန် (၆ပေ×၁၂ပေ×၈ပေ)သစ်သား အဆောင်ငယ်များ ဆောက်လုပ်ထားရှိခြင်း၊ ရေတင်ပန့်နှင့် အင်ဂျင်များထားရှိရန်အတွက်

စာမျက်နှာ ၂သို့ » »



# ရေပြန်ရေထွက်နှင့် အင်းလေးဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး


ကျေးပေါ်ခဲ့ကျေးရွာအုပ်စု ရေပြန်ရေထွက်မှ ရေစုကန်များ။

»» ရှေ့ဖုံးမှ

(၁၅ပေ×၁၀ပေ ×၉ပေ) အဆောက်အအုံ ဆောက်လုပ်ထားခြင်းတို့ကို သတ်မှတ်ကာလအတွင်း ပြီးစီးရေး၊ အရည်အသွေးကောင်းမွန်ရေး စနစ်တကျ ဆောင်ရွက်ပေးခဲ့ကြောင်းတွေ့ရသည်။ ထို့ပြင် ကျေးရွာများ၏ အိမ်ခြေ၊ အသုံးပြုသော ရေစုကန်၏ ရေလှောင်နိုင်သော ပမာဏတို့အပေါ် မူတည်၍ ဂိတ်ဘားများ ဖွင့်ချိန်၊ ပိတ်ချိန်၊ ထိန်းပေးရမည့်အချိန်၊ လက်ရှိအသုံးပြုနေသော အင်ဂျင်ပါဝါသည် 32Hp ဖြစ်၍ အဆောက်အအုံ ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် အင်ဂျင်နှစ်လုံးဖြင့် ရေတင်ပန့်များကို ထိန်းသိမ်းအသုံးပြုရန် လိုအပ်ပုံတို့ကို အသုံးပြုမည့်သူများထံသို့ စနစ်တကျ လွှဲပြောင်းပြသ မှာကြားပေးခဲ့ကြောင်း သိရသည်။

လွန်ခဲ့သောနှစ်အနည်းငယ်က ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့် (ယခုပါမောက္ခချုပ်၊ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်)နှင့်အတူ ကျောက်တလုံးဒေသ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ဖူးသည်။ မီးသွေးချောင်း-လွယ်မော-ကျားတွန်- အင်းတိန်လမ်း(၁၄/၀)မိုင်သည် နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကျောက်ခင်းလမ်းဖောက်လုပ်ပေးထားခြင်း ဖြစ်သည်။ လမ်းဖောက်လုပ်ပေးခြင်းအတွက် ပင်လောင်း၊ တီကျစ်၊ နောင်တရားဘက်မှ ဒေသခံတိုင်းရင်းသားများက နတလကို ကျေးဇူးတင်ခဲ့ကြသည်။ သွားရေးလာရေး အဆင်ပြေမှုတစ်ခုတည်းကြောင့် ကျေးဇူးတင်ရှိခြင်းမျိုး မဟုတ်ပါ။ ဖောင်တော်ဦးဘုရားကြွချီရာတွင်အင်းတိန်သည် ဆွမ်းကပ်လှူရမည့် အချက်အချာနေရာဖြစ်သည်။ ယင်းလမ်းကြောင်းမှ အင်းတိန်သို့ သက်သောင့်သက်သာသွားရောက်၍ ဆွမ်းကပ်နိုင်ကြပြီဖြစ်သည်။

ထို့ပြင် တဝကျေးပေါ်ခဲ့ကျေးရွာအုပ်စု၊ ရေပြန်ရေထွက်မှ သန့်ရှင်းသော သောက်သုံးရေက အင်းတိန်ရွာသို့ ရောက်ရှိလာပြီဖြစ်၍ ကြည်ညိုသဒ္ဓါကြည်ဖြူစွာဖြင့် ဆွမ်းဟင်းများချက်၍ လှူဒါန်းနိုင်ပြီဖြစ်သောကြောင့် အင်းတိန်သားတို့ပျော်ကြပေလိမ့်မည်။ ထို့အတူ အင်းလေးဒေသမှ သန့်ရှင်းသောသောက်သုံးရေရရှိသည့် ကျေးရွာများကလည်း TPA ကို ကျေးဇူးတင်လျက်ရှိကြပေသည်။ ။

ချင်းပြည်နယ်

## သဘာဝဘေးလျော့ပါးရေးနေ့အထိမ်းအမှတ် ဟားခါး၌ ကျင်းပ

**ဟားခါး အောက်တိုဘာ ၁၁**

"သဘာဝဘေးဒဏ်ခုခံဖို့ သက်ကြီးများနှင့် လက်တွဲစို့" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ၂၀၁၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၉ ရက် နံနက် ၉ နာရီက ဟားခါးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက အဖွင့်အမှာစကား ပြောကြားရာတွင် သဘာဝဘေးလျော့ပါးရေးနေ့ အခမ်းအနားကို မိမိတို့နိုင်ငံတွင် ၂၀၁၀ ခုနှစ်မှ စတင်ကာ နိုင်ငံတော် အခမ်းအနားတစ်ရပ်အနေဖြင့် နှစ်စဉ်ကျင်းပလျက်ရှိပါကြောင်း၊ သဘာဝဘေးလျော့ပါးရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ဆောင်ပုဒ်ပါအတိုင်း အတွေ့အကြုံ ရင့်ကျက်သည့် သက်ကြီးရွယ်အိုများကို ချန်လှပ်မထားဘဲ ပူးပေါင်းပါဝင်ဆွေးနွေးစေခြင်း၊ ၎င်းတို့၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းဖြင့် မိမိတို့နိုင်ငံသည် သဘာဝဘေးဒဏ်များကြံ့ကြံ့ခံရင်ဆိုင်ဖြေရှင်းနိုင်သော နိုင်ငံတစ်နိုင်ငံ ပီပီပြင်ပြင်ဖြစ်လာစေရေး ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ လူတစ်ဦးချင်းကိုယ်စီက တာဝန်သိစိတ်ကိုယ်စီဖြင့် ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများတွင် တက်ကြွစွာပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သဘာဝဘေးလျော့ပါးရေးနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်နေသော လုပ်ငန်းများကို UNDP ပြည်နယ်တာဝန်ခံ ဦးထွန်းထွန်းက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ်စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မုန်တိုင်းအန္တရာယ် ဇာတ်တိုက်လေ့ကျင့်ခြင်း ပညာပေးဗီဒီယိုကိုပြသခဲ့ပြီး ခင်းကျင်းပြသထားသည့် ပြခန်းများကို ပြည်နယ်ဝန်ကြီးချုပ်နှင့်တက်ရောက်လာကြသောဧည့်သည်တော်များက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

စစ်ကိုင်းတိုင်းဒေသကြီး



## မြောင်မြို့နယ်အတွင်း လမ်းတံတားများကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိ

**မြောင် အောက်တိုဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်နှင့် မြင်းမူမြို့နယ်အကြား အလ္လကပ္ပ-မြောင်-ပရိမ္မ-မကျီးဘုတ် လမ်းပိုင်းပေါ်ရှိ ရေကျော်တံတား သုံးစင်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေ ကျပ် ၉၈ ဒသမ ၅ သန်းဖြင့် မြောင်မြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှဆောင်ရွက်လျက်ရှိရာ ကျော့မင်း ရေကျော်တံတားမိုင်တိုင်အမှတ် (၁/၅ နှင့် ၁/၆) အကြားတွင် ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ယာဉ်နှင့် ခရီးသွားပြည်သူများ လွယ်ကူစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

အလ္လကပ္ပ-မြောင် လမ်းပိုင်း မိုင်တိုင်အမှတ် (၁/၅) နှင့် (၁/၆) အကြား ကျော့မင်းရေကျော်တံတားကို တံတားအရှည် ၄၈ ပေ၊ အကျယ် ၂၄ ပေနှင့် ကြမ်းခင်းသံကူကွန်ကရစ်ဖြင့် လက်ရန်းတပ်ဆင်ခြင်းများ ဆောင်ရွက်ပြီးဖြစ်၍ မြို့နယ်အတွင်း ခရီးသွားပြည်သူများနှင့် ယာဉ်များ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ပြီဖြစ်ကြောင်း၊ နောက်ထပ် မိုင်တိုင်အမှတ်(၆/၃) နှင့် (၆/၄)ကြား ဘောလုံးကွင်းရေကျော်တံတားနှင့် မိုင်တိုင်အမှတ် (၈/၂) နှင့် (၈/၃) ကြား ညောင်ပင်ကန်ချောင်းရေကျော်တံတား နှစ်စင်းကိုလည်း ဆောင်ရွက်လျက်ရှိရာ မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ မန်နေဂျာ ဦးငွေးက ပြောသည်။

"အထက်ဖော်ပြပါ ချောင်းဦးမြို့နယ်ဆီက နတ်ရေကန်၊ ရေပိုးစား ကျေးရွာတွေဆီမှာ မိုးရွာပြီဆိုရင် ဒီချောင်းဆီကို မိုးရေတွေက ဆင်းလာတာဆိုတော့ ဆိုင်ကယ်တွေကားတွေဖြတ်ကူးလို့ မရတော့ပါဘူး။ ဆိုင်ကယ်တွေဆိုရင် အထမ်းသမားတွေနဲ့ ထမ်းပြီးသယ်ရတာ၊ ချောင်းရေအကျနည်းတဲ့အထိ ထိုင်စောင့်ရတာ။ တချို့ ခရီးသည်တွေဆို ညပါအိပ်ရတယ်။ ရေကျော်တံတားဆောက်လုပ်ပြီးသွားလို့ အဆင်ပြေလွယ်ကူသွားပါပြီ"ဟု ကျော့မင်းကျေးရွာမှ ဦးကျော်ဆန်းဦးက ပြောသည်။

မြောင်မြို့နယ်တွင် လမ်း၊ တံတားများ ကောင်းမွန်ရေး တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် လုပ်ငန်းအမျိုးအစား ခုနစ်မျိုးအတွက် ကျပ်သန်းပေါင်း ၁၉၈ ဒသမ ၂၅ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရေကျော်တံတား သုံးစင်းအတွက် ၉၈ ဒသမ ၅ သန်း လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်နိုင်စိုး(ထီးလှိုင်မြေ)**

မန္တလေးတိုင်းဒေသကြီး

## မန္တလေးမြို့၌ အိန္ဒိယကုန်စည်ပြပွဲကြီး ပထမဆုံးအကြိမ်ခင်းကျင်းပြသ

**မန္တလေး အောက်တိုဘာ ၁၁**

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ပိုမိုချစ်ကြည်ရင်းနှီးစေရန်နှင့် ကုန်သွယ်မှုများမြှင့်တင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်လျက် ပထမဆုံးအကြိမ် အိန္ဒိယကုန်စည်ပြပွဲ (ENTE - RPRISE INDIA SHOW) အား မန္တလေးမြို့ မြို့တော်ခန်းမ၌ အောက်တိုဘာ ၉ ရက်မှ စတင်ကျင်းပလျက်ရှိကြောင်းသိရသည်။

အဆိုပါ ကုန်စည်ပြပွဲတွင် မော်တော်ယာဉ်များ၊ လယ်ယာသုံးစက်ကိရိယာများ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ အဝတ်အထည်နှင့် အလှကုန်ပစ္စည်းများ၊ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ၊ သတ္တုတူးဖော်မှုလုပ်ငန်းများကို လုပ်ငန်းရှင် ၇၀ တို့က ပြခန်းပေါင်း ၈၀ ကျော်ဖြင့် ခင်းကျင်းပြသရောင်းချလျက်ရှိသည်။

ယင်းပြပွဲကြီးများကို ၂၀၁၁ ခုနှစ် နိုဝင်ဘာလနှင့် ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် ရန်ကုန်မြို့၌ ကျင်းပခဲ့ပြီး အောင်မြင်မှုများ ရရှိခဲ့သဖြင့် ယခုကဲ့သို့ မန္တလေးမြို့၌ ပထမဆုံးအကြိမ် ကျင်းပရခြင်းဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံတွင် မိမိတို့လုပ်ငန်းများပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ချက်များပါရှိကြောင်း Confederation of India Industry မှဒါရိုက်တာ Roy Jacob က ပြောသည်။

"ကျွန်တော်တို့ ယခင် ရန်ကုန်မှာ နှစ်ကြိမ်လုပ်ခဲ့တာ ဆက်သွယ်မှာယူမှုတွေ အများကြီးရခဲ့ပါတယ်။ ဒါကြောင့် မန္တလေးမှာလည်း ယခုလို လာရောက်ပြသ ရောင်းချပေးတာပါ။ အဓိကရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ လုပ်ငန်းရှင်တွေက မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံချင်တယ်။ မြန်မာနဲ့အိန္ဒိယ ကုန်သွယ်ရေးလုပ်ငန်းတွေ ဒီထက်မကတိုးတက်စေချင်တဲ့ဆန္ဒပါပဲ။ အခုလည်း ကျွန်တော်တို့နိုင်ငံက လုပ်ငန်းရှင်တွေပါလာပြီး ဒီမှာရှိတဲ့လုပ်ငန်းရှင်တွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ဆွေးနွေးကြမှာပါ"ဟု ပြောသည်။



ပြပွဲကြီးကို အောက်တိုဘာ ၉ ရက်မှ ၁၂ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၇ နာရီအထိ ခင်းကျင်းပြသရောင်းချသွားမည် ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

ချင်းပြည်နယ်



# ကလေးမြို့နယ်မှ တီးတိန်မျိုးနွယ်တို့၏ ကောက်သစ်စားပွဲ(ခေါ်)ခွာဒိုပွဲ ရိုးရာမပျက်ကျင်းပ

**ကလေး အောက်တိုဘာ ၁၁**

မြန်မာနိုင်ငံတွင် လူမျိုးပေါင်း ၁၃၅ မျိုးကျော် စုပေါင်းနေထိုင်ကြပြီး လူမျိုး၊ ဘာသာအလိုက်၊ ရိုးရာယဉ်ကျေးမှုအလိုက် ရိုးရာယဉ်ကျေးမှုပွဲတော်များ ဆယ့်နှစ်လရာသီ ရိုးရာမပျက်ကျင်းပလာခဲ့ကြသည်။ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် လက်ပံချောင်းကျေးရွာအတွင်းနေထိုင်ကြသော တီးတိန်မျိုးနွယ်များ စုပေါင်းကာ ချင်းလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးပွဲတော်ဖြစ်သည့် ကောက်သစ်စားပွဲ(ခေါ်)ခွာဒိုပွဲကို ကျေးရွာစုပေါင်းမဏ္ဍပ်၌ အောက်တိုဘာ ၈ ရက် ညပိုင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

လက်ပံချောင်းကျေးရွာ၌ ကျင်းပသည့် ခွာဒိုပွဲကို တီးတိန်လူမျိုးတို့၏ အောင်ပွဲခံအကများ၊ သီးနှံအောင်မြင်ခြင်း အထိမ်းအမှတ်အကများ၊ လူရိုင်းရိုးရာအကများဖြင့် ပျော်ပျော်ရွှင်ရွှင်ကျင်းပခဲ့ကြသည်။ ခွာဒိုပွဲတော်ရက်ဟူ၍ ချင်းတောင်ပေါ်တွင် သတ်မှတ်ချက်မရှိသော်လည်း ဒေသအလိုက်၊ လူမျိုးစုအလိုက် ကွဲပြားခြားနားမှုရှိကြောင်း သိရသည်။ အချို့လူမျိုးစုများက တောင်ယာသီးနှံရိတ်သိမ်းချိန်ရောက်မှ ကျင်းပသကဲ့သို့ အချို့မျိုးနွယ်စုများက သီးနှံပေါ်ချိန်တွင် လည်းကောင်း၊ အချို့က တူလ်ပီး ( Tulpi ) (ခေါ်) ရွာ၏ နတ်ဆရာသတ်မှတ်ပေးသောရက်များတွင် လည်းကောင်း ကျင်းပကြကြောင်း သိရသည်။ ချင်းလူမျိုးများ၏ နှစ်သစ်ကူးပွဲကို ချင်းပြည်နယ်မြောက်ပိုင်းက ခွာဒိုပွဲဟု ခေါ်ဝေါ်ကျင်းပကြပြီး မတူပီ၊ မင်းတပ်ဒေသများက ထာပွဲဟူ၍လည်းကောင်း၊ ထိုပွဲဟူ၍ လည်းကောင်း လူမျိုးနွယ်စုများအလိုက် သီတင်းကျွတ်ရာသီတွင် ကျင်းပကြကြောင်း သိရသည်။

"ချင်းတိုင်းရင်းသားက လူမျိုးပေါင်း ၅၃ မျိုးရှိပါတယ်။ ကိုယ့်ရိုးရာယဉ်ကျေးမှုအတိုင်း ကိုယ်စီပွဲလေးတွေ လုပ်ကြပါတယ်။ တချို့ဆို ကိုယ့်မိသားစုအလိုက် လုပ်ကြတယ်။ ရပ်ကွက်အလိုက် လုပ်ကြတယ်။ ဘိုးဘွား မိဘတွေကို ဆုတောင်းပေးကြတယ်။ ချင်းတောင်ပေါ် ဒေသတွေမှာကတော့ မြို့တော်ခန်းမကြီးတွေမှာ စည်စည်ကားကား နှစ်စဉ်နှစ်တိုင်း ကျင်းပကြပါတယ်"ဟု တီးတိန်မျိုးနွယ် ချင်းတိုင်းရင်းသား ဦးပေါင်က ပြောပြသည်။

**(လင်းလက်ကြယ်စင်)**

မန္တလေးတိုင်းဒေသကြီး

# ပဥ္စမစွယ်တော်ရှင် ပြက္ခရွေတောင် ဆွမ်းလောင်းလှူပွဲတွင် တိမ်မြုပ်ပျောက်ကွယ်ခဲ့သည့် မြန်မာ့ရိုးရာဒိုးပတ်ပြိုင်ပွဲ ပြန်လည်ကျင်းပ

**မြစ်သား အောက်တိုဘာ ၁၁**

အနော်ရထာမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သော မြစ်သားမြို့နယ် ပြက္ခရွေတောင်ပေါ်ရှိ ပဥ္စမစွယ်တော်ပွားပူဇော်သည့်အနေဖြင့် ဆွမ်းလောင်းလှူပွဲကို နှစ်စဉ်ကျင်းပလျက်ရှိသော်လည်း ယခင်က ကျင်းပခဲ့သည့် မြန်မာ့ရိုးရာဒိုးပတ်ပြိုင်ပွဲကို ကျင်းပမှုမရှိခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်ပြီး ယခုနှစ်တွင်မှ ပြန်လည်စတင်ကျင်းပခဲ့ကြောင်း သိရသည်။



ယခုနှစ် မြန်မာ့ရိုးရာ ဒိုးပတ်ပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် ကျောက်ဆည်အသင်း (ရန်ကုန်)က မတည်လှူဒါန်းငွေကျပ် ငါးသိန်းနှင့် ဒေသခံများ၏လှူဒါန်းငွေဖြင့် ပြိုင်ပွဲကျင်းပနိုင်ခဲ့ပြီး ပြိုင်ပွဲကို မြစ်သားမြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်များမှ ကင်းတားဆည်ရေသောက်ကျေးရွာများကို ဖိတ်ခေါ်ယှဉ်ပြိုင်ခဲ့ရာ ဒိုးပတ်ပြိုင်ပွဲဝင်အသင်းပေါင်း ၁၉ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြက္ခရွေတောင် ပဥ္စမစွယ်တော်ရှင် ဆွမ်းလောင်းလှူပွဲကြီးကို နှစ်စဉ် သီတင်းကျွတ်လဆန်း ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ကျောက်ဆည်မြို့ ဆင်လှူပွဲတော်ကြီးနှင့်အတူ ကျင်းပလေ့ရှိရာ အနော်ရထာမင်းကြီး တည်ဆောက်ခဲ့သော ကင်းတားဆည်ရေသောက်နယ်မြေများမှ ဒေသခံပြည်သူများ တက်ရောက်ပူဇော်ကြသည်။ ယခင်က တောင်ပေါ်အတက် မောနားတွင် အမျိုးသားများက ဒိုးပတ်ဝိုင်းများ တီးမှုတ်ကြပြီး ဆွမ်းလောင်းလာအမျိုးသမီးများက ကခုန်ကြပြီး အပြိုင်တီးမှုတ်ကခုန်ကြရင်း ဒိုးပတ်ပြိုင်ပွဲများ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာ့ရိုးရာ ဒိုးပတ်ပြိုင်ပွဲကျင်းပမှုကို "အရင်တုန်းကတော့ ဒိုးပတ်တီးတဲ့အဖွဲ့နဲ့ ကတဲ့ အမျိုးသမီးအဖွဲ့ ပြိုင်တီး၊ ပြိုင်ကကြတာ၊ ကတဲ့သူနဲ့ တီးတဲ့သူ မမောမချင်း ညလုံးပေါက် တီးကြကကြတာ၊ အဲဒီကနေမှ ဒိုးပတ်ပြိုင်ပွဲ ဖြစ်လာတာ၊ ဒိုးပတ်အဖွဲ့ တစ်ဖွဲ့မှာ အဖွဲ့ဝင် ခုနစ်ဦးပါဝင်ရတယ်၊ ဒိုးနှစ်ဒိုး၊ လိုက်ဒိုးနဲ့ ခေါ်ဒိုးပေါ့၊ မောင်းရယ်၊ လကွင်းရယ်ပါရတယ်၊ ဦးရွှေရိုးကတဲ့သူပေါ့၊ အဖွဲ့က တူညီဝတ်စုံ ဖြစ်ရမယ်၊ အဆိုနဲ့ သီချင်းစာသားကလည်း ပွဲတော်နဲ့ကိုက်ညီတဲ့ စာသားဖြစ်ရမယ်၊ တီးပုံ၊ ဆိုပုံ ဟန်ပန်ကိုလည်း ကောင်းရမယ်၊ အဲဒါတွေနဲ့ ကိုက်ညီမှ အမှတ်များများရတာ၊ နှံ့မပါရင် ပလွေပေါ့ အဲဒါကတော့ အမှတ်ပေးစည်းမျဉ်းထဲမှာ ထည့်မထားဘူး၊ ဒီနှစ်ပြိုင်ပွဲမှာ ပထမ၊ ဒုတိယ၊ တတိယနဲ့ နှစ်သိမ့်ဆု နှစ်ဆုပေးနိုင်ခဲ့တယ်၊ နောင်နှစ်တွေမှာ ဒီထက်စည်အောင် ကျင်းပနိုင်ဖို့ ကျွန်တော်တို့ ကြိုးတင်ဆောင်ရွက်သွားမှာပါ"ဟု ဒိုးပတ်ပြိုင်ပွဲကျင်းပရေး ဦးဆောင်သူ ဦးသိန်းတင့်၏ ပြောကြားချက်အရ သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

စစ်ကိုင်းတိုင်းဒေသကြီး

# မြောင်မြို့နယ်အတွင်းရှိ ကျေးရွာ ခုနစ်ရွာသို့ စွမ်းအားမြင့် မီးဖိုအလုံးရေ ၆၅၀ ထောက်ပံ့ပေးအပ်

**မြောင် အောက်တိုဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍမှ ကျေးလက်နေပြည်သူများ ထင်းသုံးစွဲမှုလျော့ကျပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေးနှင့် ကုန်ကျစရိတ်သက်သာစေရေးရည်ရွယ်၍ မြောင်မြို့နယ်အတွင်း ကျေးရွာပေါင်းခုနစ်ရွာအတွက် စွမ်းအားမြင့် A1 မီးဖိုအလုံးရေ ၆၅၀ကို အောက်တိုဘာ ၆ ရက်က မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှတစ်ဆင့် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ မြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာတွေဆီက ပြည်သူတွေကို ထင်းသုံးစွဲမှုလျှော့ချနိုင်ရေးအတွက် စွမ်းအားမြင့် A1 မီးဖိုသုံးစွဲနည်းနှင့်တကွ A1 မီးဖိုများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ထောက်ပံ့ခဲ့ရာ ယခုနှစ်မှာတော့ ကျေးရွာပေါင်း ခုနစ်ရွာအတွက် စုစုပေါင်းအလုံးရေ ၆၅၀ကို ထောက်ပံ့နိုင်ခဲ့ပါတယ်။ ပြည်သူတွေအနေနဲ့ မီးသုံးစွဲရာမှာ ထင်းမီးကိုသာ အများဆုံးအသုံးချနေတာဖြစ်လို့ အခုလို စွမ်းအားမြင့် မီးဖိုတွေ ထောက်ပံ့ပေးခြင်းဖြင့် ထင်းသုံးစွဲမှု လျှော့ချနိုင်မှာဖြစ်သလို ကုန်ကျစရိတ်လည်း သက်သာလာနိုင်မှာ ဖြစ်ပါတယ် "ဟု မြို့နယ်သစ်တောတာဝန်ခံ ဦးလှိုင်ကိုကိုက ပြောသည်။

မြောင်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ထင်းမီးကိုသာ အများဆုံးအသုံးပြုကြသဖြင့် ကုန်ကျစရိတ်များ သက်သာစေပြီး ကျေးလက်ဒေသဆင်းရဲမှုလျှော့ချရေးအတွက် တိုင်းဒေသကြီးအစိုးရ အစီအစဉ်ဖြင့် ၂၀၁၂-၂၀၁၃ ခုနှစ်မှစ၍ နှစ်စဉ်ထောက်ပံ့ခဲ့ရာ ကျေးလက်ပြည်သူများအနေဖြင့် ယခုအခါ A1 မီးဖိုများအား နှစ်ခြိုက်စွာသုံးစွဲလျက်ရှိကြောင်း သိရသည်။

**မြင့်နိုင်စိုး(ထီးလှိုင်မြေ)**



# ထွေကုဆရာဝန်ဘဝထဲက တီဘီ(သို့မဟုတ်) တီဘီထဲက ထွေကုဆရာဝန်ဘဝ

ဒေါက်တာမြင့်ဦး
(ထွေကု-ထီလာ)

ကျွန်တော်သည် အသက်(၆၃)နှစ်အရွယ်ရှိ အထွေထွေရောဂါကုဆရာဝန်ကြီးပါ။ ကျွန်တော် မကျန်းမာစဉ် Facebook တွင် ကျွန်တော့်နာမည်နှင့်ပတ်သက်၍ မိတ္ထီလာမြို့ တီဘီတိုက်ဖျက်ရေးမှာ တက်တက်ကြွကြွပါဝင်ဆောင်ရွက်နေသလို လူမျိုး၊ ဘာသာမရွေး အသပြာအဓိကမထားဘဲ စေတနာဖြင့် ကုသပေးသော ဆရာဝန်ကြီးတစ်ဦးပါဆိုပြီး ပါလာပြီး မြန်မာနိုင်ငံဆရာဝန်အသင်း(MMA) ဗဟို၊ MMA (GP) Society၊ PSI လောကမှ ဆရာကြီးများနှင့် လုပ်ဖော်ကိုင်ဖက် ဆရာဝန်များ၊ ပြည်တွင်းပြည်ပ(1970-77)Batch သူငယ်ချင်းများ၊ စာပေမိတ်ဆွေများကပါ အားလုံးသိရှိပြီး အားလုံးက ကရုဏာနှင့်စောင့်ရှောက်ကူညီပြီး မေတ္တာများရရှိခဲ့သဖြင့် အထူးကျေးဇူးတင်ပါသည်။

ကျွန်တော်တီဘီရောဂါနှင့် ပတ်သက်၍ စိတ်ဝင်စားသော အကြောင်းအရာသည် တကယ်ရှိခဲ့ပါသည်။ ကျွန်တော့်ဘဝတွင်ပထမ ဆရာဝန်ဖြစ်ချင်သောဆန္ဒသည်ကျွန်တော် ငယ်စဉ် (၈)နှစ်သားအရွယ်က ဖျားနာသောအခါ အမေနှင့်အတူ ဆေးသွားကုရသောဒေါက်တာရှားမား(LMP) ဆရာဝန်ကြီးကြောင့်ဖြစ်သည်။ ဆရာဝန်ကြီးသည် အိန္ဒိယမှ (၁၉၅၅) ခုနှစ်က ငှားရမ်းထားသော တီဘီဆရာဝန်ကြီးဖြစ်ပြီး ပုသိမ်တိုင်းဆေးရုံတွင် တာဝန်ထမ်းဆောင်သော ပထမဦးဆုံး တီဘီဆရာဝန်ကြီးဖြစ်သည်။

ဆရာဝန်ကြီးသည် အသက်(၃၀)လောက်ရှိပြီး ပါးသိုင်းမွေးစိမ်းစိမ်းနှင့်နှာခေါင်းစည်း အမြဲစည်းထားသော ဆရာဝန်ကြီးဖြစ်သည်။ ဆေးကုရာတွင် စိတ်စေတနာအလွန်ကောင်းပြီး ဆေးဖိုးမှာသုံးကျပ်ယူပါသည်။ ပေးသမျှပိုက်ဆံကို မရေဘဲ ဘောင်းဘီအိတ်ထဲသို့ထည့်သည်။ ပေးသလောက်သာယူသည်။ ပိုက်ဆံမပါသောသူများကိုလည်း အလကားကုသပေးသည်။ သုံးနှစ်ပြည့်၍ ဆရာကြီးပြန်သောအခါ ကျွန်တော်တို့တစ်မြို့လုံး ကမ်းလုံးညွတ်လိုက်ပို့ခဲ့ရသည်။ ဆရာကြီးသည် အလွန်စေတနာကောင်းပြီး ပြည်သူချစ်သော ဆရာကြီးဖြစ်သည်။ ဆရာကြီး အိန္ဒိယသို့ ပြန်သောမြင်ကွင်း မြင်တွေ့ခဲ့၍ ကျွန်တော်လည်း တစ်နေ့ကျရင် ဆရာဝန်ကြီးလို ဆရာဝန်ဖြစ်အောင် ကြိုးစားမည်။ ဆရာဝန်ဖြစ်ရင်လည်း ပြည်သူချစ်သော ဆရာဝန်နှင့်တီဘီရောဂါကို ဆရာကြီးလို ကုသပေးမည်ဟု အဓိဋ္ဌာန်ချခဲ့သည်။ ဆရာဝန်ကြီး အကြောင်းကတော့ ယခု နှစ်(၅၀) ကြာသည့်တိုင် ပုသိမ်သူပုသိမ်သားများကြား ပြောဆိုအမှတ်ရလျက်ရှိပါသည်။ စာအုပ်စာပေများတွင်လည်း ယခုထက်တိုင်မကြာခဏပါလျက်ရှိသည်။

ကျွန်တော့်အဓိဋ္ဌာန်အတိုင်း ဆရာဝန်ဖြစ်အောင် ကြိုးစားခဲ့ပါသည်။ ဆရာဝန်အဖြစ် အစိုးရဝန်ထမ်းလုပ်ဆောင်နေစဉ်အတွင်း တီဘီအဆောင်များတွင် သွေးအန်၍ အသည်းအသန်ဖြစ်သောလူနာများအား ကြိုးစားပမ်းစားအပင်ပန်းခံ၍ ကုသခဲ့ပါသည်။ ယင်းအချိန်တွင် Streptomycin INH၊ PAS ဆေးသုံးမျိုးသာပေါ်ခဲ့၍ ကြိုးစားကုသခဲ့ရပါသည်။ နောက်ပိုင်းတွင် တီဘီကုထုံးများသည် အဆင့်ဆင့်ပြောင်းလဲလာ၍ ကုထုံးများကိုမျက်ခြည်မပြတ်လေ့လာခဲ့ရပါသည်။ ကိုယ်ကိုယ်တိုင်လည်း PSI နှင့်တွဲလျက် တီဘီလူနာမြောက်မြားစွာကို ရှာဖွေကုသခဲ့ရပါသည်။ ယင်းအချိန်တွင် ကျွန်တော့်ဘဝတွင် တီဘီလူနာများရှာပြီး စနစ်တကျကုသရတာ အပျော်ရွှင်ဆုံးအချိန်ဖြစ်ပါသည်။ တစ်ချိန်က တီဘီဆေးများရှားပါးမှု၊ ပြတ်လပ်မှု၊ လူနာများ ဆေးမဝယ်နိုင်သောကြောင့် အသက်ဆုံးရှုံးမှုများရှိခဲ့သည်။ ရှေးပိုင်းကျသော တီဘီဆရာဝန်ကြီးများအပါအဝင် အထွေထွေကုဆရာဝန်ကြီးများ ယင်းအကြောင်းအရာကို သိရှိကြပါသည်။

တကယ်တော့ ကျွန်တော်တို့အထွေထွေကု ဆရာဝန်များ၊ မိသားစုဆရာဝန်များ (Primary Care Physician)ဆိုတာ ပြည်သူနှင့်ပထမဦးဆုံးတွေ့ရှိရသော ရှေ့တန်းတိုက်စစ်မှူးတွေပါ။ တကယ်တမ်းကိုယ့်ဆီရောက်လာသောလူနာတွေကို သေချာမေးမြန်းစမ်းသပ်စစ်ဆေးပြီး ရောဂါရှာကုသပါက တီဘီရောဂါသည် စောစောသိစောစောကုပါ။ မုချပျောက်ကင်းသောရောဂါဖြစ်ပါသည်။

ကျွန်တော်တို့ဆရာဝန်များအားလုံးသည် နေ့စဉ် အခြေခံလူတန်းစားများနှင့် အချိန်ပြည့်ထိတွေ့လျက် ဆေးခန်းလာလူနာများထဲမှ သူတို့ခံစားနေရသော ဝေဒနာလက္ခဏာများကို သေချာမေးမြန်းစမ်းသပ်စစ်ဆေးပြီး အဖြစ်နိုင်ဆုံးရောဂါကို ဆုံးဖြတ်ရသောသူများဖြစ်သည်။ ဒီအတွက် ဆေးခန်းလာလူနာများထဲမှ ချောင်းဆိုးသူများ၊ ချောင်းနှစ်ပတ်ထက်ကျော်ပြီးဆိုးသူများ၊ သလိပ်ထွက်ခြင်း၊ သလိပ်တွင်သွေးပါခြင်း၊ ကိုယ်အလေးချိန်လျော့ခြင်း၊ ညပိုင်းတွင် တငွေ့ငွေ့ဖျားခြင်း၊ အစားအသောက်ပျက်ခြင်း၊ ကျောရင်ဘတ်အောင့်ခြင်း၊ မောပန်းလွယ်ခြင်း စသည့်လက္ခဏာရှိသော လူနာများအား မိနစ် ၂၀ ခန့် ဆွေးနွေးအကြံပြုပြီး ဦးစွာသလိပ်ထွေးနည်း စနစ်တကျသင်ပေးပြီး သလိပ်နှစ်ခွက်ကိုစစ်ဆေးရန် တိုက်တွန်းညွှန်ကြားပြသပါသည်။ အကယ်၍ သလိပ်ပိုးမတွေ့ရှိပါက အသင့်တော်ဆုံးနှင့်အထိရောက်ဆုံးသော ပဋိဇီဝဆေးဝါးများ(Quinolone) အုပ်စုမဟုတ်သော ဆေးများကို ၁၄ ရက်ပေးပါသည်။ ၁၄ ရက်ပေးပြီး မသက်သာပါက လူနာအားဓာတ်မှန်ရိုက်ပေး၍ တီဘီမဟုတ်ပါက စိုးရိမ်စရာမရှိရန်နှင့် အကယ်၍ တီဘီပုံရိပ်တွေ့ရှိပါကလည်း စိုးရိမ်ပူပန်မှုမဖြစ်ရန်နှင့် ယခုအခါ တီဘီရောဂါသည် မုချ ရာနှုန်းပြည့်အခမဲ့ဆေးကုသ၍ရသောရောဂါဖြစ်ပြီး စနစ်တကျ DOTS (တိုက်ရိုက်ကြည့်ရှုအချိန်တိုကုထုံး) ဖြင့် ခြောက်လ၊ ရှစ်လ ဆေးစားပါက ပျောက်ကင်းသောရောဂါဖြစ်ကြောင်း၊ **တီဘီသည် မျိုးရိုးလိုက်သောရောဂါမဟုတ်၊ လေမှတစ်ဆင့်ကူးစက်ခြင်းဖြစ်ကြောင်း၊** မျိုးရိုးလိုက်သည်ဟု လူအများက အယူအဆမှားနေခြင်းဖြစ်ကြောင်း၊ လူနာသေချာစွာနားလည်ရန် ရှင်းပြပါသည်။ **တီဘီရောဂါသည် စောစောသိစောစောကုပါက အားလုံးအတွက် ကာကွယ်မှုဖြစ်ကြောင်း** စိတ်ရှည်လက်ရှည် ရှင်းပြစည်းရုံးပြီးရှာဖွေ ကုသပါသည်။ ကျွန်တော့်တစ်သက် တီဘီလူနာ ကလေး၊ လူကြီး မြောက်မြားစွာကို အထက်ပါနည်းလမ်းအတိုင်း ရောဂါရှာဖွေပျောက်ကင်းအောင် ကုသခြင်းဖြင့် အသက်ကယ်နိုင်ခဲ့ပါသည်။

၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှာ Global Fund အပါအဝင် နိုင်ငံခြားမှ အထောက်အပံ့အကူအညီများနှင့် ဆေးဝါးများ ရလာသောအခါ ကျွန်တော်တို့ တီဘီရောဂါကိုအပြတ်တိုက်ထုတ်နိုင်မည်ဟုတွေး၍ အပျော်ကြီးပျော်ခဲ့ကြပါသည်။

တကယ်တမ်း ကျွန်တော်တို့ တီဘီရောဂါတိုက်ဖျက်ရေးအတွက် အားကြိုးမာန်တက်ကြိုးစားနေသောအချိန်ကာလမှာ လူနာများက စနစ်တကျ ဆေးသောက်သုံးမှုမရှိခြင်းကြောင့် **MDR-TB (ဆေးယဉ်ပါးတီဘီ)** အမှတ်မထင် တွေ့လာသောအခါ ကျွန်တော်တို့ အံ့ဩရပြီး ကျွန်တော်တို့ တီဘီနှင့်ပတ်သက်ပြီး ဆက်လက်လုပ်ဆောင်ရမည်ကို သိရှိခဲ့ရပါသည်။

တစ်ဖန် ဆေးပညာရဲ့အံ့မခန်းတိုးတက်မှုနှင့်အတူ တီဘီရောဂါကိုအစောဆုံးသိရန်၊ တီဘီဟုတ်/မဟုတ်၊ ဆေးယဉ်ပါး တီဘီဟုတ်/မဟုတ်နှင့် ပတ်သက်၍ ဆုံးဖြတ်ရန် ရောဂါများရှာဖွေခြင်း၊ နည်းပညာအသစ်များ Gene Expert စသော မျိုးရိုးဗီဇဆေးပညာအံ့မခန်းတိုးတက်မှုကြောင့် ဆေးယဉ်ပါးတီဘီများကို စောစီးစွာဖော်ထုတ်နိုင်ခြင်းနှင့် ကျွန်တော်တို့နိုင်ငံအား ဆေးယဉ်ပါးတီဘီရောဂါရှာဖွေနည်း NTP၊ အမျိုးသား တီဘီတိုက်ဖျက်ရေး၊ MMA CAP TB တို့ ပူးပေါင်းတိုက်ဖျက်ရန်အတွက် သင်တန်းများ လာရောက်ပေးခြင်းဖြစ်သည်။

ကျွန်တော်တို့ဘဝတစ်လျှောက်လုံးတွင် အထွေထွေကုဆရာဝန်တစ်ယောက်အနေဖြင့် တိုးတက်လာသော တီဘီကုထုံးအသစ်များနှင့် ကြိုးစား၍ကုသပေးခဲ့ရသည်။ ယခုလည်း ဆေးယဉ်ပါးကုထုံးနှင့် အစီအစဉ်များကိုသိရ၍ အမျိုးသားတီဘီတိုက်ဖျက်ရေး စီမံကိန်းကို များစွာ ကျေးဇူးအထူးတင် ဝမ်းသာအားရဖြစ်မိပါသည်။

သို့သော် ကျွန်တော်နှင့် ဆရာဗိုလ်မှူးကြီးလွင်ကို အပါအဝင် တီဘီသင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအားလုံး အပါအဝင် ရှေ့ပိုင်းက နိုင်ငံအတွက်၊ တီဘီရောဂါအတွက် သူရဲကောင်းကြီးများတိုက်ခဲ့သော တိုက်ပွဲကို နောက်မျိုးဆက်သစ်ဆရာဝန်များက လေ့လာသင်ယူပြီး ဆက်လက်တိုက်ဖျက်ပေးပါလို့ မေတ္တာရပ်ခံအပ်ပါသည်။ တိုက်ပေးမည်လို့လည်း ယုံကြည်ပါသည်။

မိတ္ထီလာမြို့တွင် အမျိုးသားတီဘီတိုက်ဖျက်ရေးစီမံကိန်းအနေဖြင့် မိတ္ထီလာပြည်သူ့ဆေးရုံကြီးရှိ တီဘီတိုက်ဖျက်ရေးအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်ဆရာဝန်ဦးဆောင်လျက် ဆေးရုံတက်လူနာများထဲမှ တီဘီသံသယရှိသော လူနာများအားရှာဖွေခြင်း၊ ပြင်ပလူနာဌာန၊ MMA PPM DOTS TB Project၊ အခြေခံကျန်းမာရေးဝန်ထမ်း၊ တပ်မတော်ဆေးရုံ၊ MHAA၊ PSI၊ MCWA တို့မှ ညွှန်းပို့လူနာများ၊ HIV+TB လူနာများ၊ IHC (Union)မှ တီဘီလူနာများကို ရောဂါရှာဖွေ၍ စနစ်တကျဆေးကုသပေးနေပါသည်။

ကျွန်တော်တို့ ထွေကုဆရာဝန်များ၊ မိသားစုဆရာဝန်များ တီဘီရောဂါတိုက်ဖျက်ရေးအတွက် တိုက်ပွဲဝင်ခဲ့ရာ ကျွန်တော်တို့နှင့်အတူ စစ်ဘက်၊ အရပ်ဘက် တီဘီဆရာဝန်ကြီးများ၏ ကြိုးစားအားထုတ်မှုသည် အလွန်တရာကြီးမားလှပါသည်။ ဤတိုက်ပွဲတွင် ကျွန်တော့်အင်အားသည်လည်း သေးသေးမွှန်မွှန်သာပါနေပါသည်။ တကယ်တမ်း ကျွန်တော်တို့တိုက်ပွဲဝင်သောအခါ ဒီတိုက်ပွဲကို ကျွန်တော်တို့နိုင်ပြီလို့ မျှော်လင့်ထားသော်လည်း ယခုအခါ လူနာများ ဆေးဝါးကို စနစ်တကျစားသုံးမှုမရှိခြင်းကြောင့် MDR-TB(ဆေးယဉ်ပါးတီဘီ)သည် ပေါ်ထွက်လာသဖြင့် ကျွန်တော်တို့ အတော်တောင့်ခံထားရပါမည်။ ဆက်လက်တိုက်ပွဲဝင်မည့် မျိုးဆက်သစ်ဆရာဝန်များအနေဖြင့် ကျွန်တော်တို့၏တိုက်ပွဲတွင် ပြည်သူလူထုများအား အသိပညာဖြန့်ဝေခြင်း၊ ရောဂါရှာဖွေခြင်း၊ ကုသပေးခြင်း၊ ကာကွယ်နည်းလမ်းများကို အားကြိုးမာန်တက်ဆောင်ရွက်ပါက ဤတိုက်ပွဲ သက္ကရာဇ် ၂၀၅၀ တွင် အောင်မြင်မည်ဟု ထင်မြင်မိပါသည်။ ။

**ကျွန်တော်တို့ ဘဝတစ်လျှောက်လုံးတွင် အထွေထွေကုဆရာဝန်တစ်ယောက်အနေဖြင့် တိုးတက်လာသော တီဘီကုထုံးအသစ်များနှင့် ကြိုးစား၍ ကုသပေးခဲ့ရသည်။**

---

**စစ်ကိုင်းတိုင်းဒေသကြီး**

## မြင်းမူ၌ (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ပန္နက်တင်

**မြင်းမူ အောက်တိုဘာ ၁၁**

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေ ကျပ် ၃၄၅ ဒသမ ၃ သန်းဖြင့် ဆောက်လုပ်မည့် (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံနှင့် ဝန်ထမ်းအိမ်ရာများ ပန္နက်တင် မင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၉ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ အောင်ဇေယျရပ်ကွက်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ဆွေ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ဝင်း၊ မြို့နယ်တိုင်းရင်းဆေးဦးစီးမှူး ဒေါ်စန္ဒာအောင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ငွေယမင်းဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများက ပန္နက်ရိုက်၍ မင်္ဂလာပန္နက်တင်အခမ်းအနား အောင်မြင်စွာကျင်းပပြီးစီးခဲ့သည်။

အဆိုပါ (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ သံကူကွန်ကရစ် တစ်ထပ်အဆောက်အအုံကို ပြည်ထောင်စုရန်ပုံငွေ ကျပ် ၁၁၅ ဒသမ ၈ သန်းဖြင့်လည်းကောင်း၊ လေးခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာအဆောက်အအုံကို ပြည်ထောင်စုရန်ပုံငွေ ကျပ် ၂၂၉ ဒသမ ၅ သန်းဖြင့်လည်းကောင်း ငွေယမင်းဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။

**(ဖိုးခါး)**



လူ့စွမ်းအား အရင်းအမြစ် စီမံခန့်ခွဲမှုသင်တန်း
(Human Resource Management Training)

MYANMARS LAND

HR

18 10 2014

Every Sat : 2 pm to 5 pm (2 Months)

Limited Seats !

SHRM World



Lecturer

Corporate Training

RUBY

09-50-17438
532200

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၈၅၁/၈၅၃)၊ အခန်းအမှတ်(၉)၊ (၄-လွှာ)၊ အကျယ်အဝန်းပေ(အလျား၂၅ × အနံ ၅၀)အကျယ်ရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်းတွင် တွယ်ကပ်လျက်ရှိသော ပစ္စည်းများနှင့်အကျိုးခံစားခွင့် အရပ်ရပ် အားလုံးကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နှင်းနွယ်ထွန်း[၁၂/ပဘတ(နိုင်)၀၂၆၅၄၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ယခုအရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါလျှင် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားနှင့်တကွ ကျွန်ုပ်ထံတွင် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဤတိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိုးပြည့်လင်း

အထက်တန်းရှေ့နေ(စဉ်-၃၀၈၈၁)

**LL.B, Dip in International Law, WIPO (Switzerland)**

အမှတ်(၁၆၄)၊ ဗိုလ်ဆွန်ပက်လမ်း(အလယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။




သင့်သွေးဖြင့် အသက်ကယ်ပါ

တံခါးပေါက်
09-420185599
09-49300967

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ASAHI LOI HEIN CO.,LTD

BLUE MOUNTAIN

ASAHI LOI HEIN CO.,LTD BLUE MOUNTAIN

BLUE MOUNTAIN Cola

BLUE MOUNTAIN Passion

BLUE MOUNTAIN Fruito

BLUE MOUNTAIN Sparkling

BLUE MOUNTAIN Lychee

BLUE MOUNTAIN Orange

BLUE MOUNTAIN Cream Soda

BLUE MOUNTAIN Club Soda

Letter Head, Website, email

ASAHI LOI HEIN CO.,LTD

ASAHI LOI HEIN CO.,LTD ၏ လွှဲအပ်ညွှန်ကြားချက်အရ -

ဦးအောင်ကျော်ယုန်း LL.B.,LL.M.

အထက်တန်းရှေ့နေ

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

GOLDEN HILL

Purified Drinking Water

GOLDEN HILL

Letter Head, Website, email

ဦးအောင်ကျော်ယုန်း LL.B.,LL.M.

အထက်တန်းရှေ့နေ

သစ်တောသစ်ပင် ဒို့ချစ်ချင် အစဉ်စိုက်ပျိုး အလှတိုး


68 RESIDENCE CONDOMINIUM
WE DEFINE LIFESTYLE
UNITED
SOMERSET SERVICED RESIDENCE
More than
78%
Sold Out
INFINITY SKY SWIMMING POOL & GARDEN @ 27TH STOREY
DUAL KEY SYSTEM UNIT
LOW E-GLASS SYSTEM
DUPLEX SYSTEM
SMART HOME SYSTEM
FINGER PRINT ACCESS SYSTEM
PARTNERS
ZONE
SOMERSET
SOILBUILD
1st Prize
2nd Prize
3rd Prize
CONDOMINIUM LAW
SHOWROOM :
44/A, SAYAR SAN ROAD, BAHAN TOWNSHIP, YANGON, MYANMAR.
09-4202 88025, 09-4253 10993, 09-730 40513, 09-4500 21758, 09-540 7541, 09-2501 41060
OPEN DAILY

THE ILLUSTRA
AT PHO SEIN






အရောင်းပြခန်းနှင့် အခန်းနမူနာ

စုံစမ်းမေးမြန်းရန်

A Prestigious Development By:
PSWN
PSWN Development Company Limited

International Partners
DPA
MEINHARDT
RHLB

Marketing Partner
ERA







သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

IT COMPUTER TRAINING CENTER

ENGLISH | AutoCAD - 3ds Max | VIDEO EDITING | WEB DESIGN | PROGRAMMING

MOBILE PHONE Software + Hardware | LCCI I-II & MYOB | Desktop Publishing | Service Technician | GRAPHIC DESIGN

HOT LINE - 0049290778, 253293, 395353

နိုဘယ် - မြန်မာ စာပေပွဲတော်

NOBEL-MYANMAR LITERARY FESTIVAL (Literature for Peace)

GUSTO

Database Design & Development Course

## မြေကွက်ဝယ်လိုသည်

09 250644566

09 255781353

09 254046497

M.E.E.G

ENGINEERING COMPUTER TRAINING CENTER

AutoCAD/ 3dsMax/ SketchUp/ MicroStation

SolidWorks/ Revit/ Etabs&Safe/ Estimate

## ကွန်ဒို(သစ်)ရောင်းမည်

- စမ်းချောင်းမြို့နယ်၊ ရှင်စောပုဘုရားလမ်း၊
- ပေ(၁၆×၇၅)၊ (1200)Sqft
- ကျွန်းပါကေးပြည့်၊ သံပန်းဆန်းရှိတ်ပြည့်၊
- MBR(1), BR(1), Aircon (3)လုံး
- ဓာတ်လှေကား (Lift)ပါ၊ City Mart(နီး)
- ပြင်ဆင်ပြီး ကွန်ဒိုတိုက်ခန်းသစ်
- ပထမထပ်(၁၉၀၀)သိန်း (ပွဲစားမလို)

ဖုန်း-၀၉၃၀၂၂၅၉၅၈၊ ၀၉-၇၃၁၅၆၄၉၄

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃-သမိုင်း)၊ မြေကွက်အမှတ်(၈/က$^{၁၈-၁ဘီ}$)၊ ဧရိယာ(၀. ၀၆၄)ဧကရှိ အလားအလာအားဖြင့် အရှေ့သို့လားသော်-မြေကွက်အမှတ်-၈/က$^{၁၇}$၊ အနောက်သို့လားသော်-မြေကွက်အမှတ်-၈/က$^{၃၁}$၊ တောင်သို့လားသော်-လမ်း၊ မြောက်သို့လားသော်-မြေကွက်အမှတ်-၈/က$^{၁၈အေ}$လားရာ (၄)ဘက်အတွင်းရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ နဂါးရုံလမ်း၊ အမှတ် (၉၆၀/ခ)ဟုခေါ်တွင်သည့် မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဝယ်ယူပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ခင်စန်းလွင်(ခ)မကြူ [၁၂/မကတ(နိုင်)၀၁၀၄၉၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇေယျာဝင်း LL.B.,D.B.L**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၉၅)**

**အမှတ်(၅၅)၊ အခန်း (၅)၊ ဒု-ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

RIGHT LAW FIRM

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃/ဇေယျာသီရိ)၊ မြေကွက်အမှတ်(၆၅)၊ မြေကွက်တည်နေရာအမှတ်(၁၈၇)၊ ဇေယျာသီရိ(၈)လမ်း၊ ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ် (ဒေါ်ကြည်ကြည်)[၁၂/ဒပန(နိုင်)၀၀၄၇၄၈]၊ (ဦးလှထွန်း)[၁၂/ဒပန(နိုင်)၀၀၃၆၉၇]တို့ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်လှကြည်နှင့် ဦးလှထွန်းတို့အနက်မှ ဒေါ်ခင်ကြည်(မိခင်)နှင့် ဦးကြီးရွှေ(ဖခင်)တို့ ကွယ်လွန်သဖြင့် ၎င်းတို့၏တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်မိုမိုရွှေ[၁၂/အစန(နိုင်)၀၂၇၇၆၄] နှင့် ကျန်ပူးတွဲ အမည်ပေါက် ဦးလှထွန်း(ခင်ပွန်း) ကွယ်လွန်သဖြင့် ၎င်း၏တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်မြညွန့်[၁၂/ဒပန(နိုင်)၀၀၄၁၅၃] မှ ကျမ်းကျိန်လွှာ၊ တိုင်းကျန်းမာရေးဦးစီးဌာနမှ ပြန်စာ၊ ရပ်ကွက်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ထောက်ခံစာတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ်(၁၉၃)၊ မြေကွက်တည်နေရာအမှတ်(၁၉၃)၊ ၅-လမ်း၊ ၁၁-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်တင်အေး၊ ဦးအေးမောင် အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်တင်အေးနှင့်ခင်ပွန်း ဦးရွှေဘထွန်းတို့ ကွယ်လွန်သဖြင့် ဒေါ်ဖြူဖြူအေး[၁၂/ဥကတ(နိုင်)၀၁၅၀၇၈]၊ ဦးမိုးမိုးထွန်း[၁၂/ဥကတ(နိုင်)၀၁၅၀၆၇]၊ ဒေါ်ခိုင်သဇင်ဖြူ[၁၂/ဥကတ(နိုင်)၀၀၁၃၆၇] တို့က သားသမီးများတော်စပ်ကြောင်းနှင့် ကျန်အမည်ပေါက် တစ်ဦးဖြစ်သူ ဦးအေးမောင် ကွယ်လွန်သဖြင့် ဒေါ်သိန်းသိန်းကြည်[၁၂/ရကန(နိုင်)၀၄၉၂၈၀]က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ရန် ပူးတွဲ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ ယာယီအိမ်ရှင်အဖြစ် ဆောင်ရွက်၍ ဆောက်လုပ်ခဲ့သောတိုက်ရှိ ကန်ထရိုက်တာ အကျိုးအမြတ်ရရှိသော တိုက်ခန်းအား ကန်ထရိုက်တာထံမှ တစ်ဆင့်ဝယ်ယူပြီး အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲ၍ စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်း လျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ကန်ထရိုက်တာဦးမြင့်သိန်း [၁၂/ပဘတ(နိုင်) ၀၂၁၉၈၉](မှ) | ဦးဝင်းမင်းသိန်း [၁၂/ဒဂတ(နိုင်) ၀၁၂၀၂၉] | တိုက်အမှတ်(၁၂၃)၊ အခန်းအမှတ် ၆-လွှာ(ဝဲ)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင် |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

ဦးနေဝင်း၏ ဗြဟ္မာဆုပ် ထွက်ပြီ

## ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာစံပြကျေးရွာ(၇)လမ်း၊ မြေကွက်အမှတ်(၁၉၆)ဟုခေါ်တွင်သော မြေကွက်နှင့်ပတ်သက်၍ ၂၇-၉-၂၀၁၄ ရက်ထုတ် သတင်းစာတွင် ဒေါ်ချိုချိုပြုံး၏ အရောင်းအဝယ်ပြုလုပ်ရန် မြေပုံကူးလျှောက်ထားခြင်းအပေါ် ကန့်ကွက်ကြောင်းကြေညာခြင်း

အထက်ပါမြေကွက်အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးခင်မောင်ညွန့်၏ဇနီး ဒေါ်မာလာမှ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်း ကန့်ကွက်ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေမိသားစုသည် လွန်ခဲ့သော (၁၉၉၄)ခုနှစ်တွင် နိုင်ငံတော်မှ နှစ်(၆၀)မြေငှားဂရန်စတင်ချမှတ်ပေးသည့် အချိန်မှစ၍ ခင်ပွန်းဖြစ်သူ ဦးခင်မောင်ညွန့်အမည်ဖြင့် အမည်ပေါက်ပိုင်ဆိုင်လာခဲ့ပြီး လက်ရှိထားစဉ်ဆက်မပြတ် နေထိုင်လာခဲ့သည်မှာ ယနေ့အချိန်အထိ ဖြစ်ပါသည်။

ယင်းမြေကွက်နှင့် ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေနှင့် ခင်ပွန်းတို့မှာ ဒေါ်ချိုချိုပြုံးအား လုံးဝရောင်းချခဲ့ခြင်းမရှိကြောင်း ညွှန်ကြားချက်အရ သိရပါသည်။

နှစ်(၆၀)အမည်ပေါက်ပိုင်ဆိုင်သူ ဦးခင်မောင်ညွန့်မှာ လွန်ခဲ့သော ၁၁-၂-၂၀၁၄ ရက်ကပင် ကွယ်လွန်ခဲ့ပြီးဖြစ်ပါ၍ အမည်ပေါက်ထံက အထူးကိုယ်စားလှယ်စာရသူ ဒေါ်ချိုချိုပြုံးမှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာဖြင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား ကန့်ကွက်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်နွယ်ဦး အထက်တန်းရှေ့နေ(စဉ်-၃၁၉၂၅)**
**အမှတ်(၁၆)၊ ခတ္တာလမ်း၊ ကူကြီးကုန်းရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၁၂၃၅၈၉**

## "အများသိစေရန်"

[illegible]

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ထီးလှိုင်ရှင်အိမ်ရာစီမံကိန်းမှ နှစ်ထပ်လုံးချင်းတိုက်အမှတ်(၁၀-A) အမည်ပေါက် ဦးအောင်မင်း [၁၄/ဝခမ(နိုင်)၀၁၄၄၅၃]ထံမှ စာချုပ် စာတမ်းများဖြင့် တရားဝင်ဝယ်ယူထားသူ ဒေါ်ဝင်းသိင်္ဂီ[၉/မတမ(နိုင်) ၀၇၁၀၂၈]မှ ပိုင်ဆိုင်မှုအမည်ပြောင်းလဲ၍ မြေငှားစာချုပ်ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(စီမံကိန်းဌာနခွဲ)သို့ တင်ပြ ကန့်ကွက်နိုင်ပါသည်။

**စီမံကိန်းဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ထီးလှိုင်ရှင်အိမ်ရာစီမံကိန်းမှ နှစ်ထပ်လုံးချင်းတိုက်အမှတ်(၁၁-A) အမည်ပေါက် ဦးအောင်မင်း[၁၄/ဝခမ(နိုင်)၀၁၄၄၅၃]ထံမှ စာချုပ်စာတမ်းများဖြင့် တရားဝင်ဝယ်ယူထားသူ ဒေါ်ခင်သန်းထွေး[၉/မနမ(နိုင်) ၀၇၇၀၅၄]မှ ပိုင်ဆိုင်မှု အမည်ပြောင်းလဲ၍ မြေငှားစာချုပ်ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (စီမံကိန်းဌာနခွဲ)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။

**စီမံကိန်းဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ထီးလှိုင်ရှင်အိမ်ရာစီမံကိန်းမှ နှစ်ထပ်လုံးချင်းတိုက်အမှတ်(၃၇-B) အမည်ပေါက် ဦးအောင်မင်း[၁၄/ဝခမ(နိုင်)၀၁၄၄၅၃]ထံမှ စာချုပ်စာတမ်းများဖြင့် တရားဝင်ဝယ်ယူထားသူ ဦးစံထွန်းသိန်း [၁၄/ဘကလ(နိုင်)၀၁၄၄၅၃]ထံမှ စာချုပ်စာတမ်းများဖြင့် တရားဝင်ဝယ်ယူထားသူ ဦးစံထွန်းသိန်း [၁၄/ဘကလ(နိုင်)၁၄၀၉၁၉]နှင့် ဒေါ်တင်တင်ဝေ[၁၂/လမတ(နိုင်)၀၂၉၆၉၆] တို့နှစ်ဦးမှ ပိုင်ဆိုင်မှုအမည်ပြောင်းလဲ၍ မြေငှားစာချုပ်ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(စီမံကိန်းဌာနခွဲ)သို့ တင်ပြ ကန့်ကွက်နိုင်ပါသည်။

**စီမံကိန်းဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

[illegible]

ပညာအလင်းပြ

အထူးစာလုံးကြီးပို့စ်ကြီး စာအုပ်ဆိုက်ကြီး (၈ × ၁၂) ဆိုက်

စာမျက်နှာ (၁၆၈) မျက်နှာ၊ ပထမအကြိမ်၊ တန်ဖိုး ၂၀၀၀ ကျပ်

**ပဋ္ဌာန်းပါဠိတော်အသံထွက်**

ဥဒ္ဒေသ (အကျဉ်း)-နိဒ္ဒေသ (အကျယ်)

ထွက်ပြီ

[ဘုယျဘက်ခြမ်းပါဠိ-ညာဘက်ခြမ်းအသံထွက်]

**အများကြည့်ရှုရမြင်ကြည့်ညိုနိုင်ရန်**

မင်္ဂလာဆောင်ဖြန့်ချိရေး - ပညာအလင်းပြစာအုပ်ဆိုင် (The Knowledge Book Shop)

☎ 01 290927, 09 50 28765

ရန်ကုန်မြို့စာအုပ်ဆိုင်များနှင့်နယ်စာအုပ်ဆိုင်များတွင်ဝယ်ယူနိုင်ပါသည်။

→ ဝယ်ရေးပါက နယ်မှ VPP မှာရန် ←

09 25 0026764 09 51 64857

ထွန်းဦးစာပေ ဖုန်း 02-39891 02-72518

နှင်းစာပေ ဖုန်း 02-35267 02-39869



ကြာငါးခိုင်သက်နံ့းတိုက်

50 ရန်ကုန်စီးပွားရေးတက္ကသိုလ်

နှစ်(၅၀)ပြည့် ရွှေရတု အထိမ်းအမှတ်

**ရွှေရတုအမှတ်တရ ပိတ်ဆုံညစာစားပွဲနှင့် ပဒေသာကပွဲ**

နေရာ - MICT Park

သဘာဝ အထူး



အကျိုးဆောင်


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/ရန်ပြေ)၊ မြေကွက်အမှတ်(၄/ခ)၊ မြေကွက်တည်နေရာအမှတ်(၄/ခ)၊ ရန်ပြေ-၂၂လမ်း၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ် ဦးတင်သန်း အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးတင်သန်း(DBN-၀၀၂၀၀၈)မှ ဂရန်မူရင်းပျောက်ဆုံးသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာတင်ပြပြီး ဂရန်မိတ္တူလျှောက်ထားလာရာ ကန့်ကွက်လိုပါက (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၈၉၃/ခ)၊ မြေကွက်တည်နေရာအမှတ်(၈၉၃/ခ)၊ (၂၁)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဦးအောင်ဆန်း) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအောင်ဆန်းထံမှ ပိုင်ဆိုင်စာချုပ်အမှတ်-၂၃၃၂/၂၀၁၄ ဖြင့်ရရှိသူ ဒေါ်ကြူကြူအေး[၁၃/တကန(နိုင်)၀၆၀၇၂၀]ကိုယ်စား အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၁၇၈၃/၁၄)ရရှိသူ ဦးမြတ်မင်းစိုးမိုး[၇/ပခန(နိုင်)၂၂၀၈၉၂]မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိသေးကြောင်းနှင့် ယနေ့တိုင် ပါဝါရုပ်သိမ်းသေးခြင်းမရှိကြောင်းနှင့် ကျမ်းကျိန်လွှာ(၁၂၄/၁၄)တို့ကိုတင်ပြ၍ ဂရန်(မိတ္တူ) လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7G/8656 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## အများသိစေရန် အသိပေးကြော်ငြာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၂)ရပ်ကွက်၊ ရတနာလမ်းရှိ ဟိန္ဒူဘာသာဝင်များ တည်ထားကိုးကွယ်လျက်ရှိသော စရီမသူရဲဝီရန်ဆွာမီ-စရီအန်ဂါလဲအီ(စ်)စရီယမ္မာန်ဘုရားကျောင်း ဂေါပကအဖွဲ့ကို သာသနာရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ တာဝန်ပေးချက်အရ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်မှ ၉-၃-၂၀၁၄ ရက်တွင် ဂေါပကအဖွဲ့ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအတိုင်း ဝတ်ပြုကိုးကွယ်သူများ၏ ဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်ဖွဲ့စည်းပေးခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ လက်ထောက်တိုင်းတရားရုံး(၂)၏ တရားမကြီးမှုအမှတ်-၂၄/၉၄ တွင် ဘုရားကျောင်းဂေါပကအဖွဲ့ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို အတည်ပြုပေးရန်နှင့် ဘုရားကျောင်းပိုင်မြေများနှင့်ပစ္စည်းများကို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေရန် တရားစွဲဆိုခဲ့ရာ တရားရုံးတော်မှ မြွက်ဟကြေညာပေးသည့် စီရင်ချက်နှင့် ဒီကရီရရှိခဲ့ပါသည်။

ဘုရားကျောင်းသာသနာပိုင်မြေအဖြစ် မြွက်ဟကြေညာပေးခဲ့သော မြေကွက်မှာ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄/က၊ မြေကွက်အမှတ်(၁) အတွင်းရှိ ရတနာလမ်းမကြီးပေါ်တွင်

| | | |
|---|---|---|
| အရှေ့လားသော် | - | စွန်းလွန်းဂူကျောင်းလမ်း |
| အနောက်လားသော် | - | ရတနာလမ်း၊ အမှတ်(၂၅)၊ သုဒ္ဒဿန(၁)လမ်း |
| မြောက်လားသော် | - | ရတနာလမ်း |
| တောင်လားသော် | - | ရေကန်နှင့်၎င်း၏ရှေ့တည့်တည့် မျဉ်းဖြောင့်အတိုင်း စွန်းလွန်းဂူ ကျောင်းလမ်းအထိ၊အတွင်းရှိ မြေကွက်နှင့် ပစ္စည်းများဖြစ်ပါသည်။ |

ထိုတရားမကြီးမှုအမှတ်-၂၄/၉၄အမိန့်နှင့် မြွက်ဟဒီကရီတို့မှာ တရားဝင် ယနေ့တိုင်အထိ ဥပဒေအရ အာဏာတည်မြဲလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်အတွင်း ဘုရားကျောင်းဂေါပကအဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်း၊ မြေပုံ၊ မြေရာဇဝင်များ ကူးယူခြင်းမပြုစေရန် သတိပေးတားမြစ် ကြေညာအပ်ပါသည်။ အဆိုပါမြေကွက်နှင့်စပ်လျဉ်းပြီး ဘုရားကျောင်းဂေါပကအဖွဲ့မှ တားမြစ်ထားသည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်းမပြုပါက ဆောင်ရွက်လုပ်ကိုင်ကြသူများ၏ တာဝန်သာဖြစ်ပါကြောင်း လေးနက်စွာ သတိပေးကြေညာအပ်ပါသည်။

**ဂေါပကအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်အရ**
**ဦးချစ်စိန်(ဥက္ကဋ္ဌ)**
**စရီမသူရဲဝီရန်ဆွာမီ-စရီအန်ဂါလဲအီ(စ်)စရီယမ္မာန်**
**ဘုရားကျောင်းဂေါပကအဖွဲ့**

## ကန့်ကွက်နိုင်ပါသည်

[illegible]

"ဘုရားအဆူဆူ နိဗ္ဗာန်ယူသည့် ကုသိနာရုံ မလ္လာရာမ ဝိဟာရ၌ ဒါနမှတ်တိုင် စိုက်ထူနိုင်ပြီ"

[illegible]

ရုံးချုပ်-ဘုန်းကြီးဝိုက်ရှိ ၊ ပြဟ္မဝိဟာရကျောင်း ၊ ... ၊ စမ်းချောင်းမြို့နယ် ၊ ရန်ကုန်။ ဖုန်း - ၀၉၄၄၄၂၀၄၁၇၂



လိပ်ပြာ

သက်နံ့ပိတ်လိပ်

WC 120 Switzerland Cotton

WC 108

(Super Martin)

ဖုန်း- 09 - 510 5503 ၊ 01 - 565 212



ဆွမ်းအုပ်

HIGH CLASS 100% COTTON

(Cotton Martin)

Ph: 09 - 430 28 918


## "ခင်နဒီ" ခရီးသွားဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီ

အကောင်းဆုံးဝန်ဆောင်မှုများကို ခံစားရင်း ခင်နဒီနှင့် ခရီးသွားကြပါစို့ - ပြည်၊ ရွှေတောင်၊ သရေခေတ္တရာ (ရွှေးပျူမြို့ တော်ဟောင်း)၊ အကောက်တောင်ဘုရား၊ ဘုရားစုံဖူးခရီးစဉ်။ Oct 24-26 (၂ ညအိပ် ၃ ရက်ခရီး)

**ဖုန်း-၀၉-၅၁၄၇၇၇၁၊ ၀၉-၃၃၄၉၂၂၀၉၊ ၀၉-၃၃၅၄၅၉၀၉**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၅၀/၄၀၇၃၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
## သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်
## အမှတ် ၄၂၂/၄၂၆၊ ပိုလ်တထောင်ဘုရားလမ်းနှင့် ကမ်းနားလမ်းထောင့်၊
## ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
## (၂၁)ကြိမ်မြောက် အရပ်ရပ်ဆိုင်ရာနှစ်ပတ်လည်အစည်းအဝေး ဖိတ်ကြားစာ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်၏ (၂၁)ကြိမ်မြောက် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည် အစည်းအဝေးကြီးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | ၂၀၁၄ခုနှစ်၊ နိုဝင်ဘာလ(၇)ရက်၊ သောကြာနေ့ |
| ကျင်းပမည့်အချိန် | - | မွန်းလွဲ ၁၃နာရီ |
| ကျင်းပမည့်နေရာ | - | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန(IBC) |
| | - | အမှတ်(၈၈)၊ပြည်လမ်း၊ (၆)မိုင်ခွဲ၊ လှိုင်မြို့နယ်။ |

၂။ သင်းဖွဲ့စည်းမျဉ်းအပိုဒ်(၈၂)အရ ဒါရိုက်တာအဖွဲ့သစ်ကို ရွေးချယ်မည်ဖြစ်ပါ၍ အစုရှယ်ယာစောင်ရေ (၂၀)နှင့်အထက်ဝယ်ယူပြီးသူ "ခ"အစုရှယ်ယာရှင်များအနေဖြင့် ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ရွေးချယ်ခံလိုပါက ဥက္ကဋ္ဌထံလိပ်မူ၍ ၃၀-၁၀-၂၀၁၄ရက်၊ ကြာသပတေးနေ့ ၁၆း၃၀နာရီ နောက်ဆုံးထားပြီး အဆိုပြုလွှာများပေးပို့ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၃။ အရပ်ရပ်ဆိုင်ရာအစည်းအဝေးကြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်၏ လုပ်ငန်းများနှင့်စပ်လျဉ်း၍ အကြံပြုခြင်း၊ မေးမြန်းခြင်းများ ပြုလုပ်လိုပါက စာဖြင့်ရေးသား၍ ၃၀-၁၀-၂၀၁၄ရက်(ကြာသပတေးနေ့) ၁၆း၃၀နာရီနောက်ဆုံး ထားပြီး အထက်ပါလိပ်စာသို့ ပေးပို့ကြပါရန်နှင့် အစည်းအဝေးကြီးတွင် နှုတ်ဖြင့်မေးမြန်းခြင်း၊ အကြံပြုဆွေးနွေးတင်ပြခြင်းများကို ခွင့်ပြုမည်မဟုတ်ကြောင်း၊ ဒါရိုက်တာအဖွဲ့၏ဆုံးဖြတ်ချက်အရ ကြိုတင်အသိပေးအပ်ပါသည်။ ၃၀-၁၀-၂၀၁၄ရက်၊ (ကြာသပတေးနေ့)၊ သတ်မှတ်ချိန်နောက်ပိုင်းရောက်ရှိလာသည့် မေးမြန်းချက်များကို သီးခြားစာဖြင့် ပြန်ကြားပါမည်။

၄။ အစည်းအဝေးကြီးသို့ တက်ရောက်လာသည့်အခါ မိမိ၏အစုရှယ်ယာလက်မှတ်မူရင်းကို တစ်ပါတည်းယူဆောင်လာကြရန် လေးစားစွာပန်ကြားအပ်ပါသည်။

၅။ အစုရှယ်ယာရှင်ကိုယ်တိုင် မတက်ရောက်နိုင်ပါက အခြားအစုရှယ်ယာရှင်တစ်ဦးဦးကို ကိုယ်စားလှယ်အဖြစ် ခန့်ထားတက်ရောက်စေနိုင်ပါသည်။

၆။ အစုရှယ်ယာရှင်တစ်ဦးချင်းထံသို့ နှစ်ပတ်လည်အစည်းအဝေးသို့ တင်သွင်းမည့် ဒါရိုက်တာအဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာကို ဆက်လက်ပေးပို့ပါမည်။

**ဒါရိုက်တာအဖွဲ့**

## အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ အရှေ့ရွှေဂုံတိုင်လမ်း၊ အမှတ်(၂၀၉)ဟုခေါ်တွင်သော (၂)ခန်းတွဲ ပောင်ကောင်ပုံ(၂)ထပ်အဆောက်အအုံ၏ ခေါင်းရင်းဘက်ရှိ ပထမထပ်(ထပ်ခိုးပါပောင်ကောင်ပုံ) တိုက်ခန်းကို ပိုင်ရှင်ဒေါ်ထားရီနှင့် ၎င်း၏ကိုယ်စားလှယ် သမီး ဒေါ်သီရိရှိန်ထံမှ ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေပြီး ဝယ်ယူထားပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စအပေါ် ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမြဟန် B.A(Law).,LL.B,D.B.L.,D.M.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၇၀၁/၈၄)**
**အမှတ်(၅၅)၊ အခန်း(၅)၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

[illegible]

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ မီးသွေးဖုတ်ရပ်ကွက်၊ ဆပ်သွားသော ကျေးရွာအုပ်စု၊ အမှတ်(၂၅၄) ဟု ခေါ်တွင်သော ကွင်းအမှတ်(၅၁၆)၊ ကွင်းအမည် ကျောက်ဖျာတောဦးပိုင်အမှတ် ဧရိယာ($N_8$)၊ မြေလုပ်ကိုင်သူ အမည်ပေါက် ဦးစိန်ရွှေ [၃/ဘအန(နိုင်) ၁၁၇၃၀၅]နှင့် ဒေါ်ခင်ရွှေ [၃/ဘအန(နိုင်)၁၁၇၃၀၆]တို့ကိုယ်တိုင်မှ အိမ်နှင့်ခြံမြေ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိသူဖြစ်ကြောင်း ဝန်ခံကတပြုထားသော ဦးစိန်ရွှေနှင့် ဒေါ်ခင်ရွှေတို့ထံမှ ဦးမင်းမင်းထွန်း [၁၂/စခန (နိုင်)၀၅၅၅၈၆] ဦးနိုင်လင်း [၁၂/စခန(နိုင်)၀၅၅၇၄၀]၊ မနန်းသူဇာ[၁၂/စခန (နိုင်)၀၆၄၁၁၆]တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသဖြင့် အဆိုပါ အိမ်နှင့်မြေအား ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို အထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလှဝင်းစိုး တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၃၈)**
**တိုက်အမှတ်(၂၅)၊ မြေညီ၊ ပန်းတနော်လမ်း၊လင်း/တောင်ရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**